www.burmeseclassic.com

ရွှေပဒေသာစာပေ

# ခေတ်ပျိုဖြါ

ကော်ရှုပ်



(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ ဇွန်လ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - ၁၂၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ ၈၃

ခေတ်ပိုမြို့

ကော်ရပ်/ ခေတ်ပိုမြို့ - ရန်ကုန်

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၂၅၆ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) ကော်ရပ်


# ခေတ်ပိုမြို့

## ကော်ရပ်

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

မြူတွေဝေနေတဲ့ မနက်ခင်းတစ်ခုမှာ

မျက်ရည်တွေနဲ့

နှလုံးသားတစ်ခုကို

အဲဒီနေ့က

သူ

ခလုတ်တိုက်ခဲ့မိတာပါ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဆောင်းမနက်ခင်းတွေမှာ လမ်းလျှောက်ထွက်ရတဲ့ အရသာကို သူ အလွန်နှစ်ခြိုက်သည်။

မြူတွေဝေနေသော ဆောင်းမနက်ခင်းတွေသည် သူ့အား စိတ်ကြည်လင်စေသော ပန်းချီကားတစ်ချပ်ကဲ့သို့ ဝင်။

ကာလနဂါးများဖြစ်သော ယုယနှင့်သုခတို့ကိုတော့ ထုံးစံအတိုင်း အပြင်ကနေ သော့ခတ်ကာ ထောင်ချပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ညလုံး ဒင်းတို့နှစ်ယောက် online က ဆော်တွေနှင့် အငြိ chat နေကြသည်လေ။

သူတို့မှ မမြင်ရတဲ့ ကောင်မလေးတွေကို ဒီ.ဗွီရေး ချော်ခံကြနေကြတာ။

သူကတော့ လက်တွေ့သမား။

ကွန်ပျူတာကို အလုပ်ကိစ္စအတွက်သာ သုံးသည်။ သူ့မှာ account တွေ ဘာတွေလည်းမရှိပါ။

ယုယနှင့်သုခဆိုသည့် အမြွှာညီအစ်ကိုနှစ်ယောက်ကတော့ သူ့ကို သူတို့လိုင်းထဲဝင်ဖို့ မကြာခဏ မဲဆွယ်သော်လည်း သူကတော့ လုံးဝ စိတ်မဝင်စားပေ။

နောက်ဆုံး သူပြောလိုက်သော စကားတစ်ခွန်းနဲ့တင် ဒင်းတို့နှစ်ယောက် ပါးစပ်တွေ ပိတ်သွားခဲ့တော့သည်။

"Internet အခွန်မဆောင်ရတဲ့အခါမှ ငါ ဖွင့်ကြောင်တော့မယ်"

လို့ ပြောလိုက်တာပါ။

အင်း ... အဲဒီအချိန်ရောက်ဖို့ဆိုတာကလည်း။





အင်းယားကန်ဘောင်တစ်လျှောက် နည်းနည်းလေး ပြေးလိုက်တာနှင့် ခန္ဓာကိုယ်တစ်လျှောက် ပူနွေးလာကာ ချွေးတွေပင် စို့လာသည်။

လတ်ဆတ်ကာ ညှော်နံ့ကင်းနေသေးတဲ့ ရန်ကုန်နောက်ခင်း၏ လေနုအေးလေးတွေကို ခါးကိုမတ် လက်ကိုဆန့်တုတ်ပြီး သူ တစ်ဝကြီး ရှူသွင်းလိုက်သည်။

လူရှင်းသောနေရာတစ်ခုတွင် သူ စိတ်အေးလက်အေးနှင့် ခန္ဓာကိုယ်အကြောတွေ ဖြေလျှော့နေမိသည်။

"ဟယ် ... ဘော်ဒီက တောင့်တောင့်၊ ရုပ်က ဖြောင့်ဖြောင့်နဲ့ ရင်ခုန်စရာလေးပါလား"

အသံကြောင့် သူ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။

အသက်အရွယ်မှ အားမနာ တဏှာမီးထတောက်နေသော မျက်ဝန်းတွေနှင့် ကြည့်နေသော လေဒီဖက်တီးနှစ်ယောက်။

ဟူး စိတ်ညစ်စရာပါလား။

www.burmeseclassic.com



“ဟုတ်သားဟယ်၊ ဒီလို အတိုက်လေးနဲ့ ရွှေလတ်တွဲရမယ်ဆိုရင် လက်ရှိဖယားတွေအားလုံးကို ခေါက်၊ ခြေရာဖျောက် ရေနှောက်ပြီး သူလေးရဲ့ရင်ခွင်တျယ်ကြီးထဲမှာ ထာဝရ ပုန်းနေလိုက်ချင်တယ်၊ အဟိ”

ခရမ်းသီးခြောက်လို့ ရှုံ့တွနေတဲ့မျက်နှာကြီးနှင့် လေဒီကြီးက ကနွဲ့ကလျ ပြောပြီး သူ့ကို စိုက်ကြည့်လာပြန်သည်။

သူ စိတ်ရှုပ်သွားရသည်။

ကြာရင်လည်း ဒီထက်ကဲလာတော့မှာ သိတာမို့ သူ ထိုနေရာမှ ထွက်လာခဲ့လိုက်သည်။

လေဒီဖက်တီးနှစ်ယောက်၏တဏှာစက်ကွင်းမှ ပြေးလာခဲ့ပြီး သူ စိတ်လက်ပေါ့ပါးစွာ ကန်ဘောင်စပ်မှာ ထိုင်လိုက်ရင်း …

“ဟူး”

လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။





နုသစ်သော နေရောင်ခြည်လေးထဲတော့ သိမ်မွေ့နူးညံ့သော အပျိုမလေးတစ်ယောက် လမ်းလျှောက်သလို ကမ္ဘာမြေကြီးဆီသို့ ညင်သာစွာ ဝင်ရောက်ခဲ့လေပြီ။

ထိုအချိန်ကလေးမှာပင် –

“ဟင်”

မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် သူ့မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

ရေပြင်နှင့်အနီးကပ်ဆုံးကမ်းစပ်မှာ ကောင်မလေးတစ်ယောက်။

ကမ်းစပ်မှာ ကောင်မလေးတစ်ယောက်ရှိတာမဆန်းပေမယ့် ကောင်မလေး၏ပုံစံကတော့ ထူးဆန်းနေသည်။

သူမ၏လက်အစုံက မကြာခဏ ပါးပြင်ကို ပွတ်သပ်နေကာ ကျောပြင်လေးကလည်း တသိမ့်သိမ့် တုန်ခါနေသည်။

ဒါဆို ဒီကောင်မလေး ငိုနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို လှပအေးချမ်းတဲ့ ဆောင်းမနက်ခင်းလေးမှာ ... သူမလေး အဘယ်ကြောင့် ပူဆွေးလောင်မြိုက်နေရတာ လဲ။

ဘာရယ်မဟုတ် သူ ထိုကောင်မလေးကို ထိုင်ငေး နေမိသည်။

သူမ ငိုနေပုံလေးက ကျိုးခြေမဲ့ ပရမ်းပတာမျိုးလေး လည်း မဟုတ်။

သူဘဝတစ်လျှောက် လူပေါင်းများစွာ ငိုနေတာကို မြင် ဖူးခဲ့သည်။

ဒါပေမဲ့ ဒီကောင်မလေးလောက် ဘယ်သူမှ လှပစွာ ငိုတတ်လိမ့်မည် မဟုတ်ပေ။

သူမ ငိုကြွေးနေပုံလေးက သိမ်မွေ့ကာ ကဗျာဆန် လွန်းနေသည်။

ကန်ရေပြင်ကို ခပ်ဆွေးဆွေးလေး ကြည့်လိုက်၊ တရှုံ့ရှုံ့ငိုလိုက်နှင့် ကမ္ဘာမှာ သူတစ်ယောက်တည်းရှိနေသလို ယူဆကာ ပတ်ဝန်းကျင်ကို မေ့ထားပုံရသည်။





သူမကိုကြည့်ရင်း သူပါ ရောပြီး ဝမ်းနည်းဆို့နင့် လာရသည်။

သူငေးကြည့်နေစဉ်မှာပဲ သူမက tempo တွေမြင့် လာပုံရသည်။

ဒုက္ခပါပဲ။

သူမ ရေထဲတွေ ဘာတွေ ခုန်ချလိုက်ရင် ရုပ်ရှင်တွေ ထဲကလို ဆင်းကယ်ရအောင်ကလည်း သူ ရေမကူးတတ် ပါ။

ပြီးတော့ ... ရေကူးတတ်တယ်ပဲထားပါဦး ဒီလို ဆောင်းတွင်းကြီး ရေထဲဆင်းရမှာ။

အီး။

အတွေးနှင့်ပင် သူ ကျုံ့ဝင်သွားရသည်။ (ခန္ဓာကိုယ်)

သူမကတော့ တော်တော် အရှိန်တက်လာပြီ။

ဒီတော့ ... ခြေလွန်လက်လွန်မဖြစ်ခင် ဘာလုပ်ရ မလဲ။

စဉ်းစားစမ်း။

www.burmeseclassic.com



ဒီမနက်တော့ သူမလေးအတွက် သူရဲဦးနှောက်တွေကို အလုပ်ပေးလိုက်ရသည်။

အိပ်ချင်မူးတူးနှင့် အခုမှ နိုးထလာတဲ့ ဦးနှောက်ဆီမှ အကြံတချို့ ထွက်ကျလာသည်။

ဟုတ်ပြီ။

သိပ်မကြာခင်လေးမှာပဲ သူ ထိုကောင်မလေးအနီး လက်တစ်ကမ်းအကွာသို့ သူ့ခိုးခြေလှမ်းလေးဖြင့် တိုးကပ်သွားလိုက်သည်။

သူမကတော့ သတိထားမိပုံမရ။ သူ့ဖာတ်ရှိန်နှင့်သူ မျောနေတုန်းပင်။

လူတချို့ကတော့ သူ့ကိုတစ်လှည့် ကျောခိုင်းကာ ငိုနေ သော သူမကိုတစ်လှည့်ကြည့်ကာ သူတို့ဘာသာသူတို့ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုသွားကြသည်။

ကိစ္စမရှိ။

လူတစ်ယောက် အသက်ကယ်တာပဲလေ။

"အဟင့် မောင်ရယ် ... မောင်မရှိတဲ့





ဘဝမှာ မှမောင်ထားခဲ့တဲ့ အလွမ်းတွေနဲ့ ကော်ရုပ် မနေချင်တော့ဘူး။ သိလား မောင် ... အဟင့်"

နှပ်တရှုံ့ရှုံ့နှင့် သူမ၏စကားသံကြောင့် သူ အသင့် အနေအထားနှင့် သတိဆွဲထားလိုက်သည်။

အင်း ... အနေအထားကတော့ ဒင်းကလေး သူ့ ကိုယ်သူ တစ်ခုခုလုပ်တော့မယ့်ပုံပဲ။

ကြည့်နေစဉ်မှာပဲ သူမ၏လက်ကလေး လေပေါ် မြောက်တက်လာခဲ့သည်။

သေချာတယ်။

သူမ ရေထဲခုန်ချဖို့အတွက် အရှိန်ယူနေတာပဲ ဖြစ် မယ်။

သူ့ဘက်က တစ်စက္ကန့်လောက်သာ နောက်ကျသွား ရင် ဒီကောင်မလေး ခန္ဓာဆဲသွားနိုင်သည်။

ဒီလောက်လှတဲ့ခန္ဓာလေး ဆဲသွားမှာ နှမြောစရာ။

"ဟာ ... ဟေ့ မလုပ်နဲ့လေ"

ရုတ်တရက် ဆွဲလှည့်လိုက်သော သူ့အားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူမခန္ဓာကိုယ်လေး သူ့ရင်ခွင်ထဲသို့ အလိုက်သင့်လေး လဲပြို လာခဲ့သည်။

ဆန့်ကျင်ဘက်လိင်၏အထိအတွေ့က သူ့ကို တဒင်္ဂ တော့ ထိမ်းမူးသွားလေသည်။

"ရှင် ...ရှင် ...ဘာလုပ်တာလဲ"

သူမက သူ့ရင်ခွင်ထဲကနေ မျက်လုံးလေးအဝိုင်းသား နှင့် မေးလာသည်။

"ခင်ဗျား ခင်ဗျားကရော ဘာလုပ်တာလဲ။
ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တဲ့အမှုက
ထောင်ချလို့ရတယ်နော်"

သူ့စကားအဆုံး သူမက သူ့ရင်ခွင်ထဲကနေ မျက်စောင်းလှလှလေး လှမ်းထိုးသည်။

အခုထိ သူက ထိုင်လျက်သားဖြစ်ပြီး သူမလေးကတော့ သူ့ရင်ခွင်ထဲမှာ ပက်လက်ကလေးပင်။

ခဏကြာမှ သူမက စပြီးရုန်းထသည်။

သူက မလွှတ်ပေးဘဲ ဆက်ဖက်ထားတာမို့ –



"ဟယ် ...ဘာလုပ်တာလဲ၊ လွှတ်လေ"

"မလွှတ်ဘူး။ ကျွန်တော် လွှတ်လိုက်ရင် ခင်ဗျားက ထပ်ပြီး သေကြောင်းကြံစည်နေမှာ ပေါ့"

သူ့စကားကြောင့် သူမက ဒုတိယအကြိမ် မျက်စောင်းထိုးကာ –

"ဘယ်သူက သေကြောင်းကြံစည်နေလို့ လဲ"

"ခင်ဗျား ရေထဲခုန်ချမလို့ ဟန်ပြင်လိုက် တာ ကျွန်တော် မြင်တယ်လေ"

ပြောပြီးမှ သူ ရင်ဘတ်ပေါ်က စေးထန်ပျစ်ချွဲတဲ့ အရည်တွေကို အခုမှ သတိထားမိသွားသည်။

"ဘာ ...ဘာတွေလဲဟ"

သူ့စကားကြောင့် သူမက သူမလက်ထဲမှ လက်ကိုင်ပဝါလေးကို ထောင်ပြသည်။

အားပါးပါး ...လက်ကိုင်ပဝါတစ်ထည်လုံးမှာ

www.burmeseclassic.com



အလားတူ စေးထန်းပျစ်ချွဲသောအရည်များ ပေနေတာပါလား။

နည်းတာမဟုတ်။

သူ ကြည့်ရင်း ပျို့တက်လာရသည်။

သူမကတော့ သူ့ရင်ခွင်ထဲမှ ရုန်းထွက်သွားသည်။

ထိုအခါမှ သူလည်း ဘောင်းဘီအိတ်ကပ်ထဲမှ snow tower တစ်ခုကိုထုတ်ကာ ဖောက်လိုက်ပြီး ရင်ဘတ်ပေါ်က ဟာတွေကို သန့်ရှင်းရေးလုပ်လိုက်သည်။

"ကျွန်မက နှပ်တွေပေနေတဲ့ ဒီလက်ကိုင်ပဝါကို လွှင့်ပစ်မလို့ဟာ..ကို ရှင်က အတင်းကာရော ဝင်ဆွဲတာလေ။ ဟွန့် ...စိတ်ညစ်လို့လာငိုပါတယ်။ အူကြောင်ကြွက်နဲ့ လာတိုးနေတယ်။ ဟူး ...လောကကြီးမှာ စိတ်အေးလက်အေးနဲ့ ငိုလို့ရတဲ့နေရာ တော်တော်ရှားတာပဲ"

အံမယ် ပြောပုံကိုက အဆီအငေါ် မတည့်ပုံများ။

စိတ်အေးလက်အေးငိုလို့ရတဲ့ နေရာတဲ့။





စိတ်အေးလက်အေးနေနိုင်မှတော့ ဘယ်သူက ငိုနေမှာလဲ။

သူ့စိတ်ထဲ တော်တော်လေးချဉ်သလိုရှိလာတာမို့ သူမကို ဘုရှိုးပစ်လိုက်သည်။

မြင်လိုက်ရတာက နေရောင်အောက်တွင် သူမဟာ အရုပ်ကလေးတစ်ရုပ်လို လှပနေသည်။

မျက်နှာလေးက ငိုထားတာမို့ မို့အစ်နေတာ ရွဲမက်စရာကောင်းနေသည်။

ဆံနွယ်ဖြောင့်စင်းစင်းလေးတွေက ကန်ရေပြင်ကို ထိုက်ခတ်လာသော လေနုအေးတချို့ကြောင့် မျောလွင့်နေတာမို့ သူမကို ပိုပြီး ကဗျာဆန်သွားစေသည်။

နှာတံချွန်လေးဟာလည်း ခုထိ နီရဲနေတုန်းပဲ။

ဒီလောက်လှပပြီး ချစ်စရာကောင်းလွန်းတဲ့ အရုပ်လေးကို ဘယ်လိုယောကျ်ားမျိုးကများ ငိုစေခဲ့တာလဲ။

"ဒါ ...ဒါဆို ခင်ဗျား ခုနက ခုန်ချဖို့ ကြံစည်နေတာ မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမက ဂေါက်ရန်ကောဆိုတဲ့ အကြည့်နှင့် တစ်ချက်ကြည့်သည်။

ပြီးမှ –

"ဒီမှာ ချစ်သူကိုလွမ်းလို့ ခံစားရတယ် ဆိုပေမယ့် ကိုယ့်အသက်ကို နိဋ္ဌိတံရလောက်အောင်တော့ ကော်ရုပ်တို့ဦးနှောက်က မကြောင်သေးဘူး"

"ဒါဆိုလည်းပြီးရော၊ ကျွန်တော် သွားတော့မယ်။ ဒါနဲ့ ခင်ဗျားနာမည်က ကော်ရုပ်တဲ့လား။ အဆန်းပဲနော်။ နေတော့ရော store ဆိုင်မှာလား။ super market မှာလား"

သူမ စိတ်ညစ်နေတာ ပေ့ါသွားရလေအောင် သူက အရွှန်းဖောက်မေးလိုက်တော့ သူမက ရွှတည်တည်မျက်နှာလေးနှင့်။

"ကဲ ... ကြွမှာသာကြွပါ၊ လဝကမှာ လုပ်တာထင်တယ်။ စိတ်ညစ်ရတဲ့အထဲ သူက တစ်မျောင့်"



သူ့ကို နှင်ထုတ်နေတဲ့ သူမမျက်နှာလှလှလေးကို ခဏတော့ သူ သတိလက်လွတ် ငေးမိသွားသည်။

အကြည့်နှစ်ခု တဒင်္ဂအဆုံမှာ သူ့ရင်ထဲမှာ အမျိုးအမည်မသိ အရာလေးတစ်ခု ဖြတ်သန်းသွားသလို တုန်ခါသွားတာကိုတော့ ခံစားလိုက်ရသည်။

"ဟဲ့ ... သွားတော့လေ၊ ဘာငေးနေတာလဲ။ ရန်ကုန်မြို့ထဲ လာပြီး တောထဲကတာဇံလို သူများကို အငမ်းမရ လာငေးနေတယ်။ ဘာလဲ မိန်းကလေးချောချော မမြင်ဖူးဘူးလား"

အမ် ... သူမစကားကြောင့် သူ့မျက်နှာ ထူအမ်းသွားရသည်။

သူ ရန်ကုန်မြို့ထဲ သွားရင်းလာရင်း မိန်းကလေးချောချောတွေ တွေ့ဖူးပါသည်။

ဒါပေမဲ့ ... သူ့နှလုံးသားကတော့ အေးဆေးပင်။ သူမနှင့်ကျမှ ဒင်းက ဘာလို့ လှုပ်လှုပ်ရှားရှားလွန့်လာရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုက ပြောတာတောင် နည်းသေး။

"သွားတော့မယ်၊ ဘာပဲဖြစ်ဖြစ် ဆုံခဲ့ကြပြီ ဆိုတော့ မိတ်ဆွေတွေဖြစ်သွားကြပြီပေါ့။ ကျွန်တော့်နာမည်က မင်းကြည်ညိုပါ။ ကျွန်တော်က ဈာနယ်တိုက်တစ်ခုမှာ အယ်ဒီတာလုပ်တယ်။ နောက် လမ်းမှာတွေ့ရင်ခေါ်ပေါ့။ ကျွန်တော်က မာန မကြီးတတ်ပါဘူး"

သူမလေးကတော့ နှုတ်ခမ်းဖူးဖူးလေးကို သွားလေးနှင့် ကိုက်ကာ သူ့ကိုကြည့်နေသည်။

ခင်ဗျား တကယ်လှတယ် ကော်ရုပ်။

ငိုနေရင်လည်းလှတယ်၊ ခပ်တည်တည်နေလည်း လှတယ်။

သူမ ရယ်နေရင်ရော။

မမြင်ဖူးပေမယ့် ရယ်နေရင်လည်း လှမှာပါပဲလို့ သူ တွေးလိုက်မိသည်။

အဲဒီ စတွေ့တဲ့အချိန်ကတည်းက နောက်တစ်ခါ





ဆုံရင် ... သူမကို ရယ်အောင်လုပ်ပေးဖို့ တေးထားလိုက်သည်။

တိတ်ဆိတ်မှုတွေ ဒီထက်ကြာသွားရင် မကောင်းဖြစ်တော့မှာမို့ သူကပဲ –

"သွားပြီ"

ဟု နှုတ်ဆက်ကာ သူမကို ကျောခိုင်းလိုက်သည်။

"ဒီမှာ ခဏ"

သူမ၏တားမြစ်သံကြောင့် သူ ပြန်လှည့်ကြည့်ရင်း ဘာလဲဆိုသည့်သဘောနှင့် မေးဆတ်ပြလိုက်ကာ –

"လိပ်စာကတ်တောင်းမလို့လား၊ ဒါမှမဟုတ် ဖုန်းနံပါတ် ..."

"ဒီမှာ ရှင် ထင်နေတာတွေ စွပ်ပြောမနေနဲ့။ ကျွန်မ ရှင့်ကိုခေါ်တာ ရှင့်လက်ထဲက snow tower လေး ထားခဲ့နိုင် မလားလို့"

"ဘာလဲ ... အမှတ်တရ သိမ်းထားမလို့ လား။ မလုပ်ပါနဲ့ဗျာ။ နှပ်တွေနဲ့ဟာကို"

www.burmeseclassic.com

www.burmeseclassic.com



သူစကားကြောင့် သူမက လျှာရှည်ရန်ကောဆိုတဲ့ အမူအရာနှင့် တစ်ချက်လှမ်းရှိုးသည်။

"ကဲ ပေးခဲ့မှာလား။ မပေးခဲ့ဘူးဆိုရင်တော့ go away"

ဟူး တော်တော်ရင့်တဲ့ကောင်မလေးပဲ။ အေးလေ ... စိတ်ရှုပ်နေတဲ့အချိန်မို့ထင်တယ်။

သူမမျက်နှာလေး ရှုပုတ်နေပုံလေးက ကလေးလေး တစ်ယောက်လို အပြစ်ကင်းနေသည်။

"အင်း ... ပေးခဲ့မယ်လေ။ ဒါပေမဲ့ ကျွန်တော် သိချင်တာလေး မေးလို့ရမလား"

"ဘာလဲ"

"ခင်ဗျားက ဘာလို့ ဒီ tower ကို ကျွန်တော့် ဆီက တောင်းရတာလဲ"

"ဆက်ငိုမလို့ပေါ့။ ငိုတဲ့အခါ နှပ်ညှစ်ဖို့ ကျွန်မမှာ လက်ကိုင်ပဝါမှ မရှိတော့တာ။ ရှင့် tower က အများကြီးညှစ်လို့ ရသေးတယ်လေ။





ရှင်လည်း လွှတ်ပစ်မှာပဲမှလား"

"ဪ"

ဟုသာ သူ ရေရွတ်မိတော့သည်။

မှတ်သားလောက်ပါပေရဲ့။

အင်းယားကန်ရေပြင်၏ ခပ်ဝေးဝေးတစ်နေရာမှာ စောစောက သူမ စွန့်ပစ်လိုက်သော ပဝါလေးကတော့ တရွေ့ရွေ့။

သူမလေးကတော့ ဆက်ငိုပြီး နှပ်တွေ ထုတ်လုပ်ဦး ရည်ဆိုပါလား။

သူတွေးလိုက်မိတာကတော့ သူမငိုတဲ့အခါ မျက် ရည်မထွက်ဘဲ နှပ်ရည်တွေများထွက်သလားဟု။

သူကတော့ မျက်ရည်မမြင်ဘဲ နှပ်တွေသာ မြင် [illegible]

အဲ ... မြင်ရုံတင် ဘယ်ကမလဲ အသုတ်ပါခံခဲ့ရ သည်လေ။

"ကဲ ... ရော့"



www.burmeseclassic.com

www.burmeseclassic.com



သူ tower လေးကို လှမ်းပေးပြီး ထွက်လာခဲ့တော့သည်။

ဒီတစ်ကြိမ် သူမက လှမ်းမခေါ်သလို သူကလည်း လှည့်မကြည့်ဖြစ်တော့ပါ။

အဲဒီနေ့မှစပြီး သူ အရုပ်တစ်ရုပ်၏ပြုစားခြင်းကို ခံခဲ့ရတော့သည်။

ရုံးရောက်ရင်တော့ ဟိုအမြွှာနှစ်ကောင်ကို အရုပ်ဒိုင်ယာရီ ပြောပြရဦးမည်။

ရုံးအထိ အပြန်လမ်းတစ်လျှောက် သူ့နှလုံးသားထဲ တစ် စုံတစ်ရာ နိုးဝင်လာခဲ့သလို နိုးလိုးခုလု ဖြစ်နေခဲ့သည်။

အချစ်ဆိုတာ မခေါ်ဘဲရောက်လာပြီး မနှင်ဘဲ တိတ်တခိုးထွက်သွားတတ်တဲ့ ခပ်ကြောင်ကြောင်ဖီလင်တစ်မျိုးပဲ မဟုတ်လား။

* * *



တကယ်တော့
အလွမ်းဆိုတာ
အချစ်ရဲ့
ဖွားဖက်တော်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အခန်းတံခါးဖွင့်ဝင်လိုက်တော့ ယုယနှင့်သုခ အမြွာနှစ်ကောင်က အိပ်နေတုန်းပင်။

ဪ ... ပြောရဦးမယ်။

ဂျာနယ်အယ်ဒီတာဆိုလို့ အရမ်းအထင်တွေကြီးနေမှာစိုးလို့ပါ။

တကယ်တော့ မင်းကြည်ညိုဆိုတဲ့လူက အယ်ဒီတာတစ်ယောက်ဆိုပေမယ့် လက်ရှိ ပြည်တွင်းမှာသြဇာရှိတဲ့ နိုင်ငံကျော် ဂျာနယ်ကြီးတွေရဲ့ အယ်ဒီတာတော့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဂျာနယ်က အားကစားဂျာနယ်တစ်စောင်ပါ။ ဒီအယ်ဒီတာအလုပ်ကို သူ နယ်ကတက်လာကတည်းက အင်တာဗျူးဖြေပြီး ရထားတာဖြစ်သည်။

အားကစားဂျာနယ်အယ်ဒီတာဆိုတာကလည်း internet ကနေ နာမည်ကျော် website တွေရဲ့သတင်းတွေကို အင်္ဂလိပ်ကနေ မြန်မာလို ဆီလျော်အောင်ပြန်ပြီး ရေးရတာမျိုးပါ။

သူက အင်္ဂလိပ် အနည်းငယ်ကျွမ်းကျင်သူမို့ ဒီအလုပ်က သူ့အတွက် သိပ်မခက်ခဲပေ။

ပြီးတော့ သူက နယ်ကဆိုတော့ နေရေးထိုင်ရေး အဆင်ပြေအောင် အယ်ချုပ် (အယ်ဒီတာချုပ်)က သနားသောအားဖြင့် သူတို့ဂျာနယ်တိုက်တွင် နေခွင့်ပေးထားခဲ့သည်။ စားတာကတော့ ကြုံသလိုပဲပေါ့။

ခက်တာက သူသူငယ်ချင်း လုပ်ဖော်ကိုင်ဖက် အမှာနှစ်ကောင်ပါပဲ။

ဒင်းတို့က ရန်ကုန်မှာနေပြီး အိမ်မပြန်ဘဲ သူနဲ့ပဲ



တိုက်မှာလာနေသည်။

အိမ်မှာနေရတာ နားပူလို့တဲ့လေ။

အယ်ချုပ်ကလည်း ဝန်ထမ်းတွေပဲမို့ သူတို့လာနေတာကို ခွင့်ပြုပေးခဲ့သည်။

"ဟေ့ကောင်တွေ ... ထတော့။ ခဏနေရင် အယ်ချုပ် လာတော့မှာ ထတော့ကွ"

သူခက သူ့ကိုလှုပ်နှိုးနေတာကို မှန်ကွေးနေတယ်များ မှတ်လို့လားမသိဘူး။

"အီး ... အဲ"

နှင့် ပါးစပ်ကလည်း ဘာတွေဝါးနေမှန်းမသိ။

"ပလပ် ပလပ်"

နှင့်ဝါးပြီး ပြန်ငြိမ်သွားပြန်သည်။

ဆင်အစ်တာတက်နင်းရင်တောင် နိုးမည့်ပုံမပေါ်ပေ။

ယုယကို နှိုးတော့လည်း မရ။ ဖင်ကုတ်ခေါင်းကုတ်နှင့် ပြန်အိပ်သွားသည်။

ဟိုကလာမှ ဝရုန်းသုန်းကား လုပ်ကြည်းမည်။

www.burmeseclassic.com



သူကတော့ ညက ဒင်းတို့သောက်ထားသော ဆေးလိပ်တိုတွေပြန့်ကျဲနေသော ဂျာနယ်တွေကို ရှင်းလိုက်သည်။

အားလုံး သေသေသပ်သပ် ဖြစ်သွားတော့မှ ရေချိုးခန်းထဲ ဝင်ခဲ့လိုက်သည်။

ရေချိုးခန်းထဲရောက်တော့ ညာဘက်လက်မောင်းကို စမ်းချင်း တစ်စုံတစ်ယောက်ကို သတိရသွားကာ ပြုံးမိသွားသည်။

သူမလေးအကြောင်း ပိုတွေးလိုက်မိရင် သူ့ရဲ့စိတ်က လွတ်လပ်ပေါ့ပါးကာ ပျော်ရွှင်သွားတာ ဘာကြောင့်များလဲ။

အူမြူးနေတဲ့ သူ့စိတ်တွေကြောင့် ရေချိုးခန်းထဲ သီချင်းအကျယ်ကြီး အော်ဆိုပစ်လိုက်မိသည်။

❋





"မင်းတို့ကောင်တွေကို ငါ ဘယ်မှာသွားသုံးရမလဲ။ ဒီမှာကြည့်စမ်း ... သေးသေးကွေးကွေး အများဆိုရင် ငါ မပြောဘူး။ အခုဟာက ... ကာလာချပ်မှာ တက်မှားတာ။ ရှက်စရာကောင်းလိုက်တာကွာ"

အယ်ချုပ်က သူတို့သုံးယောက်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဒေါသထွက်ကာ အပီတော ဆာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ထားတာလို့ အယ်ချုပ်မျက်နှာကို မမြင်ရ မယ့် အသံကာလာအရ အယ်ချုပ်ဒေါသကို မှန်းဆလို့ရ သည်။

အယ်ချုပ်ကတော့ ပြီးခဲ့တဲ့အပတ်ထုတ် ဂျာနယ် တစ်စောင်ကို ထိုင်ပြီး သူတို့သုံးယောက်နားကို မီးပူတိုက် နေသည်။

ပြဿနာကို စသူက သုခဖြစ်သည်။ အားကစား ဂျာနယ်ဖတ်သူတွေ သိကြမှာပါ။

ကာလာချုပ်ဆိုတာ မျက်နှာဖုံးရယ် နောက်ဆုံး အညှီအဟောက်သတင်းတွေပါတဲ့ အပိုင်းကို ပြောတာပါ။

ကျန်တဲ့စာမျက်နှာတွေက အဖြူအမည်း စာမျက်နှာ တွေ။

အဲဒီအညှီအဟောက်အပိုင်းကို သူနှင့်သုခ မျှဝေ ရတာ ဖြစ်သည်။

ပြဿနာအစက သုခရေးသော်အပိုင်းက စတာ ဖြစ်သည်။





ဘောလုံးနှင့်ရင်းနှီးသူတိုင်း အက်ရှ်လေကိုးလ် (Ashely cole) ကိုတော့ သိကြပါလိမ့်မည်။

အက်ရှ်လေကိုးလ်၏ဇနီးက ချယ်ရီကိုး (Cherry cole) ဖြစ်သည်။

သုခရေးသောသတင်းက ချယ်ရီကိုးက ခင်ပွန်း ဟောင်း အက်ရှ်လေကိုးလ်ကို တမ်းတလွမ်းဆွတ်နေတဲ့ အကြောင်း။

အဲဒီမှာ ဒီကောင် ခေါင်းစဉ်မှာ ရေးချလိုက်တာက-

"အက်ရှ်လေကို တမ်းတလွမ်းဆွတ်နေတဲ့ ချယ်ရီထွန်း" တဲ့လေ။

ပြီးရော ...။

လွဲတာမှ တကယ့်အကြီးကြီး။

အခုတော့ ဒင်းကြောင့် သူတို့ခေါင်းတွေ ဆင်နင်း ခံနေရပြီ။

"ဟေ့ကောင် သုခ ... ပြောစမ်း။ ချယ်ရီ ထွန်းဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အယ်ချုပ်၏ ကောက်ခါင်ကာမေးလိုက်သော မေးခွန်းကြောင့် သုခ ဖင်တစ်ချက် ရှုသွားပုံရသည်။

သူလည်း ရယ်ချင်စိတ်ကို တော်တော်လေး အောင့်ထားလိုက်ရသည်။ ချယ်ရီထွန်းဆိုတာ ဒီကောင့်ရည်းစားလေ။

အခုတော့ သုခ,ခမျာ သူ့အမှားကြောင့် ရည်းစားရဲ့ အက်ရှုလေကိုးလ်ကို ဆက်သလိုက်ရသလို အယ်ချုပ်၏ တော့ဖြုတ်ခြင်းကိုလည်း ခံလိုက်ရရှာသည်။

"နေစမ်းပါဦး ... ကြည်ညိုနဲ့ယုယ၊ မင်းတို့ ဒီကာလာချပ်ကို proof ဖတ်တာမို့လား။ မင်းတို့နှစ်ယောက်ပေါင်း လေးလုံးထဲက တစ်လုံးတလေကမှ ဒီကောင့် မဟာအမှားကြီးကို မြင်တော်မမူကြဘူးလား"

သေစမ်း။

မြားဦးကတော့ ကိုယ့်ဘက်လှည့်လာပြီ။ မဖြေရ ပိုဆိုးဖို့သာရှိတော့မည်မို့။



"ဖတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ ..."

"တော်စမ်းပါကွာ။ ဒီမှာ မင်းတို့တွေ ဒီအမှားဟာ နောက်ဆုံးဖြစ်ပါစေ။ နောက်တစ်ခါ ... စာတစ်လုံးမှားရင် မင်းတို့ လခထဲက ငါးထောင်ဖြတ်မယ်"

"ဗျာ"

သူတို့သုံးယောက်လုံး၏ ဗျာဆိုသောအသံက ထပ်မြိုင်နက်တည်း ထွက်လာသည်။

"မဗျာနဲ့၊ မင်းတို့ကောင်တွေက ရက်စက်မှ ကြေကွဲတဲ့ ကောင်တွေ။ ငါ တကယ်ဖြတ်မှာနော်။ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့"

သေစမ်း။

အခုတောင် လူတန်းစေ့အောင် မနည်းနေနေရတာ

ဒါတောင် တစ်ခါတလေ မိဘတွေဆီက [illegible]မရှိ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဖွေမှာရတာတွေလည်း ရှိခဲ့သည်။

ကိုယ့်အမှားကြောင့် မဟုတ်ပေမယ့် သူ စိတ်ရှုပ်သွားရတာတော့အမှန်ပင်။

"ခွီး"

အယ်ချုပ် ထွက်သွားတော့မှ အီးမှန်ထားသလို ဖြစ်နေတဲ့ သုခမျက်နှာကိုကြည့်ပြီး ယုယက ထရယ်သည်။

"ဟော့ကောင် ဒီလောက် နားကို အထာမြို့ ကျခံထားရတာကို မင်းက ရယ်နေသေးတယ်။ အေးပါ ... ရယ်ထား ရယ်ထား။ ကိုယ့်အလှည့် ကျလည်း ရယ်နိုင်အောင် လုပ်ထားနော်"

သုခက မကျေမချမ်းနှင့် ရေရွတ်သည်။

မျက်နှာလည်း မသစ်ရသေးတာမို့ သုခမျက်နှာက အဆီပြန်နေသော ဝက်သိုးကြီးတစ်ကောင်လို စုပုပ်နေသည်။

"သုခ မင်းရည်းစားချယ်ရီထွန်းက မင်းကို သတိမရဘဲ ဘာလို့ အက်ရှ်လေကိုးလ်ကို သွား သတိရနေလဲ မသိဘူးကွ ... နော် ဟီး ဟီး"





ယုယကတော့ တောက်လျှောက်ကို စနေတော့သည်။

"သုခ ဟုတ်သားပဲကွာ။ မင်းကလည်း လွဲတာမှ အကြီးကြီးလွဲတာ။ မင်းကိုစိတ်ချလို့ ငါက မင်းအပိုင်းကို proof မစစ်ဘဲ လွှတ်လိုက်တာလေ။ ခုတော့ကွာ"

သူကပါ ဝင်ပြောတော့ သုခ တွေတွေလေး ငြိမ်ကျသွားသည်။

ပြောပြီးတော့မှ သူ သတိရသွားသည်။ ဒီကောင် အခုတလော သူ့ရည်းစားချယ်ရီထွန်းနှင့် အဆင်မပြေဖြစ်နေတာကို သူတို့သိထားတာမို့ စိတ်မကောင်းဖြစ်သွားရသည်။

အေးလေ .. ရည်းစားနဲ့အဆင်မပြေတော့ ဒီကောင် စိတ်တွေ ရှုပ်နေမှာပေါ့။

"ကဲပါကွာ ... သွား သွား မင်းတို့နှစ်ယောက် ခုံဖိနပ်တွေ ဆေးသွားသုတ်တော့။ ပြီးရင် ဖီးတီးသွားခွဲမယ်။ မင်းတို့ကို story တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိတယ်''

''ဘာ story လဲကွ''

''မင်းတို့သာ မြန်မြန်လုပ်ပါကွာ။ လက်ဖက်ရည်ဆိုင်ရောက်ရင် ပြောပြပါ့မယ်''

''မင်း story ကို ငါတို့က နားထောင်ပေးရမှာဆိုတော့ မင်းတိုက်ရမှာနော်။ ငါတို့နားတွေက စောစောလေးတင် မီးကျွမ်းထားတာဆိုတော့''

အရေးထဲ ယုယက လျှာရှည်နေတာမို့။

''အေးပါကွာ ...ငါ တိုက်ပါ့မယ်''

ဆိုပြီး ရေချိုးခန်းထဲသို့ အတင်းသွားခိုင်းရသည်။

❋





လက်ဖက်ရည်ဆိုင်ရောက်တော့ သူပြောတဲ့ story လေး ကို ယုယရော သုခပါ စိတ်ဝင်တစား နားထောင်ကြသည်။

ပတ်ဝန်းကျင်တွင် ဆောင်းလေကလည်း အေးမြစွာ ကျီစယ်နှမ်းလေး တိုက်ခတ်နေသည်။

''အဲဒါပဲကွာ၊ အဲဒီကော်ရှပ်ဆိုတဲ့ ကောင်မလေးကို တွေ့လိုက်ရတဲ့အချိန်မှာ ငါ့စိတ်တွေ အညို့ခံလိုက်ရသလိုပဲ။ ငါ့ဘဝမှာ အဲလို တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဖူးဘူးကွ။ သူနဲ့ဆုံတဲ့အချိန်လေးမှာ အပြင်က ရာသီဥတုက ချမ်းအေးနေပေမယ့် ငါ့ရင်ထဲမှာတော့ ရေပူစမ်းလေးတစ်ခုလို နွေးမြနေတယ်ကွ''

သူ့စကားဆုံးတော့ ယုယက စီးကရက်တစ်လိပ်ကို မီးညှိရင်း –

''မင်းပြောပုံအရဆိုရင် ကောင်မလေးမှာ ရည်းစားရှိပြီးသားပေါ့။ ကြည်ညိုရာ မင်းနှလုံးသားကလည်း မခုန်တော့လည်း မခုန်ဘူး။ ခုန်မယ့်ခုန်တော့လည်း လွတ်အောင်မခုန်ဘူး။ ခေါက်ထားလိုက်စမ်းပါကွာ။ ဟောဒီလှည်းတန်းမှာ အလန်းလေးတွေမှ ပေါလို့။ မင်း ရှုပါနဲ့ဖျူဟာခင်းလိုက်ရင် သုံးမိနစ်တောင် မစောင့်ရပါဘူးကွာ''

ယုယက ပြောနေရင်းမှ ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော ရောင်စုံကောင်မလေးများကို မျက်စိအစာ





ကျွေးနေသည်။

သူ့မှာသာ ဒီကောင့်စကားတွေကြောင့် ဖရိုဖရဲဖြစ်သွားသော စိတ်ခံစားတွေကို မနည်းလိုက်စုနေရသည်။

ပျက်ယွင်းနေတဲ့ သူ့မျက်နှာကို သုခက ရိပ်မိသွားတာ –

''အဲလိုပြောလို့တော့ မရဘူး ယုယရ။ ဖူးစာလူးလာရင် ဒူးကာလို့တောင် မရဘူးဆိုတဲ့စကားပုံတော့ ရှိသေးတာပဲ။ ချောတိုင်း လှတိုင်းသာ ချစ်လို့ရရင် အသည်းကွဲတယ်ဆိုတဲ့ဝေါဟာရက ရန်ကုန်ကနေ တောရောက်သွားမှာပေါ့ကွ။ ပြီးတော့ ကြည်ညိုပြောပုံအရဆိုရင် ကောင်မလေးငိုနေတာဟာ သူ့ ရည်းစားနဲ့စကားများရုံလောက်နဲ့တော့ ရန်ကုန်သူတွေ မငိုလောက်ဘူး။ ဘာပဲဖြစ်ဖြစ် မသေချာတဲ့ အခြေအနေတစ်ခုကြောင့်တော့ ငါ့ကောင် ကြည်ညိုကြီးရဲ့ ပထမဆုံးရင်ခုန်သံကို ဖျောက်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



မပစ်သင့်ဘူးလို့ ငါတော့ထင်တယ်"

သုခ၏စကားကြောင့် သူ့စိတ်ဓာတ်တွေ ခွန်အား ဖြန့်ရလာသည်။

"မင်းကရော ကြည်ညို ... အဲဒီကောင်မလေးရဲ့လိပ်စာတို့ ဖုန်းနံပါတ်တို့ ဘာမှမသိခဲ့ရဘူး လား"

သုခအမေးကို သူ သက်ပြင်းကျိတ်ချလိုက်ရင်း –

"အေးကွာ ... ငါလည်း ရင်ခုန်ပြီး သူ့ကိုပဲ ငေးနေမိခဲ့တာ။ အဲဒါတွေ တစ်ခုမှ မမေးလိုက်ရဘူး။ အခုမှ ပထမဆုံး စတွေ့တာဆိုတော့လည်း မေးလို့လည်းမကောင်းဘူးလေကွာ။ ဘာပဲဖြစ်ဖြစ် ငါကတော့ စိတ်ထဲမှာ သူနဲ့ထင်ဆုံရဦးမယ်လို့ ထင်နေတယ်ကွ"

ထိုနေ့တစ်နေ့လုံး အလုပ်လုပ်ရတာ စိတ်မပါလက်မပါ ဖြစ်နေသည်။

အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရရင်လည်း





တာဝန်တစ်ခုကို ရင်ထဲထည့်ထားဖြစ်သည်။

ထိုတာဝန်ကတော့ ပတ်ဝန်းကျင်က ကောင်မလေးတွေကို ကော်ရုပ်လေးများလားဆိုပြီး အမြဲတမ်း စေ့စေ့ကြည့်မိခြင်းပါပဲ။

အရင်က ဘယ်ကောင်မလေးကိုမှ စေ့စေ့မကြည့်တတ်တဲ့သူဟာ အခုတော့ ခေတ်မီအဆင်အပြင်နှင့် ကောင်မလေးအုပ်စုတွေ မြင်ရတိုင်း သူမလေလား ရှာဖွေတတ်ခဲ့ပြီ။

ညဆိုရင်လည်း အိပ်မရဘဲ ကောင်းကင်ထက်က လကွေးလေးကိုငေးရင်း ငိုနေသောအရုပ်လေးတစ်ရုပ်ကို ကြယ်တွေကြားမှာ တွေ့လိုက်သလို ထင်နေမိသည်။

ခက်တော့ခက်နေပြီ။ ငါ ဘာဆက်လုပ်ရမလဲ အရုပ်လေးရယ်။

*

www.burmeseclassic.com

www.burmeseclassic.com



Computer sceen ပေါ်တွင် တိတ်ဆိတ်နေသော မောင့်ရဲ့ account လေးကိုငေးရင်း သူမ သက်ပြင်းခပ်ဖွဖွ လေး ချလိုက်မိသည်။

“မောင်ရယ် ... နေနိုင်လိုက်တာ။ ကော်ရုပ် ကို မေ့ပြီး ဂျပန်မှာ ပျော်နေပြီထင်ရဲ့”

သူမကတော့ ဒီမြို့မှာ မောင်ထားရစ်ခဲ့တဲ့ အလွမ်း တွေကို နှစ်မြို့စွာ သောက်သုံးရင်း နွေညတွေကို ပင်ပန်း ကြီးစွာ ဖြတ်သန်းနေရသည်။



“လွမ်းတယ် မောင်ရယ်”

“ဟဲ့ကော်ရုပ် ... ရှင် မအိပ်သေးဘူးလား။ ရှင့်ရောဂါကလည်း မသေးဘူးနော်။ သူရဲဘော ကြောင်တဲ့ ယောကျ်ားတစ်ယောက်ကို အဲဒီ လောက်လွမ်းမနေစမ်းပါနဲ့ဟာ”

မျက်နှာသစ်ပြီး အခန်းထဲဝင်လာသော ရွှေရည်က မျက်နှာကရေတွေကို မျက်နှာသုတ်ပဝါနှင့်သုတ်ရင်း လှမ်း ပြောသည်။

ရွှေရည်နှင့်သူမက ငယ်သူငယ်ချင်းတွေ။ မိဘ မရှိ တစ်ကောင်ကြွက်တွေမို့ ရထားသောအမွေတွေကို နှစ် ယောက်ပေါင်းကာ beauty sloon တစ်ခု စပ်တူဖွင့်ထား သည်။

ညီအစ်မတွေလိုပဲ ချစ်တာမို့ သူမနှင့် မောင့်ရဲ့ဇာတ် လမ်းကို ရွှေရည်က အားလုံးသိထားသည်။

“ကျုပ် မောင့်ကို ဘယ်လိုမေ့လိုရပါ့မလဲ ရွှေရည်ရယ်။ ပြီးတော့ ... မောင့်ကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ယုံတယ်။ မောင်ဟာ ကျဉ်းကျပ်တဲ့ အခြေအနေ တစ်ခုကြောင့်သာ ကျုပ်ကို မဆက်သွယ်သေး တာပါဟယ်။ မောင့်အကြောင်းကို ရှင်လည်း ဘီသားနဲ့ဟာ။ မောင်က မိဘစကား နားထောင် သူလေ"

"အေး ... ကျုပ်ကြားဖူးတာတစ်ခုကတော့ မိဘစကား နားထောင်တဲ့သူတွေဟာ အချစ် အတွက်တော့ သူရဲဘောကြောင်တတ်တယ်တဲ့။ အရင်ကတည်းက ရှင့်ကို သူ ဦးစားပေးခဲ့ဖူး လို့လား"

"ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် မောင့်ကို အရမ်းချစ် ဘယ်ဟယ်"

သူမစကားဆုံးတော့ ရွှေရည်က စိတ်ပျက်လက်ပျက် နှင့် ခေါင်းခါရင်း သူမကို နောက်ဆုံးသေခါနီး လက်လျှော့ လိုက်ရသော လူမမာကိုကြည့်သလို ကြည့်လာသည်။

မတတ်နိုင်။



ကြည့်ချင်သလိုသာ ကြည့်ကြပေတော့။

"ကျုပ်ယုံထားတယ်သိလား။ မောင် တစ်နေ့ ကျုပ်ဆီကို ပြန်လာလိမ့်မယ်လို့။ မောင်က ကျုပ် ကို သိပ်ချစ်တာဟ"

ထိုအချိန်မှာပဲ ရွှေရည်က မှန်တင်ခုံရှေ့ထိုင်ကာ night cream မျက်နှာပေါ်လိမ်းနေသည်။

"ဟဲ့ ကော်ရှပ် ... ဒီမှန်တင်ခုံပေါ်က tower ကြီးက နပ်တွေသုတ်ထားတဲ့ဟာကြီး မဟုတ်လား။ ရှင် လွှတ်မပစ်ဘဲ ဘာလုပ်ထားတာလဲ"

သူမ ထို tower လေးကိုကိုင်ရင်း ရုတ်တရက် အကြောင်းကြွက်လေးတစ်ကောင်ကို သတိရသွားသည်။

သူမ ပြုံးလိုက်မိသည်ထင်ရဲ့။

"ဟဲ့ ... နပ်ပေနေတဲ့ tower ကြီးကို ကြည့်ပြီး ဘာလို့ ပြုံးနေတာလဲ"

"အင်း ... ကျုပ်လူတစ်ယောက်ကို မြင် ယောင်ပြီး ပြုံးလိုက်မိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ဘယ်ကလှလဲ။ ဒီနှပ်ပေ tower နဲ့ ဘယ်လို ပတ်သက်လို့လဲ"

"ဒီလိုဟ"

ရွှေရည်တစ်ယောက်တော့ သူမ ပြောသော ဇာတ်လမ်းလေးကို စိတ်ဝင်တစား နားထောင်ရှာသည်။

ပြတင်းတံခါးဝမှ မြင်နေရသော ကြယ်လေးတွေကတော့ ကဗျာဆန်ဆန် တလက်လက် တောက်ပနေသည်။

"ဟဲ့ ကော်ရှပ် ... ရှင်ပြောပုံအရဆိုရင် ဇာတ်လမ်းအဖွင့်လေးကတော့ အမိုက်စားပွဲဟ။ ဒါပေမဲ့ ... ရှင် သူ့ကို နှပ်တွေနဲ့ သုတ်လိုက်တာတော့ ဆိုးတယ်"

"အာ ... ကျုပ်က တမင်လုပ်လိုက်တာမှ မဟုတ်တာ"

"ပြီးတော့ ဘာဆက်ဖြစ်သေးလဲ"

အရေးထဲ ရွှေရည်က မအိပ်သေးဘဲ ဇာတ်လမ်းထပ်ဆက်ခိုင်းနေသည်။



"ပြီးပြီလေ ... အဲဒါပဲ။ ရှင်လည်း အိပ်တော့၊ ကျုပ်လည်း အိပ်တော့မယ်"

"ဟဲ့ ဟဲ့ ... နေဦးလေ။ အရေးကြီးတာ မေးမလို့၊ သူက ချောလားဟင်"

ရွှေရည့်အမေးကြောင့် သူမမျက်ဝန်းထဲ သူ့ပုံရိပ်လေး တိုးဝင်လာပြန်သည်။

သူမ ထပ်ပြုံးမိသွားပြန်သည်။

ဘာပဲဖြစ်ဖြစ် အဲဒီအကြောင်းကြွက်လေးဟာ အလွမ်းဆုံးနှင့်မောင့်ကို သတိရပြီး ငိုင်နေတတ်သော သူမစိတ်တွေကို တခဏတော့ ပျော့ပါးစေတာအမှန်။

ဘာပဲပြောပြော အဲဒီတခဏလေးအတွက်တော့ ကျေးဇူး။

"ဟဲ့ ... မေးတာမဖြေဘဲ ဘာလို့ပြုံးပြီး ငြိမ်နေတာလဲ"

"ဩော် ... သူက ချောတော့ချောပါတယ်။ ဒါပေမဲ့ ... မောင့်ကိုတော့မမီဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အရှုံးမ ... နောက်ဆုံးတော့ ဒါပဲ"

ရွှေရည်ကပြောပြီး တစ်ဖက်လူညာကာ အိပ်သွားသည်။

သူမမှာတော့ computer screen ပေါ်က မောင့်ရဲ့ accont လေးကို နောက်ဆုံးတစ်ချက်ကြည့်လိုက်ပြီး -

"good night မောင်"

ဟု နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့လိုက်သည်။

အိပ်မက်ထဲ လာခဲ့ပါ မောင်ရယ်။

လွမ်းလွန်းလို့ပါ။

❋ ❋ ❋

ချစ်သူမသိအောင် ထွေးပိုက်ထားရတဲ့

ချစ်ခြင်းတွေကြောင့်

တစ်ခါတလေတော့

လက်ပန်းကျချင်လာတယ်။

အချိန်တိုလေးအတွင်း

တိုးပွားလာတဲ့ ငါ့အချစ်တွေကို

ချစ်သူ တစ်ဝက်လောက်

ဝေမျှ ထွေးပိုက်ထားပေးပါလား။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ဆောင်းနေက မညှာမတာ ပူလောင်နေပြန်သည်။

ဒီလို ပူလောင်အိုက်စပ်သောရာသီအချိန်အခါမှာ Bus သာ ကျပ်ရင်တော့ သေပြီပဲဟု သူ တွေးလိုက်မိသည်။

မှတ်တိုင်ရောက်တော့ ဟူးခနဲ သက်ပြင်းချကာ ရှုးကခွေ့း ခြေမ,မကျအောင်သုတ်လိုက်မိသည်။

မြို့ထဲ ၃၂-လမ်းက ကိုယ်စားလှယ်တစ်ယောက် ဆီမှာ အယ်ချုပ်က ပိုက်ဆံသွားသိမ်းခိုင်းတာမို့ ပိုက်ဆံ သိမ်းပြီး ပြန်လာတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူစောင့်နေသော bus ရောက်လာတော့ သူ ကားပေါ်တက်လိုက်သည်။

အားလားလား။ ကားထဲရောက်တော့ ကျပ်လိုက်သည့်လူတွေ။

"အစ်ကိုလေး ... ဟိုးနောက်မှာ အချောင်ကြီး။ အထဲတိုး သွားလိုက်"

ပြောပြီး စပယ်ယာက သူ့ကို အထဲစွတ်တိုးခိုင်းသည်။

ကားက ကျပ်ညပ်နေတာမို့ သူ့ခြေထောက်တွေ ကြမ်းပြင်နှင့်ပင် မထိဟု ထင်ရသည်။

ခေါင်းကိုလည်း မော့ထားရသေးသည်။ မော့မထားလို့မှ မရတာ။

ရှေ့က မဒီချောတစ်ယောက်ရဲ့ဆံနွယ်တွေက သူ့နှာဖျားကို လာပြီး ကလူကျီစယ်နေတာကိုး။

ထိုမဒီလေးကတော့ သိပုံမရပေ။

သူ့မှာသာ ထိုကလူကျီစယ်လာသောဆံနွယ်တွေကို





မနည်းရှောင်တိမ်းနေရသည်။

ယားကျိကျိနှင့် အတော်ခံစားရခက်နေသည်။

"လာ လာ ... ကားက အချောင်ကြီးရယ်။ ကျပ်ချင်ယောင်ဆောင်နေတာ"

စပယ်ယာလေးကလည်း တာဝန်ကျေစွာ ထမ်းဆောင်နေသည်။

ဩော် ... ငါ့နယ် ဒီကား စီးမိတာမှားပြီ။

ချွေးတွေကလည်း အလုံးလိုက် ကျလာသည်။

အဲဒီအချိန်မှာပဲ အလိုက်ကမ်းဆိုးမသိတဲ့ ဖီးကင်းခန့် ချွေးတစ်စက်က သူ့ရှေ့က ကလူကျီစယ်နေသော ဆံနွယ်ရှင်ရဲ့ ပခုံးနှင့် ကုပ်ပိုးစပ်လောက်ကို ခုန်ဆင်းသွားသည်။

သူမကတော့ သူ့ကို မျက်စောင်းတစ်ချက်ထိုးပြီး လှည့် ကြည့်လာသည်။

သူ့မှာသာ လခထုတ်ရက် မယားက လင်ကို မျက်နှာချိုသွေးသလို သွားအဖြဲသားလေးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"Sorry နော်"

ဟုပြောလိုက်ရသည်။

တော်ပါသေးရဲ့။

ကားက မှတ်တိုင်တစ်ခုအရောက်တွင် လူအဆင်းများပြီး ချောင်သွားသည်။

ဆံနွယ်ရှင်လေးလည်း ထိုင်ခုံရသွားသည်။ ဒါပေမဲ့ . . . ကိစ္စက မပြီးသေးပေ။

"ဒီမှာ"

ဆံနွယ်ရှင်လေးက ရုတ်တရက် လှမ်းခေါ်သည်။

"ခင်ဗျာ"

"ရှင့်မျက်နှာပေါ်က ချွေးတွေကို သုတ်လိုက်ဦး။ တော်ကြာ ကျွန်မမျက်နှာပေါ် ထပ်ကျလာဦးမယ်"

"ဟုတ် . . . ဟုတ်ကဲ့"

သောစမ်း။

သူမ ပြောတာလည်း မလွန်ပါ။





လက်ရှိ သူမ ထိုင်နေတဲ့ခုံဘေးမှာ သူက မတ်တတ်ဆိုတော့ သူ့ရှိန်ကို သူကာကွယ်ပေးမပေါ့။

ပြီးတော့ သူ့ချွေးတွေကလည်း မေးစေ့နားမှာ တွဲခိုနေကြပြီလေ။

အိတ်ထဲက tower တစ်ထုပ်ဖောက်ပြီး မျက်နှာကို ဖဝါနှင့်သေချာသုတ်လိုက်သည်။

ပြဿနာကတော့ စတော့တာပဲ။

"ဗြဲ ဗြဲ ဗြဲ"

"အောင်မယ်လေးဗျ"

"ဟယ် . . . ရှင် မိုက်ရိုင်းလှချည်လား"

ဒီလိုပါ . . .

သူ့ ဖုန်းကို vibration ပေးထားတာမို့ ဘောင်းဘီအိတ်ထဲမှာ ထည့်ထားတဲ့ ဖုန်းက တုန်ခါမှုကြောင့် သူ လန့်သွားရသည်။

Vibration ကြောင့် လန့်သွားသောသူက ခါကော့သွားကာ ထိုင်ခုံမှာထိုင်နေသော ဆံနွယ်ရှင်ရဲ့မျက်နှာကို။



www.burmeseclassic.com

www.burmeseclassic.com



ရှက်လိုက်တာ။

ကားပေါ်က ဆင်းပြေးချင်စိတ်တောင် ပေါက်တယ်။

"ကန်တော့ . . . အဲ ဘွာတေး။ Sorry ပါဗျာ။ နော်"

လူတစ်ကိုယ်လုံးလည်း ရှက်စိတ်ကြောင့် ထူပူနေသည်။

ဟူး . . . တကယ့်ပြဿဒါးနေ့စစ်စစ်ပဲ။

"ဘယ်လိုလူနဲ့ လာတိုးနေတယ်မသိဘူး။ တောက်"

"ဗျာ"

"ဖယ်ပါဆို"

သူ တော်တော်အားနာသွားသည်။

သူ့ကြောင့် သူမ ထိုနေရာမှ ဖယ်ခွာမသွားစေချင်တာမို့ မျက်နှာငယ်လေးနှင့် ဆံနွယ်ရှင်ကို တောင်းပန်မိသည်။

"ကျွန်တော့်ကြောင့်တော့ ထိုင်ခုံနေရာက





မထပါနဲ့ဗျာ။ ကျွန်တော် ဒီနားကနေ သွားပါ့မယ်"

ထိုအချိန်မှာပဲ စိုက်ပျိုးရေးမှတ်တိုင်တစ်ခုကို ဆင်နေပါပြီ။

"ဩော် . . . ဖယ်ပါ မိကျောင်းသားရယ်။ လျှာရှည်လိုက်တာ။ ကျွန်မဆင်းရမှာ ဒီမှတ်တိုင်ရှင့်။ ရှင့်ကြောင့် မှတ်တိုင်ကျော်တော့မှာပဲ"

"ဗျာ"

ကားက ဘီးလိမ့်စပင်ပြုနေပြီ။

"ဟိုးထား . . . ဟိုးထား။ ဒီမှာ တစ်ယောက် ဆင်းဦးမှာ"

သူ့စကားကြောင့် စပယ်ယာက မျက်စောင်းထိုးရင်း-

"မှတ်တိုင်ပါရင် ကြိုထွက်ထားမှပေါ့ဗျ။ မခွဲနိုင်ရင်လည်း အိမ်အထိသာ လိုက်သွားတော့"

လွဲပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမရဲ့ချိုင့်တွေထည့်ထားတဲ့ ဆွဲခြင်းလေးကို သူမ ထ,ရတာလွယ်ကူအောင် ကိုင်ပေးထားတာကို ... ကိုရွှေစပယ်ယာက ထင်ချင်တာထင်ပြီး ပြောချင်တာပြောနေသည်။

ဘာမှတော့သူ ပြန်မပြောမိ။

အဟဲ ... ကိုယ်ကယောက်ျားပဲ။

ဆံနွယ်ရှင်ကတော့ အပြီးသတ် မျက်စောင်းထိုးပြီး ထွက်သွားသည်။

ဆံနွယ်ရှင်ထွက်သွား၍ လွတ်နေသောထိုင်ခုံတွင် သူ ဝင်ထိုင်လိုက်သည်။

လေနုအေးလေးတွေကြောင့် အပူတွေ လျော့သွားတာ ချွေးတွေတိတ်သွားသည်။

ထိုအချိန်မှာပဲ ခုနက ပြဿနာကြောင့် မကိုင်လိုက်ရတဲ့ဖုန်းက vibration နှင့်အတူ ကဆုန်ပေါက်ဝင်ရောက်လာခဲ့သည်။

ဒင်း ... ဒင်းကြောင့်။





ဟွန်း။

နံပါတ်ကြည့်လိုက်တော့ အယ်ချုပ်ဆီကဖြစ်သည်။

ဘုရား ... ဘုရား။

"ဟယ်လို"

"ဟိတ်ကောင် ... ခုနက ငါ့ဖုန်းကို ဘာလို့မကိုင်တာလဲကွ"

ဒေါသကုမ္ပာရ အယ်ချုပ်၏အသံက စူးရှစွာ တိုးဝင်လာသည်။

အယ်ချုပ်က တကယ်မလွယ်။

သူ စိတ်ကြည်နေချိန်မှာ ဘာမဟုတ်တာလေးကို အမှားကြီးလောက် ချီးကျူးတတ်သလို စိတ်မကြည်လင်ဘူးဆိုရင်လည်း အီးပေါက်တာတောင် လေထုညစ်ညမ်းအောင် လုပ်တဲ့ကောင်ဆိုပြီး တော့ဖြုတ်တော့တာလေ။

သူမိန်းမနဲ့ကွဲခြင်တက်လာတဲ့နေ့ဆိုရင်တော့ သူ့လက်အောက်က အယ်ဒီတာပိစိ ကျွန်တော်တို့မှာ နေစရာပင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်"

"သြော် ... ခုနက ကျွန်တော် ကားပေါ်ရောက်နေတာ ဘယ်လိုမှကိုင်လို့မရလို့"

"အခုရော ... ဘယ်မှာလဲ"

"ကားပေါ်မှာပဲလေ"

"ကြည့်ညို ... မင်း ငါ့ကို နောက်နေတာလား"

စပြီ။ အခြေအနေမကောင်းဘူး။

"ဟို ... ခုနက ကားအရမ်းကျပ်နေတာ အစ်ကို။ တစ်ချိန်လုံး မတ်တတ်ရပ်နေရတာ။ အခုမှ ထိုင်ခုံလေးရလို့"

"ရုံးကို တန်းတန်းမတ်မတ်ပြန်လာခဲ့"

"ဟုတ် ... အား"

အသည်းနိုက်မတတ် နာကျင်မှုက သူ့ခြေချောင်းလေးမှတစ်ဆင့် ခံစားလိုက်ရသည်။

"တောက်"



"ဟင် ... မင်း"

ဒေါသနှင့်အတူ မြင်လိုက်ရသူက –

"ကော်ရုပ်"

အထုပ်အပိုးတွေ မနိုင်မနင်းနှင့် မြေနီကုန်းမှတ်တိုင်တွင် တက်လာသော သူမနှင့်သူ၏ဆုံဆည်းမှုက ဆန်းသည်။

သူမ စီးထားသော ဟိုက်(လ်)ဟီးဖိနပ်မြင့်ကြီးက သူ့ခြေချောင်းလေးကို စနစ်တကျ တက်နင်းလိုက်တာပင်။

"အယ် ... ကန်တော့နော်၊ အရမ်းနာသွားလား။ ဟင် ... ရှင်က အူကြောင်ကြွက်"

"နာဘူး ... နာဘူး"

"ဘာကွ ... လာဘူး ဟုတ်လား"

အယ်ချုပ်၏ဒေါသတကြီးသံကြောင့် တုန်သွားရသည်။

သြော် ... ငါ့နှယ် ဖုန်းကြီးကိုင်ပြီး ငုပ်တုပ်မေ့သွားသတို့။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မဟုတ်ပါဘူး။ လာပြီလို့ ပြောတာပါ"

မြန်မြန်ပြောပြီး ဖုန်းကိုပိတ်လိုက်သည်။

အခုမှ ကျွန်တော် တိတ်တခိုးရှာနေတဲ့ အရုပ်လေးကို ပြန်တွေ့ရတာကိုး။

ဒီနေ့လည်း ဆံပင်ပျော့ဆင်းဆင်းလေးတွေကို ထိပ်တည့်တည့်မှာ အပြောင်သိမ်းပြီး စုထုံးထားသည်။

ရှင်းသန့်ကြည်လင်နေသော မျက်နှာလှလှလေးက စွဲမက်စရာ ကောင်းနေပြန်သည်။

အလွမ်းတွေ တစ်ပုံကြီးနှင့် သူမမျက်နှာလှလှလေးကို တစ်ဝကြီးငေးနေမိသည်။

သူမမျက်နှာလေး ရဲခနဲဖြစ်သွားမှ အားနာပြီး သင်ဝင်လာကာ ...

"ကော်ရုပ် ...လာ ထိုင်လေ"

"ရပါတယ်၊ လှည်းတန်းမှာဆင်းမှာ"

"ဒီနားက ကားတွေ ကျပ်နေတာ ...





ကြာဦးမှာ၊ ပြီးတော့ ခင်ဗျားက အထုပ်အပိုးတွေနဲ့လာပါ"

အဲဒီတော့မှ သူမက ကမ္ဘာပေါ်က ပန်းတွေအားလုံးပွင့်စေနိုင်တဲ့အပြုံးမျိုးပြုံးကာ –

"ကျေးဇူးနော်"

ဆိုပြီး ဝင်ထိုင်သည်။

လူချင်းချိန်းတော့ သူမှာ သူမ၏ဒေါက်ဖိနပ်ကြီးကို သတိ ထားနေရသည်။

စောစောကဒဏ်ရာတောင် အကင်းမသေသေးဘဲ နာနေဆဲပင်။

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ အနားက ဆော်တာတ်ရပ်နေတဲ့ မိန်းမဝဝကြီးက အူတိုလို့လားမသိ သူ့ကို မျက်စောင်းလှမ်းထိုးသည်။

နောက်ခုံက နှာခေါင်းပွပွနှင့်လူကလည်း ဒီကောင်နှာဘူးပဲဆိုတဲ့ပုံနှင့် နှာခေါင်းတစ်ချက် ရှုံ့သည်။

သူကတော့ လုံးဝဂရုမစိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမဘက်မျက်နှာလှည့်ပြီး တစ်ကမ္ဘာလုံးကို ကျော နိုင်းပစ်ထားလိုက်သည်။

သူရော သူမပါ လှည်းတန်းမှာပဲဆင်းသည်။ သူက သူမ၏အထုပ်အပိုးတွေကို ကူသယ်ပေးတော့ -

"ရပါတယ် အားနာစရာကြီး"

"ခင်ဗျားအိမ်က ဘယ်နား‌မှာလဲ"

"ရွှေနားတင်ပါ။ ရှင်ကရော"

"ကျွန်တော်တို့ရုံးက ဟိုးရှေ့က လမ်းလေး ထဲမှာလေ"

လမ်းလျှောက်ရင်း ကိုယ့်အကြောင်း သူ့အကြောင်း ပြောဖြစ်ကြသည်။

စကားတွေပြောဖြစ်တော့ ရင်းနှီးမှုတွေကလည်း တိုးပွားလာသည်။

"ဒါဆို ကြည်ညို့က အယ်ဒီတာဆိုတော့ ဆရာကြီးပေါ့"

"အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ"





ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသလိုပေါ့။

ဘေးတိုက်အနေအထား မြင်နေရတဲ့ သူမမျက်နှာလေးကို ခိုးကြည့်မိတော့ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။

"အခုရော ငိုတုန်းပဲလား"

သူ့စကားကြောင့် သူမက တစ်စုံတစ်ခုကို သတိရသွားဟန် ခဏလေးငြိမ်သွားသည်။

တကယ့် ခဏလေးပါပဲ။ ပြီးတော့ ပေါ့ပေါ့ပါးပါးလေး ပြုံးကာ ...

"တစ်ခါတလေတော့ ငိုဖြစ်တယ်။ ဘာလို့လဲ"

"ဩော် ... ခင်ဗျားငိုတဲ့နေ့ဆို ဝေးဝေးရှောင်နေရအောင်လို့လေ"

"ဟင် ... ဘာဖြစ်လို့"

"နှပ်တွေ ပေမှာကြောက်လို့"

"အာ ... ကြည်ညို့နော်"

သူမက မျက်စောင်းလေးထိုးရင်း သူ့လက်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဖွလှမ်းထုသည်။

သူကတော့ အထုပ်အပိုးတွေသယ်လာရင်း တိုးပွားလာသော ရင်းနှီးမှုတွေအတွက် ရင်ထဲမှာ တော်တော်လေးပျော်နေရသည်။

ထိုနေ့က သူမ ငိုရသောအကြောင်းအရင်းကို မေးချင်ပေမယ့် မမေးဖြစ်ခဲ့ပါ။

ခင်မင်မှုတွေ ဒီဂရီတက်နေချိန်မှာ ဘာအကြောင်းနဲ့မှ ထစ်ငေါ့သွားတာမျိုး မဖြစ်စေချင်။

အဲဒီနေ့က သူမ ရယ်တာကို သူ ပထမဆုံး အနီးကပ် မြင်ခဲ့ရသည်လေ။

❋ ❋ ❋



## အခန်း (၄)

"ကော်ရှပ် ...ခုနက ရှင့်ကို လိုက်ပို့တာ ဘယ်သူလဲ။ ကျုပ် ဝရန်တာက မြင်လိုက်တယ်နော်။ ပြောစမ်း ...ရှင့်ဖယားအသစ်လေးလား။ ရှုပါတော့ တော်တော်ဖြောင့်တယ်နော်"

အခန်းထဲရောက်လို့ ဝယ်လာသောပစ္စည်းတွေကို ဦး ခုတင်ပေါ်လှဲချ အမောဖြေတုန်းရှိသေး ရွှေရည့်မေး တွေ တရစပ်ဝင်လာသည်။

စပ်စုမ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပါမယ်ဟာယ်၊ လောလောဆယ် မောလွန်းလို့ ရေခဲသေတ္တာထဲက ရေအေးအေး လေး တစ်ဘူးလောက် သွားယူပေးပါလား။ ဟူး ... ပူလိုက်တာ။ Aircon လေးလည်း နည်းနည်း မြှင့်ပေး"

သူမစကားကြောင့် ရွှေရည် မျက်နှာရှုံ့မဲ့သွားကာ-

"မိန်းမ ဈေးကိုင်လိုက်တာ။ အဲဒါကြောင့် ကားယူသွားလို့ပြောသားပဲ။ ရှင့်ဟာရှင် ယူမသွား တာပဲ"

"ကျုပ်လည်း မြေနီကုန်းတင်ဆိုတော့ မယူမိ တာပါဟယ်"

ရွှေရည်က Aircon ကို အရှိန်မြှင့်ကာ ရေခဲသေတ္တာ ထဲမှ ရေဘူးတစ်ဘူးထုတ်လာကာ သူမထံ ကမ်းပေးသည်။

အေးစိမ့်နေသောရေက သူမအတွက် ခဏတော့ အေးချမ်းသွားသည်။

"ကဲ ... ပြောတော့လေဟာ"





"အေးပါ ... ဒီလိုဟာ"

သူမက ဇာတ်လမ်းစဆုံး အသေးစိတ်ပြောပြလိုက် သည်။

ရွှေရည်က စိတ်ဝင်တစား နားထောင်ပြီး –

"ရှင်တို့ ဆုံစည်းပုံလေးတွေက လုံးဝ romance ပဲနော်။ မိန်းမ ... ရှင် ရင်တွေဘာတွေ မခုန်ဘူးလား"

"ဟင့်အင်း ... လုံးဝအငြိမ်ပဲ။ ဒါပေမဲ့ ... သူက ခင်စရာကောင်းတဲ့သူပါ။ ကျုပ်နှလုံး သားကို ဝုန်းဒိုင်းကျဲအောင်လုပ်နိုင်တာ ကမ္ဘာ ပေါ်မှာ မောင်တစ်ယောက်ပဲရှိတယ်။ တစ်ခုတော့ ကျုပ် ဝန်ခံပါတယ်ဟယ်။ အဲဒီ ကြည်ညိုဆိုတဲ့ တစ်ယောက်က မောင့်ကို သတိရစိတ်တွေနဲ့ လေး လံနေတဲ့ ကျုပ်စိတ်တွေကို တဒင်္ဂတော့ ပေါ့ပါး စေတယ်ဟာ။ အဲ ... ငါ online သုံးလိုက်ဦးမယ်။ မောင် online ပေါ်မှာ ရှိတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... နောက်ဆုံးတော့ ဒီဘူတာပဲ"

ရွှေရည်၏စကားကို သူမ မကြားချင်ယောင်ဆောင်ပြီး ကွန်ပျူတာရှေ့ ဝင်ထိုင်လိုက်သည်။

ပြီးတော့ ... မျှော်လင့်ချက်လေးတစ်ခုကို ဆုပ်ကိုင်ရင်း ကွန်ပျူတာကို ဖွင့်လိုက်တော့သည်။

မောင့်ရဲ့ account လေးကလည်း ထုံးစံအတိုင်း မီးစိမ်းနေပေမယ့် ဘာစကားမှ ပြန်မပြောဘဲ တိတ်ဆိတ်နေသည်။

မောင်ထွက်သွားပြီးကတည်းက မောင့် facebook ထဲကို သူမ ဝင်မရတော့တာ ဘာကြောင့်လဲ။

ရွှေရည်ကတော့ သူမကို မောင် block သွားတာဖြစ်မယ်တဲ့။

ဘာကြောင့် မောင်က သူမကို block ရမှာလဲနော်။ မဖြစ်နိုင်တာ။

မောင်နှင့်သူမ စတင်ဆုံဆည်းခဲ့တာလည်း online ပေါ်မှာဖြစ်သည်။





ဓာတ်ပုံတွေ အပြန်အလှန်ပို့ရင်း ရင်းနှီးရာမှ တစ်ဆင့် အပြင်မှာ တွေ့ဖြစ်ကြသည်။

အပြင်မှာတွေ့ဖန်များလာတော့ ရှူးရှူးမှူးမှူး ချစ်မိကြသည်။

မောင်က မြန်မာပြည်၏ အချမ်းသာဆုံး Topten ဝင် သူဌေးကြီး၏ တစ်ဦးတည်းသောသားဆိုတာကို မောင်နှင့် တရားဝင်ချစ်သူ ဖြစ်ခွင့်ရမှ သူမ သိခဲ့သည်။

မောင်က မိဘစကားနားထောင်သော သားလိမ္မာ တစ်ယောက်ဖြစ်သည်ဆိုတာကိုလည်း မောင် နိုင်ငံခြား ထွက်သွားမှ သူမ သိခဲ့ရပြန်သည်။

နောက်ဆုံးတော့ မောင့်ရဲ့ -

'မောင် ကော်ရှုပ်ဆီကို မရောက်ရောက်အောင် ပြန်လာခဲ့ပါ့မယ်ကွာ"

ဆိုတဲ့ စကားလေးတစ်ခွန်းကိုပဲ မြတ်နိုးစွာ ယုံကြည်ပြီး အသက်ဆက်ခဲ့ရတာ ယနေ့အထိ။

'မောင် တစ်နေ့တော့ ပြန်လာမှာပါနော်"

www.burmeseclassic.com



စားပွဲပေါ်မှ ဓာတ်ပုံမှန်ဘောင်လေးထဲမှ မောင်က တော့ မျက်ရည်တွေနှင့် သူမကို ပြုံးမြမြလေး ကြည့်နေ သည်။

နေနိုင်လိုက်တာ မောင်ရယ်။

အခုချိန်ထိ မောင် ဘာလို့ မဆက်သွယ်လာသေး တာလဲ။

မောင့်အကြောင်း တွေးမိပြန်တော့ မျက်ရည်က အလိုအလျောက် ကျလာပြန်သည်။

ငိုမိပြန်တော့လည်း တစ်စုံတစ်ယောက်ကို သတိရမိ ပြန်သည်။

မောင့် account လေးကတော့ မီးလေးစိမ်းတုန်း ပင်။

✻



"ဒီလိုဆိုရင် မင်းရဲ့ဖူးစာတော့ လူးလာပြီ ထင်တယ်ကွ"

ယုယက ဝမ်းသာအားရနှင့် သူ့ပခုံးအား ပုတ်ရင်း ပြောသည်။

"ကြည်ည္ဟ ... မင်း အဲဒီကောင်မလေးကို တကယ်ငြိသွား ပြီပေါ့"

သုခက တွေးဆဆဝင်ပြောသည်။

ဒီကောင်က တစ်ခုခုကို သေချာချင့်ချိန် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



လွန်းသူဖြစ်သည်။

ဒါပေမဲ့ . . . လွဲရင်လည်း အကြီးကြီးလွဲတတ်သည်။

သုခ၏စကားကို သူ လေးလေးနက်နက်ပဲ အဖြေ ပေးလိုက်သည်။

တကယ်တော့ သူက အရုပ်တစ်ရုပ်၏ ပြုစားမှုကို ခံနေရတာ ကြာခဲ့ပြီလေ။

"အေးကွ . . . ငါဝန်ခံပါတယ် သုခ။ ငါ့နှလုံးသားထဲကို သူ ရောက်နေပြီကွ။ ငါ သူ့အနားမှာ နေရတဲ့အချိန်တွေဆိုရင် ငါ့စိတ်တွေ အလိုလို ကြည်နူးနေတာ၊ ငါ့ကို သူ ပြန်မချစ်လည်း ရ တယ်။ ငါက သူ့ကိုချစ်နေရင် ပြီးပြည့်စုံတယ်"

"ကော်ရုပ်က ချောလား။ သူ့ပုံစံက ဘယ်လို လေးလဲ"

"မင်းက ဘာလုပ်မလို့လဲ ယုယ"

"မှန်းလို့ရတာပေါ့ကွ"

"ခွေးကောင် . . . မင်းကြိုက်နေတဲ့ သဲနုကို မှန်းပါလား"

"အဟဲ . . . ငါက ဘယ်မင်းသမီးနဲ့တူလဲလို့ မြင်ယောင်ပေး မလို့ပါကွ"

ယုယကို သူ ပစ်ပစ်နစ်နစ် ပြောပစ်လိုက်သည်။ ဒီကောင်ကတော့ သွားအဖြီးသားနှင့်။

ယုယဆိုသည့်ကောင်က သူတို့သုံးယောက်တည်းတွင် မျက်နှာအပြောင်ဆုံးကောင်ဖြစ်သည်။

ထို့ကြောင့် ခုထိလည်း ရည်းစားမရသေးပေ။

"ကြည့်ညို . . . အခုဆို ကော်ရုပ်နေတဲ့နေရာကိုလည်း သိပြီ၊ သူ့ဆိုင်ကိုလည်း သိပြီဆိုတော့ မင်းဘက်က ကြိုးစားဖို့ပဲ လိုတော့တယ်။ အောင်မြင်ပါစေကွာ။ အခုတော့ နောက်တစ်ပတ်အတွက် ပွဲကြိုတွေ ရေးကြစို့"

သုခကပြောရင်း ကွန်ပျူတာဘက်မျက်နှာမူကာ အလုပ်စလုပ်ဖို့ ပြင်သည်။

ထိုအချိန်မှာပဲ –



www.burmeseclassic.com

www.burmeseclassic.com



"မင်း ယု ခ"

ဆိုသောအသံနှင့်အတူ အယ်ချုပ်ဦးစိန်သင်းတစ်ယောက်က ခုန်ပေါက်ရောက်လာသည်။

အသံကာလာအရ အခြေအနေမကောင်း။

"ခင်ဗျာ"

အယ်ချုပ်က စိတ်တိုနေလျှင် သူတို့သုံးယောက်ကို ထိုသို့ ပေါင်းခေါ်တတ်သည်။

"ခင်ဗျားကို နောက်ထားပြီး မင်းတို့သုံးကောင်လုံး ငါ့ရုံးခန်းထဲလိုက်ခဲ့"

အယ်ချုပ်ကပြောပြီး သူ့ရုံးခန်းထဲဝင်သွားသည်။

သူတို့မှာသာ ဘုရားတရင်း တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ ရင်တဒိတ်ဒိတ်နှင့် ရုံးခန်းသို့ အသာဝင်ခဲ့ကြသည်။

အယ်ချုပ်၏မျက်နှာကြီးက ဒေါသကြောင့် နီရဲတင်းမာနေသည်။

"မင်းတို့ကောင်တွေရဲ့ အရည်အချင်းက



ဒါအကုန်ပဲလား။ ပြီးခဲ့တဲ့အပတ်က မင်းတို့ ခန့်မှန်းထားတဲ့ပွဲတွေ အကုန်လွဲတယ်။ အဲဒါ ဘယ်လိုရှင်းမလဲ။ ထမင်းကျွေးတဲ့အလုပ်ကို မင်းတို့က ပြီးစလွယ် လုပ်နေတာလားကွ"

"ခင်ဗျာ"

သုံးယောက်လုံး၏မျက်နှာတွေ ဖီးရှက်လောက်အောင် မရှိတော့။

ပွဲကြိုခန့်မှန်းတယ်ဆိုတာ အနီးစပ်ဆုံးကိုသာ ခန့်မှန်းရတာပင်။

လွဲတဲ့အခါလည်း လွဲမှာပေါ့။

အားလုံးကိုသာ အမှန်ပြောနိုင်ပါက အခုလို အငတ်အပြတ်ခံပြီး ဘယ်သူက အယ်ဒီတာလုပ်နေမှာလဲ။

ဘောလုံးပဲ ထိုင်လောင်းနေတော့မှာပေါ့။

ခုတော့ အဲဒါဘောလုံးဂျာနယ်အယ်ဒီတာတို့၏ ဒုက္ခစစ်စစ်တွေပါ။

"ဒီမှာကြည့်စမ်း ...ဂျာနယ်က အခြား

www.burmeseclassic.com



အမြင့်ရဆရာကြီး ခန့်မှန်းတာ အကုန်မှန်တယ်။ ငါတို့ကျွာနယ်က အကုန်လွဲတယ်။ အဲဒါ ကောင်းသလားကွ ...ဟေး”

မြတ်စွာဘုရား အကြားအမြင်ရ ဆရာကြီးဆို ကောင်ကို သူတို့သိသားပဲ။

ဘာကောင်မှ မဟုတ်တဲ့ အရက်သမား ဂုရုကြီး မူးလာတော့မှ တွေ့တဲ့အသင်း အမှန်ခြစ်ပြီ အင်္ဂလန်က အကြားအမြင်ဆရာကြီး၏ တစ်ပတ်အတွင်း အကြိုက်ဆုံးအသင်းများဆိုပြီး ကောက်ထည့်လိုက်တာ တွေ ဖြစ်သည်။

အံ့ဩစရာက ဒင်းမူးပြီးခြစ်တဲ့ အသင်းအများစု နိုင်နေတာပင်။

အခုတော့ သူတို့ခင်ဗျာ အဲဒီအရက်သမားကို ထိုင်ဆဲရတော့မလို ဖြစ်နေသည်။

“အေး ...မင်းတို့က ငါ ဘယ်လောက် ပြောပြော ...အရည်အချင်း တက်မလာတဲ့





ကောင်တွေဆိုတော့ မင်းတို့အရည်အချင်း တက်လာအောင် အလုပ်ကို သေချာလုပ်အောင် နောက်အပတ်က စပြီး မင်းတို့ခန့်မှန်းတဲ့ league ပွဲစဉ်တွေမှာ ခြောက်ဆယ်ရာခိုင်နှုန်း မအောင်ရင် လခထဲက တစ်သောင်းဖြတ်မယ်”

“အောင်ရင်ရောဟင်၊ ဒါမှမဟုတ် တစ်ရာရာခိုင်နှုန်း အကုန်မှန်ရင်ရော အစ်ကို”

မျှော်လင့်ချက်ကြီးစွာဖြင့် မေးသော သူခ၏အမေးကို အယ်ချုပ်က –

“လခတော့ မဖြတ်ဘူးပေါ့ကွာ။ တော်တယ်လို့ ချီးကျူးခံရမှာပေါ့ကွ”

“အင်”

ကောင်းလိုက်တာ။

တော်တော် တရားမျှတတာပဲ။

သူခတစ်ယောက်တော့ ဖက်ကလေးပုကာ ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်စိထဲမှာတော့ အမြဲမှုးနေသော အကြ
အမြင်ရ လူကြီး၏မျက်နှာကိုသာ မြင်ယောင်နေသည်။
ဒင်းကြောင့် ...

"ဒီလိုလုပ်ရအောင်ကွာ။ အဲဒီအကြားအမြင်
ရနေတယ်ဆိုတဲ့ကောင်ကို အရက်အဝတိုက်ပြီး
ပွဲကြိုခန့်မှန်းခိုင်းရင် မကောင်းဘူးလား"

အယ်ချုပ်မရှိတော့မှ ယုယက မဟာအကြံကို
ပေးသည်။

ဒါကို သုခက ယုယ၏လက်မောင်းကို လက်သီး
လှမ်းထိုးပြီး –

"မင်းကွာ ... ဖြုတ်ဦးနှောက်လေးနဲ့ အယ်ဒီ
တာအဖွဲ့ဝင် လာဖြစ်နေသေးတယ်။ ဒီမှာ ယုယ
... ငါတို့ဂျာနယ်နဲ့ သူတို့ဂျာနယ်က မဟာပြိုင်
ဘက်တွေကွ ...!

အဲလိုကောင်မျိုးက အမှန်တွေ ပြောပါ့
မလား။ တော်ကြာ ... သောက်တလွဲတွေချည်း



ပြောလို့ လူကြားသူကြားကောင်းတဲ့ ရာထူးလေး
က ရွေ့သွားဦးမယ်။ အယ်ချုပ်ကတော့ ငါတို့ကို
အပီတင်းနေပြီ"

သူ လုံးဝ ဝင်မပါဘဲ နေလို့မရတော့ပေ။

"ဟိတ်ကောင်တွေ ... တော်ကြတော့။
ဘာမှ သူများ အားကိုးနေစရာမလိုဘူး။ ကိုယ့်
အစွမ်းအစနဲ့ကိုယ် အကောင်းဆုံး လုပ်ကြမယ်။

အဲဒီအကြားအမြင်ရနေတဲ့ကောင်လည်း လူ၊
ငါတို့လည်း လူပဲ။ အတူတူပဲဟာ"

သူ့စကားဆုံးတော့ သုခရော ယုယပါ ခေါင်းတွေ
ငြိမ်သွားကြသည်။ ...ယ်စီညိတ်။

ကွန်ပျူတာတွေ ဖွင့်ကာ ကိုယ်နှင့်သက်ဆိုင်ရာ
... တွေလုပ်ရင်း အလုပ်ထဲ အတွေးတွေ နစ်မြုပ်ရတော့
သည်။

မျက်စိညောင်းလာလို့ ခါးဆန့်လိုက်တော့ အပြင်မှာ
...ည်တွေပင် စုံနေခဲ့ပြီ။

www.burmeseclassic.com



ရုံးကနေပြီး သူမရှိရာအရပ်ဘက်သို့ မျက်နှာမူကာ

အလွမ်းဖြေလိုက်သည်။

လွမ်းလိုက်တာ ကော်ရှပ်လေးရယ်။

* * *



## အခန်း (၅)

ကိုယ့်ရင်ထဲမှာ တိတ်တခိုး စွဲလမ်းမြှော်လင့်နေရတဲ့သူက တခြားတစ်ယောက်ကို တမ်းတနေတယ်ဆိုတဲ့ အခြေအနေမျိုးဟာ ဝဋ်ကြွေးတစ်ခုကို ဆပ်နေရသလိုမျိုးပဲ ဖြစ်သည်။

ထိုနေ့က ထုံးစံအတိုင်း အင်းယားကန်ဘောင် တစ်လျှောက်ပြေးပြီး အပြန်လမ်းတွင် သူ အေးအေးလူလူပဲ လမ်းလျှောက်ပြန်ခဲ့သည်။

လမ်းလျှောက်နေရင်းမှ ဗိုက်ကဆာလာတာမို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု စားမှပဲဆိုပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ဆိုင်တွေက အခုမှ ခင်းကျင်းတုန်း။

ကိစ္စမရှိ။

သူရှေ့သို့ အနည်းငယ် ဆက်လျှောက်လိုက်သည်။

သူ ထပ်တွေ့သောဆိုင်လေးက ရှမ်းခေါက်ဆွဲ၊ မြေအိုးမြီးရှည်အပါအဝင် စားသောက်ဖွယ်ရာတော်တော်များများကို ဆိုင်ရှေ့ဗီနိုင်းလေးပေါ်တွင် စျေးနှုန်းနှင့်တကွ ဖော်ပြပေးထားသည်။

စျေးနှုန်းလည်း အသင့်အတင့်မို့ သပ်သပ်ရပ်ရပ်လေးရှိသော ထိုဆိုင်လေးတွင် ဝင်ထိုင်လိုက်သည်။

သူ ဆိုင်ထဲလှမ်းဝင်လိုက်ချိန်မှာပဲ –

"ဟိတ် ... ကြည်ညို"

ဆိုင်၏ထောင့်ကျသောစားပွဲမှ ခေါ်သံလေးကြောင့် သူ့ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားကာ လှမ်းကြည့်လိုက်မိသည်။

သူမ ပါလား။

ထိုမနက်တွင်တော့ သူ၏အရုပ်မလေးသည်





နှမ်းမာဆန်ဆန် ဝတ်စုံလေးနှင့် တစ်မျိုးလေးကြည့်လို့ ကောင်းနေပြန်သည်။

သူမက သူ့ကို လက်ယက်လှမ်းခေါ်နေတာမို့ သူ ရင်ခုန်သံတွေကို မလုံမခြုံသိုဝှက်ရင်း သူမအပါးသို့ အခစား င်ရောက်ရန် သွားလိုက်သည်။

အနားရောက်မှ သူမတစ်ယောက်တည်း မဟုတ်ဘဲ သားမှာမိန်းကလေးတစ်ယောက်ပါလာတာကို သတိထား ိလိုက်သည်။

"ကြည်ညို ... လာထိုင်လေ။ ဘာစားမလဲ မှာလိုက်လေ၊ ကျွန်မ ကျွေးမယ်"

သူမ၏ ချစ်စရာမျက်နှာလေးကို တမ်းတစွာ ခိုးငေးမိ သည်။

မရိုးမသားစိတ်တွေအတွက် သူ့ကိုယ်သူ လိပ်ပြာ ဆုံချင်ပေ။

ဒီမျက်နှာလေးကို တစ်ရက်တွင်တစ်ခါလောက်မှ မြင်ရရင် အခုဆို သူ့ရင်မှာ ဟာနေတာတ်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးအချစ်ဆိုတာ တကယ်တော့ -

"ဒီက အစ်ကိုလေး ... ဘာများသုံးဆောင်မလဲ ခင်ဗျ"

"အယ်"

ပတ်ဝန်းကျင်ကိုမေ့နေသောသူ့ကို စားပွဲထိုးကောင်လေးက နားနားကပ်ပြီး မေးလိုက်သောအသံကြောင့် သူ လန့်ပြီး တုန်သွားသည်။

သူမနှင့်သူမသူငယ်ချင်းကောင်မလေးက သူ့အဖြစ်ကိုကြည့်ပြီး ပြုံးစိစိနှင့်။

ရှက်စိတ်ကြောင့် သူ့မျက်နှာကြီး ထူအမ်းလာကာ-

"ဖြေးဖြေးပြောပါကွ၊ မင်းကလည်း နားနားကပ်ပြီး အော်လိုက်တာ လန့်သွားတာပဲ"

အရှက်ပြေ စားပွဲထိုးလေးကို ပြောလိုက်ကာမှ မဟာပညာကျော်လေး၏စကားကြောင့် သူ့မျက်နှာကြီး ဘယ်နားသွားထားရမှန်းမသိ ဖြစ်သွားသည်။

"ကျွန်တော် အစ်ကို့နားရပ်နေတာ ကြာပြီ



ဗျ။ ဘာသုံးဆောင်မလဲမေးတာ ဒါ ... သုံးခွန်းမြောက်ပါ။ အစ်ကိုက ဘာမှပြန်မပြောဘဲ ဒီက အစ်မကိုပဲ ကျောက်ရုပ်ကြီးလို ငေးနေတာကိုး။ အဲဒါကြောင့် နားနားကပ်ပြီး မေးလိုက်တာပါ"

မှတ်ဟ။

သူမကတော့ စားပွဲထိုးလေးစကားကြောင့် ဘာမှ ဖြစ်ပုံမရဘဲ မှင်သေသေနှင့် ရှေ့ကကော်ဖီခွက်ကိုပဲ ကြည့်နေသည်။

"ရှမ်းခေါက်ဆွဲကို အရွက်များများလေး ထည့်ပေးကွာ"

သိပ်တောင်မစဉ်းစားတော့ပဲ မှာလိုက်သည်။

အခုအချိန်မှာ လူ့အာဟာရထက် သူ့အတွက် နှလုံးသားအာဟာရက ပိုအရေးကြီးနေသည်လေ။

တကယ်ပါ သူမနှင့်ဆုံရသောစက္ကန့်လေးတစ်ချက်ကိုပင် သူ တန်ဖိုးထားတတ်ခဲ့ပြီလေ။

မတွေ့ရတဲ့ရက်တွေမှာ သူ လွမ်းနေခဲ့တာ သူမလေး

www.burmeseclassic.com

www.burmeseclassic.com



သိပါလေစ။

တကယ်တော့ လွမ်းတတ်သူတိုင်း ဆုံစည်းရချိန်လေးတွေကို တန်ဖိုးထားတတ်ကြတယ်မဟုတ်လား။

"အစ်ကို . . . ကော်ဖီရော"

ဒါ ရွှဲ့တာလား။

မဟုတ်လောက်ပါဘူး။

သူမတောင် စားပြီး ကော်ဖီသောက်နေတာပဲ။

ရန်ကုန်သူ ရန်ကုန်သားတွေ အများစုဟာ ဘာပဲစားစား အစာပိတ်ကိုတော့ ကော်ဖီတစ်ခွက်လောက်သောက်တတ်ကြတာ သူတို့ရဲ့ ကိုယ်ပိုင်ဖက်ရှင်တစ်ခုလိုဖြစ်နေတာကိုး။

သူမှာသာ ကြားထဲဝင်ရှုပ်နေသော စားပွဲထိုးလေးကို ကြဲဖန်ပြီး အပြစ်မြင်နေမိတာလေ။

"မှာတော့ဘူးကွာ"

သူ့ရဲ့စိတ်မရှည်စွာ ပြောလိုက်သော ဘုဆတ်ဆတ်အသံကို သတိထားမိဟန်နှင့် သူမနှင့် သူမသူငယ်ချင်းက





တစ်ချက်ပြုံးသည်။

သူမှာသာ မလုံမလဲနှင့်။

သူမကတော့ မိန်းကလေးတို့ တပ်အပ်သော မွေးရာပါ ပညာနှင့် သူ့ရဲ့နှလုံးသားကို အကဲခတ်မိကောင်း ခပ်မိနိုင်ပါသည်။

ဒါပေမဲ့ . . . သူမက လုံးဝအမှုအရာတော့ မပျက်ချေ။

သူမှာသာ။

သူ့ဘဝမှာ မိန်းမချောတွေ တွေ့ခဲ့ဖူးပေမယ့် သူမနှင့် အတွေ့မှာတော့ သူ့နှလုံးသား ညွတ်ခွေကျသွားရခဲ့ပြီ။

သူမဟာ အရမ်းကြီးတောက်ပနေအောင် လှပသူတစ်ယောက် မဟုတ်ပါ။

ချစ်စရာကောင်းသော မျက်နှာလေးနှင့် ခန္ဓာကိုယ်အချိုးအစား တိကျပုံကျသော ကောင်မလေးတစ်ယောက်သာ ဖြစ်သည်။

အရပ်ကလည်း ငါးပေခြောက်လောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှိဇလာက်မည်။

"ဪ ကြည်ညို ... မိတ်ဆက်ပေးရဦးမယ်၊ သူက ရွှေရည်တဲ့၊ ကျွန်မရဲ့ best friend လေ၊ ရွှေရည် ... သူက ကျုပ် ပြောဖူးတဲ့ မင်းကြည်ညို"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် ရွှေရည်၊ ကျွန်တော့်ကိုလည်း ရင်းရင်းနှီးနှီး ကြည်ညိုလို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ပါ ... ကျွန်မလည်း ဝမ်းသာပါတယ်။ ရှင့်အကြောင်းကို ကော်ရှပ်ပြောပြကတည်းက ရင်းနှီးပြီးသားလေ"

ပျော်တတ်ပုံရတဲ့ ရွှေရည်ရဲ့သွက်လက်ပွင့်လင်းသော စကားအဆုံး သူမက ရွှေရည့်ကို မသိမသာလေး လှမ်းဆိတ်တာ မြင်လိုက်ရသည်။

သူ မမြင်ချင်ယောင်ပဲ ဆောင်လိုက်သည်။

သူ့မျက်နှာမှာတော့ အံပြင်က နှင်းတွေနှင့်အပြိုင်





ပိတ်တွေဝေလို့။

"ဪ ... ဒါဆို ရွှေရည်က နှပ်တွေကိစ္စ သိပြီးပြီပေါ့"

"အာ ... ကြည်ညိုနော်"

သူမက သူ့ကို ချစ်စဖွယ်မျက်စောင်းလေးနှင့် လှမ်းပိတ် သည်။

"ဟုတ်တယ် ကြည်ညိုရေ ကော်ရှပ်ငိုရင် ရွှေရည်လည်း တစ်မိုင်ပတ်လည် မကပ်တော့ဘူး။ သူက မျက်ရည်တစ်စက်မှာ နှပ်က ဆယ်ခါလောက် ညှစ်တာလေ ... ဟင်း ဟင်း"

"ရွှေရည်မ"

သူမ ရှက်သွားသည့်မျက်နှာလေးကလည်း ကဗျာလေးတစ်ပုဒ်လိုပါပဲ။

အဲဒီလိုနှင့် သူဟာ အရုပ်ကလေးတစ်ရုပ်နားကို တစ်စထက်တစ်စ ချဉ်းကပ်မိခဲ့သည်။

မိန်းကလေးတစ်ယောက်ကို ပွင့်ပွင့်လင်းလင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် တိတ်တဆိတ်ပဲဖြစ်ဖြစ် ရိုးရိုးသားသား ချစ်မိလိုက် လျှင် သူမဆီက ဘာမှ မလိုချင်တော့ဘဲ ကိုယ်ကသာ ပေး လိုက်ဖို့ တွေးနေမိတော့သည်။

'ကြည်ညို ... ဒီနေ့အားလားဟင်"

ရုတ်တရက်မေးလာသော သူမစကားကြောင့် ရှ လန့်သွားကာ ...

"အား ... အားပါတယ်၊ ဘာလို့လဲ၊

ကျွန်တော်တို့ ဂျာနယ်က မနေ့က ထွက်ထားတာ ဆိုတော့ ဒီနေ့တစ်နေ့လုံး နားတယ်လေ၊ ကော် ရှပ်အတွက် ကျွန်တော် ဘာလုပ်ပေးရမလဲပြော"

သူဆန်စားပြီးပြီဆိုတော့ ရဲရတော့မှာပေါ့။

သူက သူမ မနက်စာကျွေးတာကို အရှုံးဖော် လိုက်တော့ သူမက ပျာပျာသလဲအမူအရာနှင့်။

"ဟယ် ... အဲလိုမဟုတ်ပါဘူးဟယ်။

ကျွန်မက အဲလိုပြောတာ မဟုတ်ပါဘူး"

သူ့စကားအဆုံး သူမက ပြုံးသည်။



သူကတော့ ထုံးစံအတိုင်း ခုန်ထွက်လာသော ရင်ခုန်သံကို လိုက်ဖမ်းရင်းပေါ့။

ပြီးတော့ သူမ ပြုံးလိုက်လျှင် သူကြောက်သည်။

"ကျွန်မ ရွှေတိဂုံသွားချင်တယ်။ အဲဒါ ကြည်ညိုက ကားလိုက်မောင်းပေး။ ကားမောင်း တတ်တယ်မှလား"

"ဩော် ... မောင်းတတ်ပါတယ်"

"ဒီနေ့က မောင့်မွေးနေ့လေ။ အရင်တုန်းက မောင့်မွေးနေ့ဆိုရင် နှစ်ယောက်အတူ ဘုရား တက်နေကျလေ။ ဒီနှစ်တော့"

သူမ၏အသံတို့သည် ဝမ်းနည်းမှုကြောင့် အဖျား သတ်၍ တုန်ဝင်သွားသည်။

မျက်ဝန်းဆိုတာ လူ့စိတ်၏ တံခါးပေါက်ဆိုတာ မှန်သည်။

ထိုစကားတွေပြောနေချိန်တွင် သူမ၏စိတ်ကို ထင်ဟပ်နေသောမျက်ရည်များက ဖော်ကျူးနေတာကို သူ

www.burmeseclassic.com



ရင်နာနာနှင့် ငေးနေမိသည်။

ပြီးတော့ မောင်ဆိုသည့် သူမချစ်သူကိုလည်း ပထမဆုံး မနာလိုဖြစ်မိသည်။

သူမချစ်သူဟာ ကံကောင်းဆုံးလူပဲ။

သူမရဲ့အချစ်တွေ၊ သစ္စာတွေကို အပြည့်အဝ ဆိမ်းပိုက်ထားတာလေ။

သူမှာသာ ပထမဆုံးရင်ခုန်သံဟာ ချည့်နဲ့နဲ့ မွေးဖွားခဲ့ရလိမ့်မယ်ဆိုတာကို ဘုရားစူးရစေ ယောင်လို့ တောင် မတွေးဖူးခဲ့ပါ။

ထိုစဉ် သူတို့ထိုင်နေသော ဘေးနားမှပိုင်းက လူ တစ်ယောက်၏သရော်စကားတချို့ နားထဲခုန်ဝင်လာပြ သည်။

"ဟော့ရှောင်တွေ ...မိန်းမတွေဆိုတာ အလကားပဲ၊ အနေဝေးသွားရင် ကွက်လပ်ဖြည့် ကြတာပဲကွ။ ဟော ... အခုလည်း မင်းတို့အမြင် ပဲကွ၊ မျက်ရည်လေးတစမ်းစမ်းနဲ့ ရည်းစား





တစ်ခုလပ်မလေးက ကွက်လပ်ဖြည့်သွားပြီကွ ...ဟား ဟား"

"အမြင် အမြင်"

"တောက်"

"မိုက်ရိုင်းလိုက်တာ"

ရွှေရည်က အံကြိတ်ရင်းပြောသည်။ သူမကတော့ မျက်ရည်လေးဝဲလို့။

"သူတို့က"

"ကျွန်မတို့လမ်းထဲက ဂျပိုးတွေပါ။ ကျွန်မ ကို အမြဲလိုက်နှောင့်ယှက်နေတာလေ။ ကျွန်မနဲ့ မောင် ချစ်သူတွေဖြစ်တော့လည်း သွားပုပ် လေလွင့် ပြောတယ်။ အခု မောင်နဲ့ဝေးနေချိန် ဆိုတော့ ပိုဆိုးတာပေါ့"

နောက်ဆက်တွဲ သူမပြောလာသောစကားတွေက ရင်နင့်စရာ။

လောကမှာ အဲဒီလို လူတွေရှိသေးတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်က ကိုယ့်ကို ပြန်မကြိုက် လို့ သွားပုပ်လေလွင့် ပြောသတဲ့လေ။ တော်တော် အောက်တန်းကျတာပဲ။

"ဘုရားကို ကျွန်တော် လိုက်ခဲ့ပါ့မယ်။ ဒါပေမဲ့ ... ကျွန်တော် ဂျာနယ်တိုက်မှာ အဝတ်အစား ခဏပြန်လဲလိုက်ဦးမယ်နော်။ ကော်ရှပ်တို့ ဒီကပဲ စောင့်နေလေ။ ကျွန်တော် မကြာပါဘူး"

"အိုကေလေ ... ကျွန်မတို့ ဒီကပဲ စောင့်နေမယ်နော်။ ဒီကောင်တွေ ဘုရားအထိလိုက်လာမှာ စိုးလို့"

"ကျွန်တော် ပါတာပဲဟာ၊ ခဏနော်"

ပြောပြီး သူ ထွက်လာခဲ့လိုက်သည်။ ဟိုအောက်တန်းစာတွေရှေ့ရောက်တော့ –

"အဖြည့်ခံလေး ကွက်လပ်ဖြည့်လေး"

"ပိုင်ရှင်ပြန်လာရင် တို့က ပြန်ပြီးပေးရမယ်။ အနိုင်မယူချင်ပါနဲ့ကွာ"





"မင်း မိုက်ရိုင်းလှချည်လား"

မသိစိတ်တို့သည် စကြာဝဠာအပြင် ရောက်ရှိသွားသည်။

သီချင်းသံရှိသဲ့သဲ့ မိန်းမလိုမိန်းမရဆိုနေသော ကောင်၏မျက်နှာကို စားပွဲပေါ်တင်ထားသော ရေနွေးခွက်နှင့် ပက်ပစ်လိုက်သည်။

အများနှင့်တစ်ယောက်ဆိုပေမယ့် သူက အညာသား အောင်ဆန်းသွေး။

ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်လိုက်မည်။

ဒင်းတို့ကိုတော့ အုပ်စုဖွဲ့ဟောင်နေသော ခွေးတွေသာ မှတ်လိုက်သည်။

"ဝုန်း"

ထိုအုပ်စုထဲမှတစ်ယောက်က စားပွဲခုံကို လှန်ပစ်လိုက်သည်။

ပြီးတော့ ပလွေရိုးသာသာလောက်ရှိသော လက်မောင်းမှ ဖွဲ့တို့၊ အမဲသားတို့၊ သတ္တိတို့ ထိုးထားသော

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးပွဲဈေးတန်းတွင် ထိုးရသောအရုပ်တို့ကိုပြလျက် -

"ဟိတ်ကောင် ...မင်း ဘာကောင်လဲ"

"ငါဘာကောင်လဲ သိချင်ရင် မင်းတို့ တစ်ဖွဲ့လုံးလိုက်ခဲ့၊ ဆိုင်အပြင်မှာ ရှင်းရအောင်၊ ဖြစ်တယ်နော်၊ မင်းတို့ရဲ့မိန်းမပါးစပ်ပေါက်တွေ ဟာမရအောင် ဖြတ်ရိုက်ဖို့အချိန်တန်ပြီ။ ငါ စောင့်နေမယ်။ ငါ့နာမည် မင်းတွေတောင် ကြည်ညိုနေတဲ့ မင်းကြည်ညိုတဲ့။ ငါ့သမိုင်းကို အချိန်မရွေး စုံစမ်းကြည့်လိုက်"

ပြောပြီး သူ့အင်္ကျီရင်ဘတ်ကို ဆွဲဖြဲကာ သူတို့ မြင်သာအောင်ပြလိုက်တော့ ဒင်းတို့တစ်ဖွဲ့လုံး တွန့်သွားကြသည်။

တွန့်သွားကြမှာပေါ့ သူ့ရင်ဘတ်တစ်ခုလုံးမှာ နဂါးပုံ tattoo အပြည့်ပဲဟာ။

Tattoo ပါရင် fighter လို့ ထင်ထားကြတဲ့ စာတတ်ပေမတတ် ငပေါတွေအတွက်တော့ သူ့နည်းက အသုံးဝင်သည်။





သူမနှင့် ရွှေရည်ကတော့ သူ့ဖြစ်ပျက်သမျှကို မျက်လုံးအဝိုင်းသားနှင့် ငေးနေရှာသည်။

သူမတို့ကို မထိတ်လန့်စေချင်တာမို့ -

"ကြာတယ်ကွာ။ မင်းတို့ အကုန်လိုက်ခဲ့"

ဟု သူ ခပ်တိုးတိုးပြောကာ ဆိုင်ထဲက ထွက်ခဲ့လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ခွပ်"

"ခွပ် အင့်"

"အား"

ခေါင်းက တစ်ချက်တော့ မိုက်ခနဲဖြစ်သွားပေမယ့် လက်သီးတစ်ချက်တော့ ထိုင်နေဲထဲ မိမိရရ ကျွေးလိုက်သည်။

လမ်းသွားလမ်းလာများကလည်း တကယ်ချဲနေသောပွဲကြီးမို့ တော်ကြပါတော့ဆိုသည့် အသံလောက်သာ ကြားရသည်။





ဘယ်သူမှ ဝင်မဆွဲရဲကြပေ။

အများနှင့်တစ်ယောက်ဆိုပေမယ့် သူ့စိတ်ထဲတွင်တော့ အုပ်စုလိုက် ဝိုင်းကိုက်သည့်ခွေးအုပ်ကို ရိုက်နေရသလိုပဲ ထင်မှတ်သည်။

"ကြည်ညို ... ငါတို့လာပြီကွ"

"ကဲကွာ"

"ခွပ်"

"အင့်"

ယုယက ပြေးဝင်လာပြီး နီးရာလူ့ဝမ်းဗိုက်ကို ဒူးနှင့်တိုက်လိုက်သည်။

ပွဲက စည်ကားမြိုင်ဆိုင်သွားခဲ့ပြီ။

"ခွပ်"

သူခကလည်း အားကျမခံ၊ ခြေစုံပစ်ကာ ကန်တာ တစ်ယောက်လည်းထွက်သွားသည်။

အခြေအနေမကောင်းတော့ မှန်းသိတာမို့ အုပ်စုဖွဲ့ဟောင်တတ်သော ခွေးဝဲစားအုပ်သည် အမြီးကုပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြေးကြတော့သည်။

"ဘယ်လိုဖြစ်တာလဲကွ၊ တော်သေးတာပေါ့ ဒီနေ့ကျမှ ငါတို့လည်း အခဲစာကြီးထပြီး ဗိုက်ဆာလို့ ထွက်လာကြတာ၊ ဟာ … မင်းခေါင်းမှာ သွေးတွေပါလား"

"တောက် … ခွေးမသားတွေ၊ ငါလိုက်ဆော်မယ်ကွာ"

သူခက အနီးရှိတုတ်ကိုကိုင်ကာ လိုက်ရိုက်မလို့ ပြင်နေတာမို့ သူ ခေါင်းမူးနေသည့်ကြားမှ …

"နေပါစေကွာ … ထားလိုက်စမ်းပါ၊ ခွေးဝဲစားတွေပါ"

"မင်းဒဏ်ရာက ချုပ်ရမှာကွ။ လာ … ဆေးခန်းသွားမယ်"

ယုယက သူ့ခေါင်းမှ ဒဏ်ရာကိုကြည့်ပြီး ပြောသည်။

သွေးတွေက အခုမှ တစ်စက်စက်ကျလာကာ





အနားတွင်လည်း လူတွေ ဝိုင်းအုံလာတာမို့ သူ ခေါင်းညိတ်သဘောတူလိုက်သည်။

ဆောင်းတွင်းမှာ အနာတရဖြစ်မှာကို သိပ်ကြောက်သောသူ ဈေးဦးတော့ပေါက်သွားခဲ့ပြီ။

"မင်း ဖြစ်ရဲ့လား"

"ရပါတယ်ကွာ။ လာ … ဆေးခန်းမြန်မြန်သွားရအောင်"

ခေါင်းက ဒဏ်ရာထက် သူ့ကိုမျှော်နေမယ့် သူမဆီကိုသာ အသိစိတ်က ရောက်နေသည်။

ဆရာဝန်ကိုတော့ လှေကားပေါ်မှ လိမ့်ကျသည်ဟု ပြောလိုက်ရသည်။

"ဘာ"

ထိုဘာသည် သုခနှင့်ယုယထံမှ သံပြိုင်အော်လိုက်သည့်အသံ ဖြစ်သည်။

"ဖြည်းဖြည်းအော်ပါကွ … မင်းတို့ကလဲ၊ ဒီမှာ နာရတဲ့ကြားထဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . မင်းက ဒီဒယ်ရာကြီးနဲ့"

သူခေါ်စကားမဆုံးခင် သူဖြတ်ပြောလိုက်သည်။ သူ့ဒဏ်ရာက သုံးချက်ချုပ်လိုက်ရသည်။

"အေးကွ . . . ငါ အဲဒီဆိုင်ပြန်သွားမှာ၊ အဲဒီမှာ ကော်ရုပ်တို့ ငါ့ကိုစောင့်နေမှာကွ"

"အေး . . . ထားပါတော့ကွာ။ ဒါပေမဲ့ . . . မင်းအဝတ်အစားတွေက သွေးတွေနဲ့လေ၊ အဲဒီတော့ အခန်းကိုတော့ မင်း ခဏတော့ ပြန်လိုက်ခဲ့လေကွာ"

ဟုတ်ပါရဲ့။

ယုယပြောမှ သူ သတိထားမိသွားသည်။ သူ့အဝတ်အစားမှာ သွေးတွေနှင့်။

ဒေါက်တာကလည်း သူတို့ကို ကြောင်ငေးကြည့်နေသည်။

အခန်းကိုပြန်ပြီး အဝတ်လဲရင် နာရီဝက်လောက်တော့ ကြာဦးမှာ။





စဉ်းစားစမ်း။ မူးမိုက်နေသောခေါင်းမှ အကြံတွေထွက်လာသည်။

"ဟာ ကြည်ညို . . . သူငယ်ချင်း . . . မင်းနေကောင်းရဲ့လား၊ ငါ့ကိုမမှတ်မိလို့ အဲလောက်ကြီး ကြည့်နေတာလား၊ ငါ မင်းသူငယ်ချင်း သုခလေကွာ"

"သိပြီ . . . သိပြီ"

သူက ကိုယ့်အတွေးနှင့်ကိုယ် ထအော်လိုက်တာကိုပင် သုခခင်မျာ တုန်တက်သွားရရှာသည်။ ပြီးမှ . . . မျက်နှာငယ်လေးနှင့် . . .

"ဘာသိတာလဲဟင်"

ဟုမေးလာသည်။

"မင်း အဝတ်တွေချွတ်လိုက်"

"အာ . . . သူငယ်ချင်း စိတ်ထိန်းလေကွာ။ ဆရာရေ လုပ်ပါဦး"

ထင်ချင်ရာထင်ပြီး စွတ်လန့်နေသော သုခ၏



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကို သူ အမြန်လှမ်းပိတ်ရသည်။

အမှန်က ဒီကောင် မျက်နှာပြောင်နေတာလေ။

"ခွီး ဟေ့ကောင် ... ပြောင်မနေနဲ့ကွ၊ ငါ့မှာ အခန်းပြန်ပြီး အဝတ်လဲဖို့ အချိန်မရတော့ဘူး။ အဟဲ ... မင်းဝတ်လာတာကလည်း ရှပ်အင်္ကျီနဲ့ပုဆိုးဆိုတော့ မင်းအဝတ်အစားနဲ့ ငါ့အဝတ်အစား လဲဝတ်သွားမယ်"

"ဟာ ... မနိုးစဖူး ဒီနေ့ စောစောနိုးလို့ ချယ်ရီဆီသွားမလို့ဟာကို"

ဟု သူခင်ဗျာ ရေရွတ်လျက်။

သို့ပေမယ့် သူ့ကို သူခက အင်္ကျီတွေချွတ်ပြီး လဲလှယ်ဝတ်ဆင်ခဲ့ပါသည်။

*





သူ ခေါင်းတွေ မူးနောက်နေသည်။

လတ်လတ်ဆတ်ဆတ် သုံးချက်ချုပ်ထားရသော ဒဏ်ရာကို သူမ မရိပ်မိအောင် လျှာထိုးဦးထုပ်တစ်လုံး ဝယ်ဆောင်းကာ ကာကွယ်ထားပေမယ့် ဒဏ်ရာက တဆစ်ဆစ်နှင့် နာနေသည်။

ဒါပေမဲ့ မလှမ်းမကမ်းက စနေဂြိုဟ်တိုင်မှာ ဘုရားဝတ်ပြုနေသော သူမကိုကြည့်မိတော့ ကိုက်ခဲနေသမျှ အားလုံးမေ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဟိုအဖွဲ့နှင့် ရန်ဖြစ်သေးလားလို့ သူမက မေးတော့ သူ ခပ်တည်တည်နှင့် မဖြစ်ပါဘူးဟု ရှိုးခဲ့သည်။

ရွှေရည်ကတော့ ဆယ်တော်မှုဘုရားမှာ ပုတီးစိပ်ရန် ထွက်သွားတာမို့ သူ တစ်ယောက်တည်း သူမကို လွတ်လွတ်လပ်လပ် တစ်ဝကြီး ကြည့်ခွင့်ရနေတာသည်။

ခပ်ဖွဖွရွတ်ဆိုကာ ဆုတောင်းပေးနေတာ ဘယ်သူ့အတွက်များလဲ။

ထိုမေးခွန်း၏အဖြေကို သူသိနေတာမို့ ဝဲဘက်ရင်အုံမှ တဆစ်ဆစ်နှင့်ကိုက်လာခဲ့သည်။

ခဏအကြာတွင်တော့ သူမက အပြုံးလေးနှင့် သူ့အနားကို ရောက်လာသည်။

"စောင့်ရတာကြာလို့ ပျင်းနေပြီလား"

"ရပါတယ် . . . မပျင်းပါဘူး။ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း ဘုရားမရောက်ဖြစ်တာ တော်တော်ကြာနေပြီလေ။ ဒီနေ့တော့ ကော်ရပ်ကြောင့် ကျွန်တော့်မှာ ကုသိုလ်တွေ





တော်တော်ရသွားတဲ့အတွက် ကော်ရပ်ကိုတောင် ကျေးဇူးတင်နေမိတာ"

သူ့စကားကြောင့် သူမကပြုံးသည်။

လေအဝှေ့မှာ သင်းပျံ့လာသော သူမထံမှ သစ်သီးရနံ့ ကိုယ်သင်းရနံ့လေးကြောင့် သူ အကြောင်းမဲ့ ဘုရားစိန်ဖူးတော်ကို မော့ကြည့်မိသည်။

အမှန်က သူ့ရဲ့ မရှိမဲ့ရှိမဲ့ သမာဓိကလေးကို စုစည်းလိုက်တာပါ။

"ဟိတ် . . . ဒီနှစ်ကောင် ဘာတွေပြောနေကြတာလဲ။ ဘုရားဝတ်ပြုပြီးရင် ဆယ်တော်မှုဘုရားဘက် လိုက်ခဲ့ဖို့ မှာထားတာကို ဒီမှာရပ်ပြီး ဘာလုပ်နေကြတာလဲ"

စကားသံနှင့်အတူ ရွှေရည်ရောက်လာသည်။

သူမကတော့ ရွှေရည်၏စကားကို အေးအေးစွာ ပြုံးရင်း –

"ကျုပ်လည်း အခုမှ ဝတ်ပြုပြီးတာပါဟယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကဲလာ ...သွားရအောင်"

"ဘယ်လဲ"

ရွှေရည်အမေးကို ဖြေလိုက်သော သူမစကားကြောင့် သူ ဘုရားစိန်ဖူးတော်ကို ဒုတိယအကြိမ် မော့ကြည့်မိသွားသည်။

"မောင့်အတွက် မောင့်ဂြိုဟ်တိုင်မှာ ရေသပ္ပာယ်ပြီးပြီလေ။ ခေါင်းလောင်းထိုးပြီး ဆုတောင်းမေတ္တာပို့ရဦးမှာပေါ့"

ပြောပြီး ခေါင်းလောင်းရှိရာကို သူမက ရှေ့မှထွက်သွားသည်။

ရွှေရည်၏သက်ပြင်းချသံခပ်ဖွဖွကို သူ ကြားလိုက်ရသည်။

သူရော ဘာထူးလဲ။

လေးလံနေသောစိတ်တွေကို ထွေးပိုက်ပြီး သူ နောက်သို့ လိုက်ခဲ့သည်။

တကယ်တော့ ...





အဲဒီနေ့က သူဟာ မကျွတ်လွတ်ဘဲ ခြောက်လှန့်နေသေးတဲ့ အချစ်စိတ်တွေကို ဆုတောင်းဖို့ မေ့လျော့နေခဲ့သည်။

"ဒေါင် ဒေါင် ဒေါင်"

သူမ ထိုးလိုက်သော ခေါင်းလောင်းသံဟာ ဦးခင်မောင်တိုးသီချင်းလို "ဘယ်သူ့အတွက်လဲ" လို့ မေးရန်မလိုအောင်ကို သူ့အတွက် ရှင်းလင်းလွန်းလှသည်။

ခေါင်းလောင်းထိုးသံက သူ့ရင်ထဲမှ နွမ်းလျလျလေး ဲ့တင်ကျန်နေခဲ့သည်။

ဒါပေမဲ့ ...သူ ကျေနပ်သည်။

"ကြည်ညို လာ ... ကျွန်မဘေးမှာ လာရပ်"

"ဗျာ"

"သြော် ...လာပါဆို"

ပြောပြီး ...သူမက စိတ်မရှည်သည့်ဟန်နှင့် သူ့လက်မောင်းကို လှမ်းဆွဲကာ သူမအနားသို့ ဆွဲကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဆီမှ ခပ်သင်းသင်းထွက်လာသော ရနံ့ထေ
တွေကြောင့် သူ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။

"ရွှေရည် လုလုလေးနော်"

"အေးပါ ... ကြည်ညို၊ ကော်ရုပ်အနား
ကပ်ရပ်လိုက်လေ"

ရွှေရည့်စကားကြောင့် သူမက သူ့လက်မောင်း
တွဲကာ ကပ်ပြီးရပ်လာသည်။

ထိုအခါမှ သူ သဘောပေါက်သွားသည်။ ခပ်လှမ်းလှမ်းမှ ရွှေရည်က ဖုန်းနှင့်ချိန်နေလေပြီ။

"ကြည်ညို ... ဦးထုပ်ကြီးချွတ်လိုက်လေ။
နေလည်း မပူဘဲနဲ့"

ဘုရားပေါ်မှာ သူ ဘုရားတမိသွားသည်။

ရွှေရည့်စကားအဆုံး လက်မြန်သည့် သူမက ဦးထုပ်ကို ဆွဲချွတ်သည်။

နာကျင်မှုကို အံကြိတ်ခံလိုက်ပေမယ့် –

"အ"



"ဟင် ကြည်ညို ... ခေါင်းက ဘာဖြစ်တာ
လဲ"

ခေါင်းကဒဏ်ရာကို ဆရာဝန်က ပတ်တီးစည်းပေးခဲ့သော်လည်း သူမေတ္တာရပ်ခံချက်အရ ဂွမ်းစအုပ်ကာ ထားစတာနှင့် အသာဖော့ကပ်လာခဲ့သည်။

သူမ၏တုန်ယင်စွာအမေးအတွက် အကောင်းဆုံးအဖြေကို သူ စဉ်းစားနေစဉ်မှာပဲ။

"ကြည်ညို ... ဟိုကောင်တွေအုပ်စုနဲ့ ဖြစ်
လာတာမှလား"

"အာ ... မဟုတ်ပါဘူး။ အဝတ်သွားလဲ
တုန်း လှေကားပေါ်က လိမ့်ကျတာ"

သူ့စကားအဆုံး သူမ ချာခနဲလှည့်ကာ ပြေးထွက်သွားသည်။

သူမ ဝမ်းနည်းသွားတာလား။

"ကော်ရုပ်"

သူနှင့်ရွှေရည် တစ်ယောက်ကိုတစ်ယောက် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမ ပြေးထွက်သွားရာ အပြေးတစ်ပိုင်း လိုက်ရတော့သည်။

ဟော ... လူရှင်းတဲ့ ထောင့်လေးတစ်ခုမှာ တိတ်တိတ်လေး ကြိတ်ငိုနေသောသူမကို ...

သူမဟာ သိပ်ခံစားလွယ်သူလေးပါလား။

"ကော်ရှပ်ရာ ... မငိုနဲ့နော်။ ကျွန်တော် ဘာမှဖြစ်တာမှ မဟုတ်တာ။ ဟော ... ဟိုမှာ လူတွေကြည့်နေပြီ၊ ရှက်စရာကြီး။ ရှက်ဖူးလား"

"ရှက်ပါဘူး၊ ကိုယ့်ဘာသာကိုယ် ဝမ်းနည်းလို့ ငိုတာပဲ"

ကလေးဆန်စွာပြောလာသောပုံလေးကြောင့် သူ အူယားစွာကြည့်ပြီး –

"ဩော် ... ကော်ရှပ်က ဝမ်းနည်းနေလို့ ငိုတာလား။ ရွှေရည်ရေ ကျွန်တော်တို့ အပြန်ကျရင် ဆေးဆိုင်ဝင်ပြီး ကော်ရှပ်အတွက် ဝမ်းနှုတ်ဆေး ဝင်ဝယ်ရအောင်နော့။ ကော်ရှပ် ဝမ်းနည်း





လို့တော့ မငိုပါနဲ့ကွာ။ ဝမ်းနည်းတာ ငိုစရာမှ မဟုတ်တာ။ ဝမ်းနှုတ်ဆေးစားလိုက်ရင် အိုကေသွားမှာကို"

"ကြည်ညိုနော်"

သူ့စကားအဆုံး သူမက သူ့ကိုလှမ်းတွန်းလိုက်တာမို့ သူ အနည်းငယ် မူးဝေသွားသည်။

"အ ... ဖြေးဖြေးလုပ်ပါ ကော်ရှပ်ရယ်။ ဒီမှာ ချာချာကို လည်သွားတာပဲ"

စိုးရိမ်နေသော သူမမျက်ဝန်းလေးကို သူ တဒင်္ဂ ငေးမောမိသွားသည်။

အကြည့်ချင်းအဆုံမှာ အရင်ဆုံး အကြည့်လွှဲသွားတာက သူမပါ။

ပြီးတော့ ... သူမက တိုးတိုးလေး ပြောပြန်သည်။

"ကျွန်မ ဝမ်းနည်းတာက ကြည်ညို ကျွန်မကိုညာလို့ပါ"

"ဩော် ... ကျွန်တော်က ကော်ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စိတ်ပူမှာစိုးလို့ပါ''

''ဟုတ်တယ် ကြည်ညိုရေ၊ ကော်ရှပ်က သူ့ကိုညာတာ အမုန်းဆုံးပဲ၊ နောက်တော့ ကြည်ညို သူ့အကြောင်း သိလာမှာပါ။ ရွှေရည်တောင် ဘာမဆို သူ့ကို မညာရဲဘူး။ သူက ကျန်တာ ခွင့်လွှတ်မယ်၊ သူ့ကိုညာရင်တော့ လုံးဝ ခွင့်မလွှတ်တတ်ဘူးလေ''

''ဩော်''

ရွှေရည့်စကားအဆုံး သူ ဩော်ဟုသာ ရေရွတ်မိသည်။

သူမအမုန်းဆုံးက လိမ်ညာခြင်းဆိုပါလား။

တစ်ခါတစ်ရံ မေတ္တာရှေ့ထားပြီး လိမ်ညာရခြင်းမျိုးလည်း ရှိတတ်သည်ဆိုတာကို သူမ မသိလေရော့သလား။

ဥပမာ အင်္ဂုလိမာလဇာတ်တော်ထဲမှာ မိခင်ကို လက်ညှိုးပြတ်ဖို့လိုက်လာသော အင်္ဂုလိမာလက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သူ့မိခင်ဖြတ်သွားတာ တွေ့မိပါသလား





ဆိုသည့် မေးခွန်းကို ဘုရားရှင်က မူလနေရာမှ ရှေ့ကိုတစ်လှမ်းကြွတော်မူပြီးမှ မတွေ့မိပါဟု ညာရခြင်းမျိုးဟာသည်း မေတ္တာရှေ့ထား ညာရခြင်းမျိုးပေါ့။

အကယ်၍ ဘုရားရှင်ကသာ မညာဘဲ အမှန်အတိုင်းပြောခဲ့ရင် မိခင်ကို လက်ညှိုးဖြတ်မိတဲ့အတွက် အင်္ဂုလိမာလဘာ ''ပဉ္စနန္တရိယ'' ကံထိုက်ပြီး သုံ့တော်ကောင်းရဟန္တာဘယ်တော့မှ ဖြစ်လာတော့မှာ မဟုတ်ပေ။

''ဟုတ်ပါပြီ၊ နောက်ဆို ကျွန်တော် ကော်ရှပ်ကို ဘယ်တော့မှ မညာတော့ဘူးနော်''

''ကတိ''

သူမက ကလေးငယ်တစ်ယောက်လို လက်ညှိုးလေးထောင်ရင်း ပြောလာသည်။

''ကတိပါဗျာ''

ကျေနပ်သွားသော အမူအရာလေးနှင့် မခြောက်သေးသော မျက်ရည်တွေနှင့် သူမက ကြည်ကြည်လင်လင်လေး ပြုံးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြန်ရအောင်"

ရွှေရည်က ပြောတာမို့ သူက သူမထံ လက်ကမ်း ပေးလိုက်သည်။

သူမက သူ့လက်ကိုင်ပြီးအထ သူက လက်ကို ရုတ်တရက် ရုပ်လိုက်တော့ 'အ' ဆိုပြီး သူမ ဖင်ထိုင်လျက် လဲကျသွားသည်။

"ဟား ဟား"

"ဘာလုပ်တာလဲ၊ ဒီမှာ သူများ နာသွားပြီ"

"ဟုတ်လား၊ ဘယ်နားနာသွားလဲ ...
မှန်း"

သူက နောက်ချင်တာမို့ အနားကိုကပ်လိုက်တော့ ... သူမမျက်နှာလေး နီရဲသွားကာ သူ့ကို လိုက်ထုပါတော့သည်။

ရွှေရည်ကလည်း ပြေးလို့ သူတို့နောက် လိုက်လာသည်။

သူမလိုက်လို့ သူက ပြေးစဉ် တစ်နေရာအရောက်





တွင်တော့ ...

"အောင်မယ်လေး သေပါပြီဗျ"

ဆိုသောအသံနှင့်အတူ သူလည်း လဲကျကာ ဟန်ချက်ပျက်သွားရသည်။

ကြည့်လိုက်တော့ –

"အား လား လား"

ပုတီးစိပ်နေသော လူတစ်ယောက်ကို ပြေးရင်း သူဝင်တိုက်မိတာဖြစ်သည်။

ဘယ်မြင်မိမလဲ။

အနီးပုဂ္ဂိုလ်က အရပ်နှစ်ပေသာသာသာရှိသော လူပုလေးပင်။

မတ်တတ်ရပ်တာတောင် နှစ်ပေသာသာရှိရင် ထိုင်ပြီး ပုတီးစိပ်နေသော သူ့အရပ်က တစ်ပေလောက်ပဲဆိုတော့ မမြင်လည်း မမြင်ချင်စရာ ဖြစ်နေသည်။

"မင်း မိုက်ရိုင်းလှချေလားကွ၊ ဒီမှာ လူကြီး တစ်ယောက်လုံး ပုတီးစိပ်နေတာ မမြင်ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ဘုရားနဲ့ကစားကွင်း များလာကြသလား ကွ၊ ဟော ...ဟင်း ခုခေတ်ကာလသားသမီး တွေများ ဂါရဝတရား တယ်နည်းသကိုး''

လူ့ပုစိတ်တိုဆိုတာ ဒါမျိုးဖြစ်ရမည်။

နှစ်ပေခန့် သူ့အရပ်လေးနှင့် ခြောက်ပေခန့်သူ့အရပ်ကို မော့ကြည့်ပြီး ခါးလေးထောက်ကာ အပီကောနေသည်။

ကိုယ့်အပြစ်နှင့်ကိုယ်မို့ လက်အုပ်လေးချီကာ ခေါင်းငုံ့ရင်း -

''ကန်တော့ပါ ဦးရယ်၊ ကျွန်တော်က ဦးလေးကို အဝတ်ပုံလေးထင်ပြီး''

''ဘာကွ''

ဩော် ...ငါ့နှယ်၊ ဒီပါးစပ်က။

မထူးတော့ပါဘူး။

ထိုင်ကန်တော့လိုက်တော့မှ ကရုဏာရှေ့ထားပြီး ခွင့်လွှတ်တော်မူသည်။





''ဟီး''

ရွှေးပြန်နေသော သူ့ကိုကြည့်ပြီး သူမရော ရွှေရည်ပါ ဟန်မဆောင်နိုင်စွာ အားပါးတရ ရယ်ကြတော့သည်။

သူမှာသာ စပ်ဖြီဖြီကြီးဖြစ်နေရသည်။

''ကောင်းတယ် ...ကောင်းတယ်၊ အဲဒါ သူများကို ညစ်ပတ်လို့''

''လာ ...သွားရအောင်''

''ဘယ်လဲ''

''ကစားကွင်းကိုလေ''

''အဲဒီကြည်ညိုကတော့လေ အရမ်းနောက်တာပဲ''

အပြန်လမ်း ကားပေါ်တွင်လည်း စကားတွေပြောရင်း သူ့ သတိထားမိလာတာက သူ့ရင်ထဲ ကြိုးတစ်ချောင်းသည် တင်းသထက် တင်းလာခဲ့သည်ဆိုတာကိုပါ။

''ကြည်ညို ...ဒထဲရာကို မပေါ်နဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးလည်း သောက်ဦး။ အညှော်လည်း မမိစေနဲ့၊ ချုပ်ရိုးဖြည်ရင် ကျွန်မလည်း ဆေးခန်းလိုက်မယ်''

သူမအပြောကြောင့် သူ ကြည်နူးရပြန်သည်။

''ကျွန်မကသာ မှာနေတာ ရှင်က ဖြစ်သလိုနေမှာပါ။ ကဲ ...ပြော ရှင့်ဖုန်းနံပါတ်။ အဲဒါမှ ဆေးသောက်ချိန်ကျရင် ကျွန်မ သတိလှမ်းပေးလို့ရမှာ''

ဒီလိုဆိုတော့လည်း အလိုက်သိလွန်းသော ချစ်သူလေးဟာ ကံကြမ္မာပါလား။

ခေါင်းကဒဏ်ရာလေးကိုလည်း ခဏခွာချပြီး ထိုင်ဦးချချင်မိသည်။

''ဟိတ်ကောင် ...ရုံးပေါ်မတက်ဘဲ ဘာတွေငေးနေတာလဲ''

ငေးနေသောသူကို သုခနှင့်ယုယက ရုတ်တရက် ပခုံးပုတ်လာတော့မှ သတိဝင်လာခဲ့သည်။





''ဖြည်းဖြည်းလုပ်ပါကွ၊ သရဲရုပ်တွေနဲ့ လန့်လိုက်တာ''

သူ့စကားကြောင့် ဒင်းတို့နှစ်ကောင် မျက်စောင်းထိုးတာကို ခံလိုက်ရသည်။

ဘာဖြစ်လဲနော်။

* * *

www.burmeseclassic.com

## အခန်း (၇)

"မင်း ... ဒီလိုပဲ နေတော့မှာလားကွ"

ယုယ၏အမေးကြောင့် သုခကလည်း သူ့အဖြေ

ငံ့လင့် နေပုံရသည်။

သေချာတာကတော့ ဒီမေးခွန်းအတွက် သူ့မှာ

တိကျသောအဖြေမရှိပါ။

"မင်းအချစ်က ပရမ်းပတာနိုင်တယ်ကွာ။ ဒီလိုချည်း မောလျှနေမယ့်အစား ကော်ရှပ်ကို ဖွင့်ပြောသင့်တယ်လို့ ငါထင်တယ်။ မင်းကို ကော်ရှပ်



က သံယောဇဉ်ရှိတယ်ဆိုတာ ငါတို့လည်း မြင်နေ, သိနေတာပဲကွာ"

ယုယပြောစကားတွေကလည်း အမှန်တွေပဲ ဖြစ်သည်။

ဒါပေမဲ့ ... ရင်ခုန်သံဆိုသည့် လမ်းဆုံမှာပဲ သူ့ချစ်ခြင်းတွေ မီးနီနေခဲ့တာပါ။

အချိန်ဆိုသောမြစ်က စီးနေပေမယ့် သူကတော့ ချစ်ခြင်းတွေကို အဲဒီမြစ်တွေထဲက ဆယ်ပြီး သပ်သပ်သိမ်းဆည်းထားခဲ့သည်။

တိတိကျကျပြောရရင် ပိုင်ရှင်မရှိသော ချစ်ခြင်းတွေပေါ့။

သူ့အတွက်တော့ အချစ်ကို အထူးတလည် မျှော်သင့်ထားခြင်းဆိုတဲ့နေ့ရက်က ပြက္ခဒိန်တွင်မရှိ။

သူမကို တိတ်တိတ်လေးချစ်ရင်းပဲ ပြက္ခဒိန်ကို ကျော်လွန်သွားခဲ့သည်။

ယုယတို့သိထားတာက အပေါ်ယံသာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ချစ်သူရှိတယ်ဆိုတာကို သူတို့ မသိဘေ

သူကလည်း ပြောမထား။

အဲဒီတော့ သူတို့အတွေးက သူကပဲ အချိန်ဆွဲကာ

ဇာက်မျောနေသလို ထင်နေကြတာ ဖြစ်သည်။

ဒီကြားထဲ သူမက သူ့ထံ ဖုန်းခေါ်တာတွေ ဖုန်

တွေ ကြာကြာပြောတတ်တာတွေကိုလည်း သူတို့ မြင်ထားကြ

သည်လေ။

အမှန်က သူမဟာ သူ့ကို သူမချစ်သူအကြောင်း

ကိုသာ ရင်ဖွင့်ပြောကြားနေတာဖြစ်သည်။

သူခတို့သာ အမှန်အကိုင်း သိရင် စုတ်တသတ်သင်

ဖြစ်ကြမှာမလွဲ။

သူ့ရင်ဘတ်က အငှားခံစားပေးနေရသည်ဆိုတာကို

သူတို့ သိများသွားခဲ့ရင်။

"မင်း မပြောရဲရင် ငါတို့ ပြောပေးမယ်ကွာ"

သုခ ဝင်ပြောလာသောစကားကြောင့် သူ လန့်

သွားကာ ...





"ဟာ ...အဲလိုတော့မလုပ်နဲ့"

"အဲဒါဆို မြန်မြန်ဖွင့်ပြောတော့လေကွာ။

တောက် ...နေရာချင်းသာ လဲလိုက်ချင်တယ်"

"ဟဲ့ သုခ ...နင်နော်"

ဘေးနားတွင်ရှိသော သုခရည်းစားချယ်ရီထွန်းက

ဝင်ပြီး ဟောက်လိုက်တာမို့ ဒီကောင်ငြိမ်သွားသည်။

"ဩော် ဟော့ရောင် ...ငါ မင်းကိုပြောဖို့

မေ့နေတာကွ။ မနေ့က မင်းအိမ်နေတုန်း ဖုန်း

လာသေးတယ်၊ ရိုးဖုန်းကိုလာတာကွ။ နေပါဦး

...နာမည်က ဘာတဲ့။ ထွားထွားကျော်ဆိုလား"

ယုယကပါ ဝင်ပြောပြန်သည်။

"ထားထားကျော်ပါကွ၊ မင်းကလည်း"

"သုခ ...ရှင် ဘာတွေရှုပ်ထားတာလဲ။

ဘယ်က ထွားပြီး ဘယ်ကိုကျော်တာလဲ ပြော"

"အာ ...ချယ်ရီကလည်းကွ၊ ဘာတွေ

စွပ်စွဲနေတာလဲ၊ ဒီကောင်တွေ လျှောက်နောက်

www.burmeseclassic.com

www.burmeseclassic.com



နေတာပါကွာ''

သူခတို့အတွဲကိုကြည့်ပြီး ရယ်ချင်ပေမယ့် မရယ်

ပါ။

ပြုံးတော့ ပြုံးမိပါသည်။

ရင်ထဲမှာတော့ ဘာတွေ ဆို့နေမှန်းမသိ တစ်ဆို့

သည်။

မျှသိမ်ထားရသောအချစ်တွေကြောင့် သူ့ရင်ဘတ်

မှိုးမလင်းခဲ့တာ အတော်ကြာပေါ့။

လမ်းမပေါ်မှ ဖြတ်လျှောက်သွားကြတဲ့ စုံတွဲ

တွေကိုကြည့်ပြီး သူ ဝိတိဖြစ်မိသည်။

အချစ်ဆိုတာကလည်း back gear မပါတော့

နောက်ဆုတ်ဖို့ခက်သားဗျ။

ဘာမျှော်လင့်ချက်မှ မရှိတော့ပေမယ့်လည်း ချစ်

နေဆဲပဲလေ။

''...''

သူ လမ်းမကိုငေးရင်း စိတ်ကူးတွေ ရှက်လွှင့်နေစဉ်



မှာပဲ သူ့ဖုန်းလေးမြည်လာခဲ့သည်။

သူမထံမှ –

''ဟယ်လို''

''ကြည်ညို ... အခုဘယ်မှာလဲ''

''ကျွန်တော် ရုံးမှာပဲလေ။ ဘာဖြစ်လို့လဲ''

တစ်ဖက်က သူမအသံ ခဏတိတ်သွားသည်။

တတ်ပြင်း ချသံ ဖွဖွလေးကြားလိုက်ရသည်။

''ကြည်ညို အားလားဟင်၊ ကျွန်မ အခု

အင်းယားမှာ ထိုင်နေတာ၊ ကျွန်မ ကျွန်မ

အခုအရမ်းအားငယ်နေတယ် ... အဟင့်''

တိမ်ဝင်သွားသော အသံလေးနှင့်အတူ 'အဟင့်'ဆို

သာအသံလေးကြောင့် သူမ ငိုနေပြီဆိုတာကို သူ သိလိုက်

သည်။

အေးခဲနေသောသွေးတွေ ပူနွေးလာခဲ့သည်။

''ကျွန်တော် အခုပဲ လာခဲ့မယ်နော်''

''ဘာတဲ့လဲ ကြည်ညို''

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးကွ၊ ငါပြန်လာမှ အကြောင်းစုံ ပြောပြမယ်။ အခုတော့ လစ်ပြီ"

အသံထက်မြန်သော ခြေလှမ်းမျိုးနှင့် သူမရှိရာ ဆီသို့ မင်း ငါ့ကို ဘယ်နေရာမှာပဲထားထား ငါက မင်းအပေါ် ခံစားနေရရင်ပဲ ကျေနပ်နေတဲ့ကောင်ပါကွာ။

❋





အင်းလျားရေပြင်ဟာ ခေတ်အဆက်ဆက်က ချစ်သူတို့၏ငိုခြင်း၊ ရယ်ခြင်းတို့ကို အကြိမ်ကြိမ် မြင်ရဖန်များလို့ တရားပေါက်နေသော သူတော်စင်တစ်ဦးလို ငြိမ်သက်နေသည်။

သူ့ရင်ထဲမှာတော့ အင်းလျားကန်ရေပြင်နှင့် ဆန့်ကျင်ကာ လှိုင်းထန်နေခဲ့သည်။

သူမနှင့်သူ ထိုင်ခုံတစ်ခုတည်းတွင် ထိုင်နေရပေမယ့် ကမ္ဘာခြားနေရသလို ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင် ငိုရှိုက်နေသော သူမကို သူရင်ခွင်ထဲ ဆွဲပွေ့နှစ်သိမ့်ပေးချင်ပေမယ့် ထိုအခွင့်အရေးက သူ့ထံတွင် မရှိပေ။

စိတ်လှုပ်ရှားမှုကြောင့် ခေါင်းငုံ့ထားရင်းမှ လက်ထဲမှ ပြင်နှစ်ဖက်ကို အကြောင်းမဲ့ ပွတ်သပ်နေမိသည်။

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်း ချသံတွေကြောင့် အင်းလျားရေပြင်မှာ လှိုင်းကြက်ခွပ်လေးတွေ ထ,သွားသည့်အလား။

"ကော်ရုပ်ရယ် ... မသေချာတဲ့သတင်း ကြောင့်တော့ ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့ ကွာ"

"ကြည်ညို"

ရှိုက်သံစွပ်နေပေမယ့် ချစ်သူရဲ့ အားကိုးတကြီး ခေါ်သံကြောင့် –

"ပြောလေ ကော်ရုပ် ... ဘာလုပ်ချင်လို့ လဲ"





"ကျွန်မ ... ကျွန်မရင်တွေ အရမ်းပူလောင် နေရပြီ ကြည်ညိုရယ်"

သူမရဲ့ပူလောင်နေမှုကို ငြိမ်းသတ်ပေးဖို့ ဦးနှောက်က အလုပ်လုပ် စဉ်းစားနေပေမယ့် သူ့နှလုံးသားကတော့ သောင်ကျွမ်းပြောကျနေရသည်။

ဘယ်လောက်များ ဆိုးဝါးရက်စက်တဲ့ အခြေအနေ ပါလိမ့်။

"ကျွန်တော်လည်း ငိုနေရပါတယ် ကော်ရုပ် ရယ်"

လို့ ... စိတ်ထဲကသာ ခပ်တိုးတိုးလေး ပြောနေမိ သည်။

ရောင့်ရဲကျေနပ်ခြင်းဆိုတဲ့ ဘောင်တွေထဲမှာ သူ့ အချစ်တွေကို နှစ်အကန့်အသတ်မရှိ ထွေးခတ်ထားခဲ့သည်။

သူမ၏မျက်နှာလေး ကို တိတ်တိတ်လေး ကြည့်ခွင့်၊ သူမအသံလေး နားဆင်ခွင့်၊ သူမရနံ့လေး ရှူရှိုက်ခွင့်လေး တွေနှင့်ပဲ သူကျေနပ်နေခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပိုပြီး သူမထံမှ သူ ဘာကိုမှ မျှော်လင့်မထားခဲ့။

ရိုးသားသော သူချစ်ခြင်းတွေအတွက် သူ ဂုဏ်ယူမိပါသည်။

"ကော်ရုပ် ... ကိုခန့်ဘုန်းထွဋ်ရဲ့ဖုန်းနံပါတ်လေး ကျွန်တော့်ကို ပေးပါလား"

သူစကားဆုံးတော့ သူမမျက်ဝန်းလေးသည် မျှော်လင့်ချက်တို့ကြောင့် အရောင်တလက်လက်ဖြစ်လာတာကို သူ ရင်နာနာနှင့် ငေးနေမိသည်။

"ကြည်ညို့က ဘာလုပ်မလဲဟင်။ မောင့်ဖုန်းနံပါတ်တော့ ရှိတယ်။ ဒါပေမဲ့ ... ကျွန်မခေါ်တော့ ကျွန်မအသံကြားတာနဲ့ ဖုန်းချသွားတယ်"

"ခုဟာက ကျွန်တော် ခေါ်မှာလေ။ ကော်ရုပ်ခေါ်တော့ သူမိဘတွေဘေးမှာရှိတဲ့အချိန်မို့ ချသွားတာမျိုးနေမှာပေါ့။ အခု ကျွန်တော့်ဖုန်းနဲ့ ခေါ်မှာလေ။ ကျွန်တော်တို့ ယောကျ်ားအချင်းချင်းပြောတာဆိုတော့ သူ့မိဘတွေက ဘယ်သိပ့်ါမလဲ။ အဆင်ပြေမှာပါ"

သူစကားဆုံးတော့ သူမမျက်လုံးလေး တလည်လည်နှင့်။

"ဟုတ်တယ်နော်၊ ကျွန်မ ဒီနည်းလမ်းကို ဘာလို့မစဉ်းစားမိတာပါလိမ့်။ အချိန်တွေ နှမြောလိုက်တာ။ ဟုတ်မှာ ... ဟုတ်မှာ။ မောင့်မာမိကဟိုမှာ မောင်နဲ့အတူရှိနေတာလေ။ မောင် ဘယ်လွတ်လပ်ပါ့မလဲ"

"အဆင်ပြေသွားမှာပါ ကော်ရုပ်ရယ်။ ကျွန်တော့်အထင်မှာတော့ သူလည်း ဟိုမှာ အကြောင်းတစ်ခုခုကြောင့် ကော်ရုပ်ကို မဆက်သွယ်သေးတာ ဖြစ်မှာပါ"

ထိုစကားတွေကို ပြောနေစဉ်မှာ သူ့အသံတွေတုန်လာတာကို အပူကပ်နေသော သူမကတော့ သတိထားမိပုံ မရပေ။





ရွှေအသာစာပေ

www.burmeseclassic.com



သူ့ရင်ဘတ်တစ်ခုလုံးကတော့ မိုင်ထောင်ချီကာ ပြေးလာသော လူတစ်ယောက်လို လှိုက်ဖိုနွမ်းလျလို့။

သူ့နှလုံးသားဟာ အတော်ကို အကုသိုလ်ကြီးလှပါလား။

"ရော့ ... ဒါ မောင့်ဖုန်းနံပါတ်"

ပြောပြီး သူမက သူ့ဖုန်းထဲသို့ သူ့ချစ်သူ၏ ဖုန်းနံပါတ်ကို message ပို့လိုက်သောကြောင့် သူ့ဖုန်းလေးထံမှ message ringtone သံလေးထွက်ပေါ်လာသည်။

သူမက သူ့ကိုပေး တာ သူ့ချစ်သူ့ဖုန်းနံပါတ်။

သူက သူမကို ပြန်ပေးလိုက်တာက ...

"ရော့ ... မျက်ရည်တွေသုတ်လိုက်ဦး။ အားလုံးအဆင်ပြေသွားအောင် ကျွန်တော် ကူညီပေးပါ့မယ်"

သူကမ်းပေးလိုက်သော snow tower လေးကို သူမက လှမ်းယူသည်။

"ကြည်ညို ... မောင်နဲ့ အဆက်အသွယ်



ရခဲ့ရင် ဘာကိစ္စပဲဖြစ်ဖြစ် ကျွန်မကို ပွင့်ပွင့်လင်းလင်းပဲပြောပါမယ်လို့ ကတိပေးပါနော်။ ကျွန်မ အမုန်းဆုံးက ဘာလဲဆိုတာကို"

သတိပေးသော သူမမျက်နှာလေးကို သူ စွဲလမ်းစွာ ငေးကြည့်ရင်းမှ –

"ညာ ... ညာတာကိုပါ။ စိတ်ချပါ ကော်ရုပ်ရယ်၊ ကျွန်တော် ကော်ရုပ်ကို မညာပါဘူး"

"Promise"

"Promise"

သူမက ကလေးတစ်ယောက်လို လက်မလေး ထောင်ပေးတာမို့ သူ့လက်မချင်း ဖိနှိပ်ကာ သူ ကတိစာချုပ်ချုပ်ခဲ့ရသည်။

ပြီးတော့ ကိုယ်စီအတွေးတွေနှင့် ကန်ရေပြင်ကို ငိုက်ဆိတ်စွာ ငေးနေမိကြသည်။

တော်တော်လေးကြာမှ –



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရအောင်လေ"

ဟု သူပြောလိုက်တော့ သူမ ခေါင်းညိတ်ရှာသည်။

ကစ်ခါတလေတော့လည်း မေတ္တာစိတ်ကြောင့် ညှာရတဲ့အဖြစ်တွေ ရှိတတ်ပါသည်။

* * *



## အခန်း (၈)

ရန်ကုန်ဆောင်း၏ညက နေသာထိုင်သာရှိလေး အအေး ဓာတ်တို့နှင့် လွှမ်းခြုံထားပေမယ့် သူ့အတွက်ကတော့ ဓလုံ လောက်ပေ။ Aircon တစ်လုံးကို လိုသလို မြှင့်လို့ ရှေ့ရင်လည်း အကောင်းသား။

ရုံးဝရန်တာကနေ အောက်သို့ငုံ့ကြည့်တော့ ကလေး ဆယ်တချို့ ကစားနေကြတာတွေ့ရသည်။

ယုယတစ်ယောက်ကတော့ ဟန်းဆက်လဲထားတဲ့ သူ့ဖုန်းအသစ်လေးနှင့် ဓာတ်ပုံရိုက်လိုက်၊ ဗီဒီယိုရိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်။

တစ်ခါတစ်ခါ သူ့ကိုလာလာရိုက်တာမို့

ထုတ်နေရသည်။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးရန် ဆယ်မိ

အလိုရှိနေပြီ။

သူ ကောင်းကင်ထက်ကို မော့ကြည့်မိပြီး ပြောရ

စကားလုံးတွေကို တန်းစီနေမိသည်။

ခံစားချက်တွေကို ခင်းကျင်းပြလိုက်ရလို့လား

သူ နည်းနည်းတော့ ပေါ့ပါးသွားရသည်။

"မင်း သေချာစဉ်းစားဦးနော် ကြည့်ညို၊ အချိန်မီသေးတယ်"

သူပြောပြထားလို့ သူ့မအကြောင်းကို အစအဆ

သိနေပြီဖြစ်တဲ့ သုခတို့က တားသည်။

"အာ ... အရေးထဲ၊ မင်းကလည်း ဗီဒီယိုရိုက်နေသေးတယ်။ တခြားဟာတွေ သွား

ရိုက်ပါကွာ"



"အေးပါကွာ"

ပြောပြီး လမ်းပေါ်ကလူတွေကို သွားရိုက်နေပြန်

သည်။

"သူရဲကောင်းဆိုတာ video တွေထဲမှာပဲ ကြည့်လို့ကောင်းတာကွ။ မင်းပြောတဲ့အနေအထား အရဆိုရင် မင်း hero မဖြစ်ဘဲ zero ဖြစ်သွား လိမ့်မယ်။ ဒီအခြေအနေကိုပဲ အမှန်အတိုင်း ပြောလိုက်တာ ပိုကောင်းပါလိမ့်မယ်ကွာ။ အဲဒါဆို မင်းအတွက်လည်း မျှော်လင့်ချက်ပိုကောင်းလာ နိုင်တယ်။ မရှုးစမ်းပါနဲ့ ကြည့်ညိုရာ"

သုသခေါ်စကားတွေက သူ့နားထဲမရောက်ပေ။

သုခတို့ ပြောတာ သူ့အတွက်ဖြစ်ပေမယ့် သူတွေး

တာက သူ့မအတွက် ဖြစ်သည်။

"ပြီးတော့ ... မင်းပြောသလို လုပ်ကြပါပြီ တဲ့ကွာ။ မင်း အမှန်တရားကို ဘယ်လောက်ကြာ ကြာ ဖုံးကွယ်ထားနိုင်မှာမို့လဲ။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းပဲ ပြောခဲ့တာလေ။ ကော်ရှပ်က ညာတာကို အရမ်းမုန်းတယ်ဆို။ အခု မင်း သူ့ကို ညာကော့ မလို့လား''

သုခ၏စကားတွေက သူ့ရင်ကို တည့်တည့်ထိမှ[illegible] သည်။

သိပ်မကြာခင် အချိန်လေးအတွင်းက [illegible] ခန့်ဘုန်းထွဋ်ရှိရာဆီသို့ over sea call ခေါ်ခဲ့ပါသည်။

'ခန့်ဘုန်းထွဋ်နှင့်တွေ့တော့ သူ ယောကျ်ားချင်း[illegible] ပင် ဖွဲ့နွဲ့ကာ ဒီဘက်က သူမ၏အခြေအနေကို သေ[illegible] ချာချာ ရှင်းပြမိသည်။

တစ်ဖက်ကတော့ သူပြောသမျှကို ''အင်း ...[illegible] ဟင်း'' ဆိုသော တိုးလျူပြီး အဓိပ္ပာယ်မှန်းဆရခက်သ[illegible] အသံနှင့် နားထောင်နေခဲ့သည်။

သူ ခံပြင်းမိပေမယ့် သနားစရာမျက်ရည်တွေ[illegible] သူမ၏မျက်နှာလေးကို မြင်မိတော့မှ မာနတွေ ဘေးချ[illegible] လိုက်မိသည်။





နောက်ဆုံးတော့ တစ်ဖက်က လှုကြီးလှူကောင်းဆန် သောအသံနှင့် သွေးအေးစွာ ပြောလာသော ခန့်ဘုန်းထွဋ်၏ စကားက ...

''ကိုယ် ဒီမှာလက်ထပ်လိုက်ပြီ ညီ''

တဲ့လေ။

သူ့စကားအဆုံးမှာတော့ လက်သီးနှင့် နံရံကို ပစ် ထိုးလိုက်မိသည်။

လက်မှ သွေးများစီးလာသည်ကိုပင် ဂရုမစိုက်နိုင် ပဲ။

''ခင်ဗျားဗျာ ... ကော်ရှပ်သာ အဲဒီသတင်း သိရင် သေမှာဗျ။ ညနေကတောင် ခင်ဗျား ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့ သတင်း သူ့ဆီ ဘယ်လိုရောက်လာလဲမသိဘူး အသေခံစားနေရတာဗျ။ အဲဒါ ... ခင်ဗျား သိလား''

''ကိုယ်လည်း ရှောင်လွှဲလို့မရတဲ့ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေတစ်ခုကြောင့်ပါ ညီ”

“အကြောင်းပြချက်လား”

သူကတော့ ဒီဖက်မှာ သေလောက်အောင် ဆူး...ကြကွဲနေခဲ့ပေမယ့် တစ်ဖက်ကတော့ သွေးအေးရက်စ...စွာပင်။

“ဒီလိုလုပ်ပါလား ညီ၊ ကိုယ်က အခုအရေးကြီးတဲ့ meeting တစ်ခုရှိနေတယ်။ ကိုယ် metting ပြီးတော့မှ ညီ့ဆီ ပြန်ခေါ်လိုက်မယ်။ အဲဒီတော့မှ ဆွေးနွေးကြတာပေါ့။ အိုကေ ... ဒါနဲ့ ညီနာမည်က”

“မင်းကြည်ညို”

စိတ်ကို အတတ်နိုင်ဆုံးလျှော့ထားပေမယ့် သူ့... သံ အနည်းငယ်တော့မာသွားသည်။

“ကိုယ် မြန်မာပြည်မှာရှိနေတုန်းကတော့ ညီ့နာမည်ကို ကော်ရှပ်ရဲ့အသိုင်းအဝိုင်းမှာ မကြားမိခဲ့ဘူးနော်။ ကော်ရှပ်နဲ့ ညီက”



တစ်ဖက်လူက စကားကြွယ်သောသူပီပီ ခေါင်းစဉ်...တပ်ဘဲ သူလိုရာကို မေးနေသည်။

“ကျွန်တော်က ဒီကမ္ဘာမှာ ကော်ရှပ်ကို အချစ်ဆုံးသူပဲ”

ဟု စိတ်ထဲတွင် အကြိမ်ကြိမ်ပြောနေမိသည်။ ...ကယ်တမ်း လက်တွေ့ထွက်ကျလာတာက –

“သူငယ်ချင်းတွေပါ”

တဲ့လေ။

“သြော် ... ကော်ရှပ်အပေါ်တော့ ညီက တော်တော် သံယောဇဉ်ကြီးပုံရတယ်နော်။ အိုကေလေ ... ကိုယ် ဖုန်းပြန်ခေါ်လိုက်မယ်။ Bye ...”

တစ်ဖက်က ဖုန်းချသွားတော့ သူ ဒူးနှစ်ဖက် ညွတ်...သွားရသည်။

သွားပြီ။ သူ ဒီအခြေအနေကို သူမကို အမှန်အတိုင်း...ယ်လိုပြောရမလဲ။

www.burmeseclassic.com

www.burmeseclassic.com


လက်နှစ်ဖက်ကို ဆံပင်တွေထဲ ထိုးဖွရင်း စဉ်းစားသည်။

ခပ်လှမ်းလှမ်းမှ အခြေအနေကို လှမ်းအကဲခတ်ပြီး ထလာကာ သူ့ကိုထူသည်။

"သုခ ...ပိုင်းတည်ကွာ၊ ငါ အရက်သောက်မှရမယ်"

သူ့စကားအား သုခက ယုယကို ခေါင်းတစ်ချက်ဆတ်ကာ မျက်ရိပ်ပြလိုက်တာကိုတော့ သူ သတိမထားလိုက်ပေ။

ယုယကတော့ ဖုန်းကိုကလီနေရာကနေ သုခကို ခေါင်းညိတ်ပြသည်။

သူကတော့ ခေါင်းကို လက်နှင့်ထိုးဖွရင်း မျက်စိစုံမှိတ်ကာ အံကြိတ်ပြီး ခံစားချက်တွေကို မျိုချတုန်း။

ညဟာ သူ့အတွက် ခါးသက်နေဆဲ။

❋

ငါ ဆုံးဖြတ်ပြီးပြီ သုခ။ အရေးအကြီးဆုံးက မင်းတို့နှစ်ယောက် နှုတ်လုံဖို့ပဲ"

သူ့စကားသံက တိတ်ဆိတ်တဲ့ညမှာ ပီသပြတ်သားစွာ။

သူ့စကားအဆုံး သုခကော ယုယပါ နှစ်ယောက်လုံး ဆက်ပြင်းရှည်ကြီးတွေ ကိုယ်စီချသည်။

သေချာသည် ဆောင်းညဆိုပေမယ့် ဒီညကတော့ သူတို့သုံးယောက်နှင့် အနီးတစ်ဝိုက်တွင်တော့ အပူရှိန်တွေ



www.burmeseclassic.com

www.burmeseclassic.com

အရမ်းမြင့်နေသည်။

"ငါတို့ကိုတော့ စိတ်ချပါကွာ။ အဲဒီ ခန့်ဘုန်းထွဋ်ဆိုတဲ့ဘဲက မင်းပြောတာတွေကို သဘောတူပါ့မလား"

ယုယ၏အမေးကြောင့် သူ ရင်မောသွားသည်။

ကောင်းကင်ထက်က ညည့်ငှက်တစ်ကောင်က 'ဂီး' ခနဲအော်သွားသည်။

နားထဲမှာ သူမ၏ပုံရိပ်တွေသာ ကြီးစိုးနေသည်။

"ဒါကတော့ ရအောင်ပြောရမှာပေါ့ကွာ။ တောင်းပန်ပြီး ပြောကြည့်မယ်ကွာ။ မရရင် နောက်ဆုံး ဒူးထောက်ပြီးပြောသင့်ရင် ပြောရမှာပဲ"

"ဟုတ်ပါပြီ။ မင်း အဲလောက်တောင် ပေးဆပ်ခဲ့တဲ့အတွက် ကော်ရှပ်ရဲ့အပျော်တွေက အချိန်ဘယ်လောက်ခံမယ်လို့ မင်းထင်ထားလဲ ကြည့်ညို။ အခြေအနေမှန်ကို ကော်ရှပ်သိသွားတဲ့





တစ်နေ့ကျရင်ဆိုတာမျိုးရော မင်း တွေးထားလား။

အဲဒီအခါကျရင် မင်းဟာ ခပ်ဆိုးဆိုး ဇီလိန်ဆိုတဲ့ ခေါင်းစဉ်အောက်ကို ဝင်ရမှာနော်။ ငါ ကြားဖူးတယ်ကြည့်ညို။ လူသတ်တာခြင်းအတူတူ တောင်မှ တစ်ချက်တည်း ဓားနဲ့ထိုးသတ်တာ အပြစ်သိပ်မကြီးဘူးကွ။ အေး ... တအိအိနဲ့ ညှဉ်းပြီးမှ သတ်တာဆိုရင် အပြစ်ပိုကြီးတယ်။ တမင်တကာ နာကျင်စေမှုပါ ပါသွားပြီ"

"ဒီမှာ သုခ ... မင်း ချယ်ရီကို ဘယ်လို ချစ်လဲတော့ ငါ မသိဘူး။ ငါ ကော်ရှပ်ကို ချစ်တဲ့ အချစ်ကတော့ ဘာမှ မျှော်လင့်ချက်မထားခဲ့လို့ အေးချမ်းတယ်။ ငါ ဘယ်လောက်ပဲ ကော်ရှပ်အတွက် ပေးဆပ်ရပါစေ၊ ငါ့ရဲ့ပေးဆပ်မှုကြောင့် ကော်ရှပ် တစ်စက္ကန့်လောက် ပျော်သွားခဲ့ရင်တောင် ငါကျေနပ်တယ်။ ကော်ရှပ်သာ ပျော်မယ်ဆိုရင် အဲဒီပျော်နေချိန်တွေ ကုန်မသွားအောင်



www.burmeseclassic.com

www.burmeseclassic.com

ငါက နောက်ကနေပြီး အချိန်တွေ ထပ်ထပ်တိုး ပေးနေချင်တာ။ အဲဒါ ငါ့အချစ်ပဲ။ တစ်ချိန် ငါ့အချစ်သမိုင်းကို ငါပြန်ကြည့်တဲ့အခါ အမှားပြင်ဆင်ချက်မရှိစေရဘူး။ ငါ့အချစ်အတွက် ငါ လိဝ်ပြာလုံပါတယ်။ အဲဒီအတွက် ငါ ဘယ်ခေါင်း စဉ်အောက်ပဲ ဝင်ရ,ဝင်ရ ငါရင်ကော့ပြီး ပြုံးပြုံး ကြီးဝင်နိုင်တယ်''

''____''

စားပွဲပေါ်က ဖုန်းမြည်သံဟာ တိတ်ဆိတ်မှုကို ဖြိုခွင်း ဝင်ရောက်လာသည်။

Screen တွင်ပေါ်လာသော နံပါတ်က သူမထံမှ-

''ရှူး''

ဆိုပြီး တိတ်တိတ်နေရန် သူ ဟိုနှစ်ကောင်ကို အချက်ပြလိုက်သည်။

''ဟယ်လို ကော်ရုပ်မအိပ်သေးဘူးလား''

''အင်း ... အိပ်မပျော်ဘူး ကြည်ညိုရယ်။





ကြည်ညို မောင့်ဆီ ဖုန်းဆက်ပြီးပြီလားဟင်''

သူမ၏ တုန်ယင်လှိုက်မောလာတဲ့ အသံလေးကြောင့် နှလုံးသားမှ စစ်ခနဲ နာကျင်သွားရပြန်သည်။

အခြေအနေမတူပေမယ့် ထိုညက သူရော သူမပါ နှစ်ယောက်လုံး အချစ်အတွက် ပူလောင်နေကြရသည်။

''ခေါ်မရသေးဘူး ကော်ရုပ်ရ။ လိုင်းတွေက သိတဲ့ အတိုင်းပဲလေ။ Oversea call ဆိုတော့။ စိတ်မပူပါနဲ့၊ ကျွန်တော် ရအောင်ဆက်မှာပါ။ ညဥ့်နက်နေပြီ ကော်ရုပ် အိပ်ပျော်အောင် အိပ် လိုက်ပါနော်''

သူမထံမှ သက်ပြင်းချသံ ခပ်ဖွဖွလေး ကြားလိုက်ရသည်။

''ကျွန်မ ဘယ်လိုမှ အိပ်လို့မရဘူး ကြည်ညို။ ကျွန်မ တစ်ယောက်တည်း အတွေးတွေနဲ့ မွန်းကျပ်လာလို့။ ကြည်ညို အခု ဘာလုပ်နေလဲ''

''ကျွန်တော် အိပ်မရလို့ ဂီတာတီးနေတာ''



www.burmeseclassic.com

www.burmeseclassic.com

သူ မှသာဝါဒဝတ်ရုံ ဆွဲခြုံရင်း ဖြေလိုက်သည်။ သူမဘက်ကက ခဏငြိမ်သွားပြီးမှ –

"ကြည်ညို ... ကျွန်မကို ဂစ်တာတီးပြ"

သူမက ကလေးတစ်ယောက်လို ပူဆာလာသည်။

သူ မငြင်းမိပါ။

ဂစ်တာကိုယူကာ ဝရန်တာတွင် ထိုင်ချလိုက်သည်။ ဖုန်းကို ဂစ်တာနှင့်အနီးဆုံးတွင်ထားရင်း သူမအတွက် သီချင်းဆိုပြလိုက်သည်။

ကောင်းကင်က လမင်းကြီးကသာနေတာမို့ ရာဇဝင်ထဲက 'ဥတေန' စောင်းသမားလေးကို ကိုယ်ချင်းစာမိသွားသည်။

သီချင်းဆုံးသွားတော့မှ သူမကိုချော့ပြီး အိပ်ခိုင်းရသည်။

"ကျေးဇူးတင်ပါတယ် ကြည်ညို။ ကြည်ညိုက ကျွန်မအတွက် ဘယ်နေရာပဲဖြစ်ဖြစ် အသုံးဝင်တဲ့သူတစ်ယောက်ပဲ သိလား ...။





အင်း ... ကျွန်မအိပ်တော့မယ်၊ ရှင်လည်းအိပ်တော့လေ"

သူမဘက်က ဖုန်းချသွားပေမယ့် သူကတော့ ဖုန်းကို တွေ့တွေကြီးကြည့်ပြီး ဂစ်တာကြီးပိုက်ကာ မျက်ရည်တွေဝဲနေဆဲ။

❋ ❋ ❋


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကြည်ညို ...လာလေ။ ကော်ရုပ်ရေ ကြည်ညိုတို့ ရောက်လာပြီ"

ရွှေရည်၏စကားမဆုံးခင်မှာပဲ အရုပ်ကလေးတစ်ရုပ် သူတို့ဘေးနားရောက်လာသည်။

"ကြည်ညို ...ဘာလို့နောက်ကျတာလဲ။ ဒီမှာ ကျွန်မက မျှော်နေတာကြာပြီ၊ လည်ပင်း တောင် တော်တော်ရှည်နေပြီ"

သူ့ကို ချစ်စဖွယ်မျက်စောင်းလေးဖွဖွထိုးရင်း





ပြောသော သူမအပြောလေးကြောင့် သူ ပြုံးလိုက်မိသည်။

ပြီးတော့ ...စိမ်းပြာရောင်ဝတ်စုံလေးနှင့် လှပနေသော မွေးနေ့ရှင်အရုပ်ကလေးကို သူ ငေးနေမိသည်။

"ဟုတ်တယ် ကြည်ညိုရေ ရှင်တို့မလာသေး လို့တဲ့ ကော်ရုပ်က birthday cake ကိုတောင် မလှီးသေးဘူး"

"ကဲ ...လာ လာ ကိတ်လှီးရအောင်"

"ဟဲ့ ကြည်ညို ...သူငယ်ချင်းတွေကို လည်း ခေါ်လေ"

"အို့ အို့"

သူက သုခတို့ကို လက်ဖျောက်တီးကာ တမင်ပင် ခွေးလေးတွေခေါ်သလို ခေါ်လိုက်သည်။

ဒါကိုယုယက ခွေးလေးလို လက်ကလေးကုတ်ကာ ဖင်လေးတွန့် (အမြီးနှံ့သလို) ပြီး "အီအီ" ဟုအော်ကာ –

"အဟဲ ...မွေးနေ့ရှင်ကို အရင်နှုတ်ဆက် လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ သူမအနား တိုးကပ်သွားတာမို့ သူ ရုတ်တရက် လန့်သွားကာ သူ့အနားတိုးကပ်လာသည်။

လန့်လည်း လန့်ချင်စရာ။

ဒင်းက ခေါင်းကိုငုံ့ပြီး သူမ ရင်ခွင်ထဲ တကယ်ပင် တိုးဝင်တော့မည့်ပုံနှင့်လေ။

"စနေတာပါ ကော်ရှပ်ရဲ့၊ ဒီကောင်တွေက အဲလိုပဲ ပျော်တတ်တယ်လေ။ ကဲ ... သူခ မနောက်ပါနဲ့တော့ကွာ။ မင်းရှပ်ကြီးနဲ့ အတည် ပေါက်ကြီးနောက်နေတော့ ဒီမှာ ကော်ရှပ်က လန့်နေပြီကွ"

သူ့စကားကြောင့် သူမက လက်မောင်းကို လှမ်းဆိတ်ရင်း မျက်စောင်းလေးထိုးကာ –

"အို ... ကြည်ညိုကလဲ၊ အားနာစရာ ဟယ်"

ဟု တိုးတိုးလေးပြောလာသည်။

အိမ်ထဲတွင် လူသိပ်များများမရှိပါ။ အဲဒီသိပ်များများ





မရှိသောမျက်လုံးတွေက သူနှင့်သူမကို အကဲခတ်သလို ကြည့်နေကြတာကို သူ သတိထားမိသည်။

"ကဲ ... ကိတ်လှီးရအောင်၊ လူလည်း စုံပြီ ဆိုတော့"

ရွှေရည့်စကား မဆုံးခင်မှာပင် သူမက သူ့လက်ကို ဆွဲကာ ကိတ်ရှိရာသို့ သွားဟန်ပြင်တာမို့ –

"ခဏလေး ကော်ရှပ်"

"ဘာလဲ ကြည်ညို"

သူက လက်ထဲတွင်ကိုင်ထားသော နက်ပြာရောင် ဘူးလေးကို သူမထံ ကမ်းပေးလိုက်သည်။

"ကော်ရှပ်အတွက် လက်ဆောင်"

"ဖွင့်ကြည့်မယ်နော်"

ဘူးထဲတွင် တွေ့လိုက်ရသောပစ္စည်းလေးကို သူမက ကိုင်ကြည့်ပြီး –

"ဟယ် ... လှလိုက်တာ၊ ဖုန်းမှာချိတ်တဲ့ key chane လေးမှတ်လား"

www.burmeseclassic.com

www.burmeseclassic.com

မြားနတ်မောင်ရုပ် သေးသေးလေးကို သူမ သဘော
အကျကြီးကျနေသည်။

ပြီးတော့ သူ့အနားကပ်လာကာ သူ့ပါးလေး
လိမ်ဆွဲရင်း –

"ရှင် သိပ်တော်တာပဲ"

ဟုပြောလေသည်။

သူ့ရင်ထဲ မုန်တိုင်းထန်သွားရပြန်သည်။ မွေးနေ့
ကိတ် လှီးပြန်တော့လည်း –

"ဟဲ့ ကော်ရှပ် ...အဲဒီ ဦးဦးဖျားဖျား
ဖယ်ထားတဲ့ကိတ်မုန့်လေးက ဘယ်သူ့အတွက်
လဲ"

တစ်ယောက်က သူမဖယ်ထားသောကိတ်မုန့်ကို
ကြည့်ရင်း မေးလာသည်။

"ဟယ် ...ရှင်တို့ကလည်း သိရဲ့သားနဲ့"

ဒီအဖြေကို သူသိထားပြီးသားပါ။ သူ့အတွက်
အဆန်းလည်းမဟုတ်တော့။





ဒါပေမဲ့ ...ဒီအဖြေကို တစ်ခါကြားတိုင်းမှာ သူ
ကျဉ်စက်နဲ့ အတို့ခံရသလို ကျဉ်ကျဉ်သွားရသည်။

သူတို့ လှမ်းကြည့်သောအကြည့်တွေကို သူ
ရင်မဆိုင်ရဲတာမို့ ခေါင်းကို အသာငုံ့ထားလိုက်သည်။

ခေါင်းငုံ့ထားတာတောင် သူမ၏ခြေဖျားလေးတွေကို
ငေးနေမိသည်။

"ကြည်ညို"

သူမ၏ခေါ်သံကြောင့် သူ မော့ကြည့်လိုက်မိသည်။

သူ့ပါးစပ်နားထိ မွေးနေ့ကိတ်လေး ခွံ့ကျွေးနေတာ
နဲ့ သူ ရင်တွေခုန်ကာ လူက ချွေးတွေပျံပြီး လေဟာနယ်ထဲ
ရောက်နေသလို ခံစားရသည်။

"ပါးစပ်ဟလေ"

သူမက ဖြူးဖြူးလေးပြောလာတာမို့ သူ ပါးစပ်ဟပေး
လိုက်သည်။

သူ့ကိုခွံ့ပြီးတော့ သူမက အားလုံးကို မွေးနေ့ကိတ်
လိုက်ခွံ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပျော်ပါသည်။

မွေးနေ့ပွဲမှာ မရှိတဲ့လူကလွဲပြီး သူမ ဂရုစိုက်ဆုံး သူက သူလေ။

"ဩော် ... ကြည်ညို့ကို ပြောရဦးမယ် သိလား။ မေ့နေတာ။ ဒီနေ့ ကျွန်မ မောင်နဲ့ အဆက်အသွယ်ပြန်ရပြီ သိလား။ မောင့်ဆီက birthday wish ရတယ်။ ကျွန်မ အရမ်းပျော်တာပဲ သိလား။ အဲဒါ ... ကြည်ညိုကူညီပေးလို့"

"ဩော်"

ပျော်ရွှင်နေတဲ့သူမ၏စကားကြောင့် သူရင် ချမ်းမြေ့ ရပါသည်။

"ခဏနော် ... ကြည်ညို့ကို ကြွားရဦးမယ်"

သွက်လက်စွာ သူမက ထွက်သွားပြီး ခဏအကြာ တွင်တော့ laptop လေးကိုင်က ရောက်လာသည်။

သူ၊ ယုယနှင့် သူ အကြည့်ချင်း ဆုံသွားကြ သည်။





laptop လေးပေါ်မှာ သူမရဲ့ လက်ချောင်းလေးတွေ သွက်လက်စွာ ရွေ့လျားနေသလို ပါးစပ်ကလည်း တတွတ်တွတ်နှင့် သူချစ်သူအကြောင်းတွေကို ပြောပြနေရှာသည်။

သူမကို တိတ်တိတ်လေးငေးရင်း သူ့ရင်ထဲမှာ အတွေးတွေ စိုးမိုးလာသည်။

သူမဟုတ်သည့် အခြားလူတစ်ယောက်ကို ချစ်မြတ်နိုးပြီး သစ္စာရှိနေတဲ့ သူမ၏အချစ်စိတ်ဟာ တစ်ဆိတ်တော့ လေးစားစရာကောင်းလွန်းနေသည်။

စောစောက ... ဧည့်သည်တွေကလည်း စားသောက်ပြီး အလျှိုလျှို သူမကို နှုတ်ဆက်ကာ ထွက်ခွာသွားကြသည်။

သူတို့သုံးယောက်နှင့် ရွှေရည်သာ ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့ကြသည်။

သူမပြောသမျှ ပြသမျှကို တအံ့တသြဟန်တွေနှင့် သူတို့စိတ်ဝင်တစားကြည့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟယ် ... မေ့နေတာ၊ ကြည့်စမ်း ... မနေ့က မောင်နဲ့ online မှာဆုံဖို့ ချိန်းထားတာ နောက်တောင်ကျနေပြီ"

သူ ရုတ်တရက် ဆံပင်တို့ ထောင်တက်သွားသည်။

တစ်စုံတစ်ခုကို သတိရမိတော့ ... သူတို့သုံးယောက်လုံး တစ်ယောက်ကိုတစ်ယောက် ပြိုင်တူ ကြည့်လိုက်မိကြသည်။

"ဟာ ကြည်ညို ... ငါတိုတိုက်ခန်းကို သော့ပိတ်ခဲ့တာလေ။ အယ်ချူပ်က အပြန်နောက်တစ်ပတ် ဂျာနယ်မှာထည့်ဖို့ ဆောင်းပါးတွေ လာပေးမယ်လို့ စောစောက ငါ့ကိုဖုန်းဆက်ထားတယ်ကွ။ ငါမေ့နေတာ"

"ဟာ ... မင်းကလည်း အခုမှပြောရသလားကွာ။ ပြဿနာပဲ၊ အခုလောက်ဆို သော့ပိတ်ထားတဲ့ရုံးရှေ့မှာ ဒေါသကုန္တာရ မီးဟုန်းဟုန်း



တောက်နေလောက်ပြီ"

အမြွာနှစ်ကောင်က အတွဲညီသော လူရွှင်တော်တွေလို အခံအအုပ်ညီစွာ ပြောနေတာမို့ သူမက အလိုက်သိစွာနှင့်။

"ကြည်ညိုတို့ အလုပ်ရှိသေးရင် ပြန်လေ။ နောက်မှ မောင်နဲ့ကြည်ညိုတို့ကို မိတ်ဆက်ပေးမယ်။ ကြည်ညိုမှာ facebook account ရှိလား။ မောင့်ကို လှမ်းပြီး add နိုင်းလိုက်မယ်လေ"

"ကျွန်တော် facebook မသုံးဘူး။ ကွန်ပျူတာကို ကျွန်တော်က အလုပ်အတွက် website တွေရှာတဲ့အခါပဲ သုံးဖြစ်တာပါ"

"ထင်တယ် ... ထင်တယ်၊ အဲဒါကြောင့် ရှင် အခုထိ တစ်ယောက်တည်း ဖြစ်နေတာ"

သူမက ပြုံးပြုံးလေး ပြောလာတာကို ယုယက –

"ဟုတ်တယ် ကော်ရှုပ်ရေ ... IT ခေတ်ကြီးထဲမှာ ဒီကောင်က ဆက်သွယ်မှုရေးယာပြင်ပ


www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတာလေ ...ဟား ဟား"

သူမက သူတို့ကို လှေကားနားအထိ လိုက်ပို့ပေးပြီး အခန်းထဲပြန်သွားသည်။

သူ နာရီကိုငုံ့ကြည့်လိုက်ပြီး –

"သေစမ်း"

"ဟာ ဟော့ကောင် ...ငါတို့ကို စောင့်ဦး ကွ"

"သော့က ငါ့ဆီမှာကွ"

သူ လှေကားတွေအားလုံး ခုန်ကျော်ဆင်းပြီးမှ သူ့ခအသံကြောင့် တီခနဲရပ်ကာ –

"ပစ်ပေးကွာ"

သူခပစ်ပေးသောသော့ကို သူ ဖမ်းယူပြီး ဟိုနှစ်ကောင်ကို မစောင့်တော့ဘဲ အပြေးအလွှား ရုံးကို ပြန်ခဲ့ရသည်။

လှည်းတန်းဓါးညနေခင်းက ပွဲတော်တစ်ခုအလား စည်ကားနေသည်။





ထိုညနေထဲတွင် ဆပ်စလူးစိန်နေသော ကောင်လေးတစ်ယောက် ဟိုတို့ ဒီတိုက်နှင့် ပြေးလွှားနေသည်။

မကျေမနပ် ရေရွှတ်သံတွေကို လှည့်မကြည့်နိုင်ဘဲ ပြေးနေဆဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"မောင် ကြည်ညိုက အရမ်းခင်စရာကောင်းတယ် သိလား။ မောင်ပြန်လာရင် သူနဲ့မိတ်ဆက်ပေးမယ်နော်"

"ဟုတ်ပါပြီ ... ကော်ရုပ်လေးရယ်"

"မောင် ဘယ်တော့ပြန်လာမှာလဲဟင်။ မြန်မြန်ပြန်လာပါတော့။ ကော်ရုပ် လွမ်းလှပြီ"

"ပြန်လာမှာပေါ့ကွာ။ မောင်လည်း ကော်ရုပ်ကို သတိရပါတယ်။ ဒီမှာအလုပ်တွေ မပြတ်





သေးလို့ပါ။ ပြောပါဦး ... ဒါနဲ့ ကော်ရုပ်နဲ့ကြည်ညိုက ဘယ်လိုတွေ့ပြီး ဘယ်လိုတွေခင်သွားကြတာလဲ"

"မောင်က သဝန်တိုနေတာလား"

"ဆိုပါတော့၊ မောင့်ချစ်သူနားမှာ ရွယ်တူယောက်ျားလေးတစ်ယောက် ရှိနေတာကို ဘယ်ယောက်ျားကမှ ကြိုက်မှာ မဟုတ်ဘူးလေ။ ပြီးတော့ ... မောင်က အဝေးမှာနေရတာလေကွာ"

"အာ ... မောင်ကလည်းကွာ။ ကော်ရုပ်အတွက်ကတော့ မောင်က အဝေးမှာ မဟုတ်ဘူး သိလား။ ကော်ရုပ်နှလုံးသားမှာ အမြဲရှိနေတဲ့လူလေ။ ကြည်ညိုနဲ့ကော်ရုပ်က ရိုးရိုးသားသား ခင်ကြတာပါ။ ကြည်ညိုက အရမ်းရိုးသားတာ မောင်ရဲ့။ ကော်ရုပ်တို့ကိုလည်း ပြန်အဆက်အသွယ်ရအောင် သူပဲ ကူညီခဲ့တာပဲလေ။ အထင်မလွဲနဲ့နော် မောင်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါပြီကွာ"

"ကော်ရှပ် မောင်နဲ့ ဖုန်းပြောချင်တယ်"

"မဖြစ်ဘူးကွ၊ မာမီကရှိနေတော့ မောင် မလွှတ်လပ်လို့ပါကွာနော်။ ဒီတစ်ခုတော့ နားလည်ပေးကွာနော်"

"မောင်ရယ် ... ကော်ရှပ် မောင့်ကို အမြဲ နားလည်ပေးခဲ့တာပဲဟာ"

သူ့လက်ချောင်းတို့သည် computer keyboard ပေါ်တွင် ဝမ်းနည်းမှုကြောင့် တုန်ယင်နေကြသည်။

သို့ပေမယ့် screen ပေါ်တွင် နောက်ထပ်ပေါ်လာသော သူမထံမှစာသားတချို့ကို သူမြင်လိုက်သည့်အခါတွင်တော့ သူ့ရင်ထဲတွင် လှိုက်မောနစ်ဆို့လို့။

"မောင်က ကော်ရှပ်ရဲ့နှလုံးသား။ ကြည်ညိုက ကော်ရှပ်ရဲ့အရိပ်။ ဪ ... အရိပ်ဆိုလို့ မောင် အထင်မလွဲနဲ့ဦးနော်။ ဒီလိုမောင်ရဲ့ ... အရိပ်ဆိုတာ နေရောင်အောက်မှာ ရှိနေမှ ပေါ်ထွက်တတ်တာမျိုးလေ။ နေရောင်အောက်မှာဆိုတော့ ပူလောင်နေရတာပေါ့မောင်။ အဲဒီလို ပူလောင်နေရတဲ့အခါမျိုးမှာ ကော်ရှပ်ဘေးမှာ သူက ပေါ်ပေါက်လာတတ်တယ် ...။

ဥပမာ မောင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့သတင်းတွေ ကော်ရှပ်ကြားရတဲ့အခါမျိုးမှာပေါ့ မောင်။ အဲဒီတုန်းကလည်း သူပဲ ကော်ရှပ်ကို အားပေးနှစ်သိမ့်ပြီး မောင်နဲ့ အဆက်အသွယ်ရအောင် ဆက်သွယ်ပေးခဲ့တာလေ။ တကယ်တော့ ကြည်ညိုက မိတ်ဆွေကောင်းတစ်ယောက်ပါ မောင်ရယ်"

အရိပ်တဲ့လား ကော်ရှပ်ရယ်။

သူ ဝေ့ဝဲလာသော မျက်ရည်စတွေကို ဘေးနားတွင် ကြည့်နေသော ယုယနှင့် သုခ မရိပ်မိအောင် မျက်လုံးကို အသာ လက်နှင့် ရှိတ်ပွတ်လိုက်ပြီး တစ်ခုခုဝင်သွားသည့် ဟန်ဆောင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ... စာရိုက်ဖို့ keyboard ပေါ် လက်တွေကို ဖြန့်ကျက်ရင်း ခေါင်းထဲကစကားလုံးတွေကို စီနေရပါသည်။

ဒီနေ့အဖို့တော့ သူ့ရင်ဘတ်မွန်းကျပ် ရင်နာနေရပြီမို့ အနားပေးမှ ဖြစ်တော့မည်။

မနက်ဖြန်များစွာ သူ့အတွက် နာကျင်ဖို့ ရှိသေးတယ်လေ။

အားတင်းထားစမ်းပါ မင်းကြည်ညို့ရာ။

သူ သူ့မကို နှုတ်ဆက်လိုက်သည်။

ဒါကိုပဲ သူ့မကတော့ ကလေးဆန်စွာ ကျေနပ်ပုံ မရပါ။

မတတ်နိုင်၊ သူ့ရင်တွေ အောက်စီဂျင်ပြတ်နေပြီ။

ဒီလို အသက်ရှူမှားလောက်အောင် မွန်းကျပ်နေတဲ့ ခံစားချက်ထဲကနေ သူ ခဏတော့ ရုန်းထွက်မှဖြစ်တော့မှာပါ။

"မောင် ... ကော်ရှပ် မောင့်ကိုသိပ်ချစ်





တယ်နော်။ ဪ ... မောင် အဲဒီမှာ အရမ်းအေးလားဟင်။ ကျန်းမာရေးလည်း ဂရုစိုက်ဦး"

သူပြုံးလိုက်မိသည်။

ပြီးတော့ သူသိပ်ပြောချင်နေသော စကားတစ်ခွန်းကိုလည်း ပြောခွင့်ရခဲ့ပါသည်။

"မောင်လည်း ကော်ရှပ်လေးကို သိပ်ချစ်ပါတယ်ဗျာ။ မောင် ... အလုပ်လုပ်ရတော့မှာမို့ bye"

Logout လုပ်ပြီးတော့မှ သူ ပစ်စလက်ခတ် လှဲချပစ်လိုက်သည်။

လူက နုံးချိနေသည်။

မျက်နှာကြက်ထက်က တဝီဝီလည်နေသော ပန်ကာအိုကြီးကို ငေးကြည့်နေမိသည်။

အနာဂတ်တွင် ဘာတွေဖြစ်လာနိုင်မလဲ။

သူ့မှားလား မှန်လား။

ဟူး။



www.burmeseclassic.com

www.burmeseclassic.com

ယုယနှင့်သုခက သူ့ဘေးတွင် ဝင်လှဲကြသည်။

သူ ငုံ့မကြည့်မိဘဲ ပန်ကာကိုသာကြည့်ရင်း သူ့ကိုယ်ထဲ ခဲစေ့စောက ဝင်ပြီး ပူးကပ်နေသော ခန့်ဘုန်းထွဋ်၏ ဝိညာဉ်ကို ခွာထုတ်နေမိသည်။

"မင်းအဖြစ်ကိုကြည့်ပြီး ဘေးနားက ငါတို့တောင် အသက်ရှူကျပ်လာတယ် ကြည်ညိုရာ"

"ဟုတ်တယ် ... မင်းသွားနေတဲ့လမ်းက ရှေ့မှာ ချောက်ခံနေတဲ့ တစ်လမ်းသွားလမ်းမကြီးလိုပဲ။ လမ်းဆုံးသွားရင်လည်း ချောက်ကြီး။ အဲ ... 'ဂ'ငယ်ကွေ့ ပြန်ကွေ့ရင်လည်း မဖြစ်။ ဟူး ... ရင်လေးတယ် ကြည်ညို"

ယုယနှင့် သုခပြောလာသောစကားတွေကို သူ ပြန်လည် မချေပမိဘဲ ငြိမ်သက်နေမိသည်။

"ကော်ရှပ်က အဲဒီ ခန့်ဘုန်းထွဋ်ဆိုတဲ့ငနဲကို သိပ်ချစ်မှန်းသိရလေ ငါကတော့ ဒီကောင်ကြီးအတွက် စိုးရိမ်လေပဲ။ သိများသွားခဲ့ရင်ဆိုတဲ့ အတွေး တွေးမိရင် ငါတော့ ကြက်သီးထမိတယ်။ ကြည်ညို အခြေအနေတွေ သိပ်မဆိုးဝါးခင် မင်း ကော်ရှပ်ကိုအမှန်အတိုင်း ဖွင့်ပြောလိုက်ပါလား ကွာ"

"အေးကွာ ... ငါလည်း တစ်ခါတလေ ဒီကောင်ကြီးအစား ရင်မောလွန်းလို့။ ဒီကောင် မသိအောင် ကော်ရှပ်ဆီသွားပြီး အမှန်အတိုင်း ရှင်းပြလိုက်ချင်မိတယ်"

သုခ၏စကားကြောင့် သူ ငြိမ်နေရာမှ ဆတ်ခနဲ ထထိုင်ကာ သူ့လက်လည်း သုခ၏အင်္ကျီစကို ဆွဲဆုပ်မိလျက်သား။

"သုခ ... မင်း အဲဒီလိုလုပ်တဲ့နေ့ ငါ မင်းကိုသတ်တဲ့နေ့ပဲနော်"

"အာ ... ငါက သဘောပြောပြတာပါကွ"

ယက်ကန်ယက်ကန်နှင့် သုခက ပျာပျာသလဲ ငြင်းရှာသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူ သတိဝင်လာကာ ...

"Sorry ကွာ သူခ၊ ငါ စိတ်တွေ လွတ်သွားတယ်"

သူပြောပြီး ထထွက်ခဲ့လိုက်သည်။

သူ့ကိုကြည့်ရင်း ယုယနှင့် သူခကတော့ မျက်လုံးဝိုင်းလေးတွေနှင့် ကျန်ခဲ့ရှာသည်။

❋





မကောင်းဆိုးဝါးကောင်တွေလို တိမ်မည်းတွေက သူနှင့် ကော်ရှပ်၏ခေါင်းပေါ်တွင် မြူးတူးပျော်ပါးနေကြသည်။

တိတိကျကျဆိုရလျှင် မလှပသော ညနေခင်းတစ်ခု ဖြစ်သည်။

သူ သူမကို တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် သူ့အသံတို့က ထွက်ကျမလာခဲ့ပေ။

သူမ မျက်ဝန်းတွေက လေတစ်ချက်အဝှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



မိုးဝင်းဝင်းတောက်လာသလို သူ့ကို နာနာကျည်းကျည်းကို စိုက်ကြည့်နေခဲ့သည်။

အခုအချိန်တွင် သူမသာ နဂါးတစ်ကောင်ဆိုရင် အဲဒ်မျက်လုံးတွေကြောင့် သူ ပြာမှုန်တောင် မကျန်အောင် လောင် ကျွမ်းသွားနိုင်ပါသည်။

ကြည့်နေစဉ်အတွင်းမှာပဲ သူမသည် တဆတ်ဆတ် တုန်ယင်လာကာ မျက်ရည်များ ကျဆင်းလာခဲ့သည်။

ချစ်ရသူ၏မျက်ရည်တွေကိုတော့ သူ ရင်နာစွာနှင့်ပဲ ငေးနေမိခဲ့သည်။

ခဏအကြာတွင်တော့ ...

သူမက နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ သူ့ကို စိမ်းစိမ်းကားကား တစ်ချက်စိုက်ကြည့်ပြီး ချာခနဲ သူ့နံဘေးမှ ပြေးထွက်သွားခဲ့သည်။

မျက်နှာကိုလက်နှင့်အုပ်ပိုက်ကာ ပြေးထွက်သွားသော သူမ။

ဘေးက အရှိန်နှင့်မောင်းနှင်လာသော ကားတစ်စီး



"ကျွီ"

ဘရိတ်အုပ်သံ။

သူ မကြည့်ရဲတော့တာမို့ မျက်လုံးအစုံကို မှိတ်ကာ ကြုံးအော်လိုက်မိသည်။

"ကော်ရှုပ်"

"ဖွီး ... အဟွတ် အဟွတ် သေတော့မှာပဲ ကြည်ညို့ရ"

မျက်လုံးဖွင့်လိုက်သည့်အချိန်မှာတော့ သူက ယုယ၏လည်ပင်းကို သိုင်းဖက်ထားတာမို့ ယုယတစ်ယောက် သူ့လက်ထဲတွင် လျှာထွက်ပြီး သီးနေသည်။

သူ ယုံယလက်ထဲက အအေးဘူးကို ယူကာ သောက်လိုက်တော့မှ နေသာထိုင်သာ ရှိသွားရသည်။

ဆိုးဝါးလိုက်တဲ့အိပ်မက်။

"ဟီး ... ဆောရီးကွာ၊ ငါ အိပ်မက်မက်ပြီး ယောင်မိသွားတာ"

"အေး ... ယောင်လို့သာပဲ။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



သေတော့မယ်၊ တော်သေးတာပေါ့ ... အိပ်မက်မို့လို့၊ ငါက မကောင်းဆိုးဝါး ဝင်ပူးတာများလားလို့။ ဟူး ... ကြည်ညိုရာ"

"ဆောရီးပါကွာ ... မင်းကလဲ"

"ဟော့ကောင်သုခ ... မင်းက ဘာဖြစ်နေတာလဲ"

ရှုံ့မဲ့ကာ မျက်နှာကို လက်ကိုင်ပဝါတစ်ထည်နှင့် သုတ်နေသော သုခကို သူ လှမ်းမေးလိုက်သည်။

"ဘာဖြစ်ရမှာလဲကွ၊ မင်းက ဒီကောင် လည်ပင်းကို ထညှစ်တာ။ သူ့ပါးစပ်ထဲက အချိုရည်တွေက ငါ့မျက်နှာဆီကို ခုန်ထွက်လာတာပေါ့"

"ဟ ... ငါလည်း လန့်သွားတာပေါ့"

သုခတစ်ယောက်ကတော့ ဘေစင်ဆီသွားပြီး တဝုန်းဝုန်းနှင့် မျက်နှာသစ်နေတော့သည်။

❋ ❋ ❋



## အခန်း (၁၁)

လှည်းတန်း၏ညနေခင်းသည် ဆူညံစွာ စီးဆင်းနေခဲ့သည်။

လူတွေကလည်း ဈေးဝယ်ခြင်းထက် ပါလာသော ပိုက်ဆံလေးနှင့် အစီအစဉ်တကျ ဘယ်လိုဝယ်ခြမ်းရပါ့လို့ တွေးရှုနေသည့်ပုံနှင့် အသက်မဲ့သူတွေလို လမ်းလျှောက်နေကြတာက ပိုများလိမ့် မည်ထင်သည်။

"ကြည်ညို ... လာလေ"

ကျပ်ညပ်နေသောလူတွေကြားထဲ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် ပြတ်ပြတ်ကျန်ရစ်ခဲ့တာမို့ သူမက စောင့်ခေါ်နေတာ ဖြစ်သည်။

သူမကတော့ စိတ်မြန်သူတစ်ယောက်မို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် သိုးသိုးသွက်သွက် ခြေလှမ်းလေးတွေနှင့် ဝယ်ခြမ်းနေသည်။

သူမှာသာ သူမကို မီအောင် မနည်းလျှာထွက်မတတ် လိုက်နေရသည်။

လူတွေကို ရှောင်နေရသည့်အပြင် သူမ၏ တစ်ပတ်စာအတွက် ဈေးဝယ်ခြင်း အစီအစဉ်အရ ဆွဲခြင်းကြီးကိုလည်း ကူဆွဲပေးထားရသေးသည်။

ချစ်သူအတွက် တာဝန်ထမ်းဆောင်ရတာလေ။

"မောနေပြီလား ကြည်ညို၊ ပြီးရင် ... အအေးတစ်ခုခု သောက်မယ်နော်။ သိပ်မကျန်တော့ပါဘူး။ ပြီးလုပါပြီ ... ရှင့်ကို အားနာလိုက်တာ"

သူမက အိမ်မှရေးမှတ်လာသော ဈေးစာရင်းလေးကို ကြည့်ရင်း ပြောလာသည်။

"ရပါတယ် ... ဖြေးဖြေးပဲ ဝယ်ပါ"

ဈေးဝယ်ပြီးတော့ အအေးဆိုင်တစ်ခုတွင် အအေးသောက်ကြသည်။

အအေးသောက်ရင်းမှ ...

"ကြည်ညို ... ကြည်ညို့မှာ သဘောကျတဲ့ မိန်းကလေး တွေ့ခဲ့ရင် ကျွန်မကို အရင်ဆုံးပြရမယ်နော်။ ကျွန်မသဘောတူမှ ကြည်ညိုကြိုက်ရမယ်နော်"

"ဟား ဟား"

ကလေးဆန်စွာပြောလာသော သူမကို သူ သဘောကျစွာကြည့်ရင်း အားပါးတရ ရယ်ပစ်လိုက်မိသည်။

"ဘာရယ်တာလဲ၊ ကျွန်မက အတည်ပြောနေတာကို၊ ဒီခေတ်ကြီးက လွယ်တာကို မဟုတ်ဘူး"

သူမက မျက်စောင်းလေးထိုးရင်း စူပုတ်ပုတ်လေး







www.burmeseclassic.com

www.burmeseclassic.com

လုပ်ကာ ပြောသည်။

သူမ စိတ်တိုလာရင် ပါးလေးကို လေနှင့်ဖောင်း နေအောင် အကြာကြီးလုပ်ထားကာ ဘာစကားမှ မပြော တော့ပေ။

သူမ၏ပါးဖောင်းဖောင်းလေးကို သူမြတ်နိုးစွာ ငေးရင်း ...

''စိတ်မဆိုးပါနဲ့ကွာ။ ကျွန်တော်က စ, တာပါ''

''ဟယ်''

စကားပြောနေရင်းမှ သူမက တစ်စုံတစ်ခုကို သတိရသွားဟန်နှင့် လက်ကနာရီလေးကို ငုံ့ကြည့်ကာ -

''မောင်နဲ့ online မှာချိန်းထားတယ်။ နောက်တောင်ကျနေပြီ၊ မောင်က အလုပ်များတဲ့ သူဆိုတော့ မောင်အားတဲ့အချိန် ခဏလေးအတွင်း မှာ တွေ့ရတာမို့ ပြန်ရအောင်နော်''

ပိုက်ဆံရှင်းပြီး သူတို့ ပြန်ခဲ့ကြသည်။





အပြန်လမ်းတွင်လည်း သူမ ခြေလှမ်းတွေ နောက်ကို သူ အတော်မှီအောင်လိုက်ရသည်။

အပြန်လမ်းတစ်လျှောက်တွင်တော့ သူမသည် သူ့ဘေးတွင် ရှိနေတာကိုတောင် မေ့လျော့နေသည့်အလား သူ့ကို စကားတစ်ခွန်းမှ မပြောတော့ပါ။

သူမကို သူမတို့အခန်းအထိ လိုက်ပို့ပေးခဲ့ပြီး သူ့ နှလုံးသားကို ဝတ်ရုံတစ်ခုလဲကာ ရုံးဆီသို့ အပြေးအလွှား ပြန်လာခဲ့တော့သည်။

❋


www.burmeseclassic.com

www.burmeseclassic.com

တိုက်ခန်းလှေကားထစ်တွေကို ခွကျော်နင်းလျက် သူ အပြေးအလွှား တက်လာခဲ့သည်။

တစ်လမ်းလုံး မနားတမ်းပြေး လာခဲ့ရတာမို့ လူက မောဟိုက်နေသည်။ ချွေးတွေကလည်း ရေလောင်းထားသလို ရွှဲရွှဲစိုလို့။

တံခါးဝမှာ ယုယနှင့်သုခတို့ကို တွေ့ရသည်။

အမောတကောနှင့် ဝင်လာသောသူ့ကိုကြည့်ပြီး ယုယက –





"ဟော့ကောင် ... ဘာဖြစ်လာတာလဲ၊ မင်း နောက်က ကျားလိုက်လာလို့လား"

သူ ယုယအမေးကို မဖြေနိုင်ချေ။

လူက လျှာထွက်မတတ် မောဟိုက်နေခဲ့ပြီလေ။

ဒီတော့ ခဏဆိုတဲ့သဘောနှင့် ယုယတို့ကို လက်ကလေးပဲ ကာပြလိုက်နိုင်သည်။

သုခက အခန်းတံခါးကို သော့ဖွင့်နေသည်။

ဒီကောင်တွေလည်း လက်ဖက်ရည်ဆိုင်မှ ပြန်လာပုံရသည်။

ဖွင့်ဖွင့်ခြင်း အခန်းက မှောင်နေသည်။

သူတို့မှာ စည်းကမ်းတစ်ခုရှိသည်။

အဲဒါက အခန်းတွင် လူမရှိလျှင် မီးခလုတ်ကို ပိတ်ထားခဲ့ရပါသည်။

အယ်ချုပ်ကိုယ်တိုင် ထုတ်ထားသော စည်းကမ်းပါ။

သူက မီးခလုတ်ကို ဆွဲတင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတင်လိုက်သော မိန်းခလုတ်ကြောင့် အခန်း အတွင်း မီးများ လင်းသွားချိန်တွင် သူတို့အားလုံး၏ပါးစပ် လေးတွေ အံ့ဩမှုကြောင့် ဟသွားရသည်။

ပါးစပ်တွေကလည်း –

"အယ်ချုပ်"

ဟု သံပြိုင်ထွက်သွားရသည်။

ဒီအခန်းထဲကို ဝင်ဖို့အတွက် အယ်ချုပ်မှာ သော့ပို တစ်ချောင်းရှိသည်။

ဟုတ်ပါသည်။

အယ်ချုပ်ကို သူ့ရုံးခန်းထဲတွင် တွေ့လိုက်ရသည်။

ဒါပေမဲ့ ... အကောင်းအတိုင်းတော့မဟုတ်။ မှန်အကြည်ကာတားသော ရုံးခန်းထဲတွင် အယ်ချုပ် တစ်ယောက် ကြိုးကြီးကိုင်ပြီး အားပါးတရ က,နေသည်။

ဟနေသော ရုံးခန်းတံခါးအတွင်းမှ အခုတလော ခေတ်စားနေသော ဂန်းနစ်တီးလုံးလေးကလည်း လွှက်ပေါ် နေသည်။





ကြိုးကြီးကိုင်ပြီး မြင်းစီးသောကကွက်ကို ကနေသော အယ်ချုပ်၏အကကက PSY ထက်သာသည်မှာ အမှန်။

"ဟီး ... ဟိတ်ကောင်။ ငါတို့အယ်ချုပ်က ဒီလိုကျတော့လည်း က,တတ်သားပဲကွ"

သုခက တီးတိုးပြောသည်။

"အေးနော် ... အယ်ချုပ်လည်း သနားပါ တယ်ကွာ။ သူ့မိန်းမက ချုပ်ချယ်လွန်းတော့ သူလည်း ကလပ်မတက်ရတော့ ရုံးလာပြီး မီး အမှောင်ချပြီး ကနေတာထင်တယ်။ ရသေ့စိတ် ဖြေပေါ့"

ယုယ၏ အယ်ချုပ်အပေါ်ထားသော ကရုဏာစကား အဆုံးတွင် သူ အယ်ချုပ်လက်ထဲမှကြိုးကို သေချာစွာ ကြည့်လိုက်မိသည်။

ဓာတ်ကြိုးကြီး။

"အား ... အဲဒါ ကနေတာမဟုတ်ဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်နေတာ။ ခတ်လိုက်နေတာကွ"

"ဘာ"

သူ့စကားကြောင့် သူခတို့နှစ်ယောက်က ပြိုင်တူ ထ,အော်သည်။

သူ့ မိန်းခလုတ်ကို အပြေးအလွှား ပြန်ချလိုက်သည်။

ပြီးတော့ ... သုံးယောက်သား အယ်ချုပ်ဆီသို့ အပြေးအလွှား သွားကြည့်ကြသည်။

စားပွဲပေါ်တွင်တင်ထားသော အယ်ချုပ်၏ဖုန်း ဂန်းနှစ်တီးလုံးက ထွက်ပေါ်ဆဲ။

အမှန်က အယ်ချုပ်မိန်းမက ဖုန်းခေါ်နေတာ ဖြစ်သည်။

အချိန်ကိုက်စွာ လွဲချော်မှုပင်။

အခုတော့ အယ်ချုပ်မှာ ဆန့်ဆန့်လေး။

"အစ်ကို"

သူခက သေခါနီးလူမမာကို နောက်ဆုံးခေါ်သော





အသံလေးနှင့် ခပ်ဆွေးဆွေးလေးခေါ်လိုက်သည်။

အယ်ချုပ်ကတော့ ပြန်မထူးနိုင်ရှာပါ။

ခုထိ အကြောက တစ်ချက်တစ်ချက် ဆွဲတုန်းပင်။

စကားမပြောနိုင်သေးပေမယ့် ယုယလက်ထဲကနေ သူတို့သုံးယောက်ကိုကြည့်နေသော မျက်လုံးတွေကတော့ ဝင်းဝင်းတောက်နေသည်။

ဒီနေ့တော့ သေပြီ ဆရာ။

သူခက ရေတစ်ခွက်ပြေးခပ်လာတာကို မဟာညာရှိ ယုယက –

"ရေတိုက်လို့ဖြစ်ပါ့မလားကွ"

"ဘာလို့လဲ"

"ဩော် ... ဗိုက်ထဲမှာ လျှပ်စစ်ဓာတ်တွေ ကျန်နေရင် တော်ကြာ ရေနဲ့တွေ့ပြီး ရှော့ခ်ဖြစ်နေမှာစိုးလို့"

ယုယစကားအဆုံး သူနှင့်သူခ ပြိုင်တူ ဒီကောင့် ခေါင်းကို ခပ်ဖွဖွခေါက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။

အယ်ချုပ်ခများ သူတို့လက်ထဲက ရေခွက်ထော

ကြည့်ရင်း ပါးစပ်တပြင်ပြင် ဖြစ်နေပြီလေ။

ရေသောက်ပြီးချိန်တွင်တော့ အယ်ချုပ်အခြေအ

တိုးတက်လာသည်။

ငေါက်ခနဲ ထ,ထိုင်သည်။

ပြီးတော့ မတ်တတ်ရပ်သည်။

ပုဆိုးကို တိုတိုပြင်ဝတ်သည်။

ပြီးတော့ -

"မင်း ယု ခ"

"ခင်ဗျာ"

"မင်းတို့ ငါ့ကို သေအောင်သတ်နေကြ

တာလား"

"မဟုတ်ရပါဘူးဗျာ"

"ငါ့ကို ရှောခ်တိုက်ပြီး အပျောက်ရိုက်မယ်

ပေါ့"





"မဟုတ်ရပါဘူးဗျာ"

ရဲလေး၏သီချင်းသံစဉ်နှင့် ဖြေတော့ အယ်ချုပ်က

ဘ,ဇလိုဖြစ်သွားရသည်။

ယုယပြောသလို ဗိုက်ထဲတွင် လျှပ်စစ်ဓာတ် ကျန်

နေတာမို့ကြောင့်လားတော့မသိ နှစ်ချက်လောက်တော့ အယ်

ချုပ် တွန့်သွားသေးသည်။

ပြီးမှ ...

"မင်းတို့ကွာ ... ဒီမှာ ဓာတ်ကြိုးပေါက်

နေတာတွေကို ဖာထားလိုက်"

ဆိုပြီး မျက်နှာနီကြီးနှင့် ထွက်သွားသည်။

အယ်ချုပ်ထွက်သွားမှ သူတို့ တဝါးဝါးနှင့် အော်ရယ်

မိတော့သည်။

ခဏလေးပါပဲ။ သူ ကွန်ပျူတာရှေ့ ဝရန်းသုန်း

ကားနှင့် ပြေးရတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကွန်ပျူတာ screen ကိုကြည့်နေသော သူ့မျက်ဝန်းတွေဝေဝါးလာသည်။

Keyboard ဘေးမှ ကော်ဖီခွက်က အေးစက်နေခဲ့ပြီ။

သူခပြုတ်ပေးသော ခေါက်ဆွဲပန်းကန်ကလည်း စားချင်စရာမရှိတော့အောင် အေးစက်ပွယောင်းနေခဲ့ပြီ။

ညဦးပိုင်းကတည်းက သူ့ အပူချိန်တွေတက်လာ အဖျားသွေး ဝင်လာခဲ့တာကြောင့် သူခက ဂရုတစိုက်





အားလုံးပြင်ဆင်ပေးခဲ့ပြီးမှ အိပ်ရာ ဝင်သွားခဲ့သည်။

အခုတော့ သူ စားချင်စိတ်မရှိ။

ဖျားနေသောကြောင့် လူက တစ်ကိုယ်လုံး ကိုက်ခဲနေကာ အိပ်ရာထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်လိုက်ချင်ပေမယ့် သူ မအိပ်စက်နိုင်သေးပေ။

နှလုံးသား၏အမှုတော်ကို ထမ်းနေရသည်။

နာရီလက်တံက ဆယ့်နှစ်ကျော်နေခဲ့ပြီ။ သူမကတော့ အိပ်ချင်သေးပုံမရပေ။

သူ့ကို ခန့်ဘုန်းထွဋ်အမှတ်နှင့် အလွမ်းတွေ ခင်းကျင်းပြနေသည်။

အခုဆို သူဟာ ဒီအခြေအနေမှာ အတော်လေးပင် နေသားကျနေခဲ့ပြီလေ။

"မောင် ကော်ရှုပ်ဆီ ဘယ်တော့ပြန်လာမှာလဲဟင်"

"သူက မင်းဆီကို ဘယ်တော့မှပြန်လာတော့မှာ မဟုတ်ဘူး။ ကော်ရှုပ်ရေ"



www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားကိုတော့ သူ့ရင်ထဲမှာပဲ အကြိမ်ကြိမ် ပွဲတင်ထပ်နေသည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူလည်း ယုယတို့ ပြောသလို ခန့်ဘုန်းတွင်နှင့်အပေါ်ထားသော သူမ၏အချစ် ထုထည်ကို သိရလေ သူ တစ်ချိန်မှာ ခုန်ဆင်းရမယ့် အမှန်းတွင်းကြီးက ပိုနက်ရှိုင်းလာသလို ခံစားရသည်။

အိပ်မက်ဆိုးနှင့် စိတ်ဒွေးဒွေးတွေကလည်း ပိုများ လာခဲ့ပြီလေ။

အဖျားသွေးကြောင့် လူက အတော့်ကို မူးနောက်နေ သည်။

စိတ်က တင်းထားပေမယ့်လည်း ခန္ဓာကိုယ်က မလိုက်နိုင်တော့ပေ။

နောက်ဆုံးအားတင်းရင်း သူမကို အမြန်နှုတ်ဆက် လိုက်ရသည်။

"မကြာခင်ပေါ့ ကော်ရှပ်ရယ်။ Goodnight နော်။ မောင် အလုပ်တွေရှိသေးလို့"





သူ logout ပြီး ခေါင်းက keyboard ပေါ် မှောက်ကျ သွားသည်။

လေးလံနေသော မျက်ခွံတွေက ဖွင့်မရပေ။ အရမ်း လည်း ချမ်းလာသည်။

"ဟေ ... ဟာ ... ကြည်ညို ... တစ်ကိုယ်လုံးလည်း ပူနေတာပဲ။ ဘာမှလည်း မစားဘူး။ သုခ ဒီမှာ ကြည်ညိုကိုလာတွဲဦးကွ။ ဆရာဝန်ခေါ်ရအောင်လည်း အချိန်က နောက်ကျ နေပြီ"

ကြည်ညိုကို အိပ်ရာထဲတွင် နွေးနွေးထွေးထွေး သိပ်ပြီးတော့ သုခနှင့်ယုယ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ခေါင်းတွေ ရမ်းလိုက်မိသည်။

"ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူးသုခ။ ငါတော့ ဒီ ကောင့်အစား ရင်မောတယ်။ ဒီကောင့် အခြေအနေက ပဒိုင်းသီး ဖြစ်နေပြီ။ ဆုပ်လည်း စူး စားလည်းရူးမှာ ... ဟူး"


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တတ်နိုင်မလဲကွာ ... ဒီကောင့်နှလုံးသားက ဝဋ်ကြွေးပါလာတာကိုး"

သူခက ကြည်ညို့ကိုကြည့်ရင်း စိတ်မသက်သာဟန်နှင့် ပြောသည်။

ကြည်ညို့ညည်းသံက တိတ်ဆိတ်သောညအတွင်း လွင့်ပျံ့နေသည်။

❋ ❋ ❋



## အခန်း (၁၃)

ကားတံခါးဖွင့်လိုက်သည်နှင့် ဒယ်ဒီက အပြုံးနှင့် ရင်ဖွင့်ကာ ကြိုဆိုသည်။

"ဟာ ... ငါ့သားလေးက ကလေးအဖေဖြစ်တော့မှာပေါ့။ ဟား ဟား ... ဂုဏ်ယူပါတယ်ကွာ"

"အဖေကြီး ... ရှင်လည်း အဘိုးတစ်ယောက်ဖြစ်တော့မှာကို မမေ့နဲ့"

ထိုစကားကို ကျွန်တော့်နောက်တွင်ပါလာသော


www.burmeseclassic.com

www.burmeseclassic.com


မာမိက ဒယ်ဒီ့ကို မျက်စောင်းထိုးရင်း ပြောလိုက်သည်။

ကျွန်တော်နှင့် နွေးသံစဉ်တို့လက်ထပ်ပွဲကို ဒယ်ဒီ တစ်ယောက် အလုပ်တွေ မအားလပ်တာကြောင့် မတက်ရောက်နိုင်ခဲ့ပေ။

မာမိတစ်ယောက်သာ ကျွန်တော်နှင့်အတူနေတာမို့ မင်္ဂလာပွဲတွင် ရှိနေနိုင်ခဲ့သည်။

အခုဆို နွေးသံစဉ်မှာ သူတို့ မျိုးဆက်ရင်သွေးလေး လွယ်ထားရပြီမို့ ကလေးအား မြန်မာပြည်တွင် လာရောက် မွေးဖွားခြင်းပါ။

နှစ်ဘက်ဘိုးဘွားမိဘများ၏ဆန္ဒအရ ဒီမှာ လာရောက်မွေးဖွားခြင်းပင် ဖြစ်သည်။

ကျွန်တော်ကတော့ ဟိုမှာလည်း အလုပ်တစ်ဖက် နှင့်မို့ သွားချည်ပြန်ချည် လုပ်ရမည်။

မိသားစုတွေ မဆုံတာကြာပြီမို့ အားလုံး၏ရင်ထဲ တွင်လည်း အပျော်တွေ ကိုယ်စီနှင့်။

"ဟာ ... ငါ့ချွေးမလေးက ဓာတ်ပုံထဲမှာ ထက် အပြင်မှာ ပိုချောပါလားဟေ့"

ဒယ်ဒီက အခုမှ လူချင်းဆုံဖြစ်သော သူ့ချွေးမကို ချီးမွမ်းနေသည်။

"ကဲ လာ ... သမီးတို့လည်း ခရီးပန်းလာ တယ်ဆိုတော့ နားလိုက်ကြဦး၊ သား ... သမီးကို အစစအရာရာ ဂရုစိုက်ပါကွာ"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

ဒယ်ဒီ မာမိ့ကို နှုတ်ဆက်ပြီး ကျွန်တော် နွေး၏ လက်ကလေးကိုဆွဲကာ အပေါ်ထပ်သို့တက်ခဲ့လိုက်သည်။

"လာ နွေး ... ဒါ ကိုယ် လူပျိုတုန်းက နေခဲ့တဲ့ အခန်းလေ"

"ကိုကို့အခန်းလေးက ပြင်ဆင်ထားတာ ချစ်စရာလေး။ မိုက်တယ်"

ကျွန်တော် ဖျတ်ခနဲ ကော်ရှပ်ကို သတိရလိုက် မိသည်။

ခွင့်လွှတ်ပါ ကော်ရှပ်ရေ။



www.burmeseclassic.com

www.burmeseclassic.com



မောင် နွေးကို အရမ်းချစ်မိသွားလို့ပါ။

နွေးနှင့်တွေ့မှ ကျွန်တော် အချစ်စစ်ဆိုတာကို လက်တွေ့သိရှိလိုက်ရသည်။

တည်ငြိမ်အေးချမ်းသော အချစ်လေးကို ကျွန်တော် ပိုင်ဆိုင်ခဲ့သည်။

အတိတ်က ကော်ရုပ်နှင့်ပတ်သက်ခဲ့သမျှကို မေ့ထားခဲ့ပြီး ကျွန်တော် ခင်ပွန်းကောင်း၊ ဖခင်ကောင်းတစ်ယောက်အဖြစ် ရပ်တည်ချင်ခဲ့သည်။

ထို့ကြောင့် ...

ကော်ရုပ်ကို တစ်ဖက်သတ် ချစ်နေပုံရသော မင်းကြည်ညိုဆိုသည့်ကောင်လေး တောင်းခဲ့သော ကျွန်တော့် facebook account ကို သူ ရက်ရက်ရောရော ပေးပစ်လိုက်သည်။

သူလည်း လုပ်ငန်းကိစ္စတွေနှင့် အလုပ်များသူမို့ face book မသုံးဖြစ်တာ အတော်ကြာခဲ့ပြီ။

မင်းကြည်ညိုထံမပေးခင်မှာတော့ ကျွန်တော်၏





personal photo တွေကို ရှင်းထုတ်ပြီးမှ သူ့ကိုပေးခဲ့သည်။

"ကိုကို ညနေကျရင် နွေးကို ရွှေတိဂုံဘုရား လိုက်ပို့နော်၊ နွေး အရမ်းဖူးချင်လို့"

နွေးက ကျွန်တော့်လက်မောင်းလေးကို မှီတွယ်ပြီး ပြောလာတာမို့ ခေါင်းညိတ်သဘောတူလိုက်သည်။

ကျွန်တော်လည်း ရွှေတိဂုံဘုရားကို ဖူးမျှော်ချင်နေခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com


ကြိုပ်တိုင်တွင် ဝတ်ပြုဆုတောင်းအပြီး သူမ ရွှေရည်ကို ဘေးတွင်လိုက်ရှာတော့ မတွေ့ရပေ။

သူမ ဝတ်ပြုနေတုန်း ဘယ်တွေလျှောက်သွားနေပါလိမ့်။

ရွှေရည်ကို ဖုန်းဆက်ခေါ်ရန် လုပ်တော့လည်း ရွှေရည့်ဖုန်းက သူမအိတ်ထဲတွင် ကျန်ရစ်ခဲ့သည်။

အမျှဝေရန်အတွက် ခေါင်းလောင်းထိုးရန် ခေါင်းလောင်းဆီ သူမ လျှောက်လာလိုက်သည်။



ရွှေရည်လည်း သူမခေါင်းလာင်းနားတွင် ရှိမယ်ဆိုတာ သိမှာပါ။

ငြိမ်သက်နေသော ခေါင်းလောင်းကြီးကို ကြည့်ရင်း သူမ တွေးနေမိသည်။

တစ်ချိန်တုန်းက ... မောင်နှင့်အတူ ခေါင်းလောင်း ထိုးခဲ့ရဖူးသည်။

အတိတ်ကို သတိရစိတ်တွေကြောင့် သူမ စိတ်တွေ ညှိုးမှိုင်းသွားရသည်။

သူမ သက်ပြင်းဖွဖွချရင်း ခေါင်းလောင်း ထိုးလိုက်သည်။

ခေါင်းလောင်းထိုးအပြီး ရွှေရည့်ကိုရှာရန် လှည့်အထွက် ...

"ဟင် ... မောင်"

ရင်ထဲတွင် ဝမ်းသာမှုက ပြောမပြတတ်အောင်ပင် သူမ မျက်စိများမှားသလား။

အံ့ဩစိတ်နှင့်အတူ ...


www.burmeseclassic.com

www.burmeseclassic.com

သူမ ခဏတော့ မှင်တက်နေမိသည်။

မမှားပါ။

မောင်မှမောင်ပါပဲ။

စတစ်အကျီအဖြူ၊ ယောပုဆိုးနီညိုလေးနှင့် မောင်က ဟိုးအရင်ကအတိုင်း။ ဘာမှမပြောင်းလဲပေ။ အရင်ကအတိုင်း ရှင်းသန့်နေဆဲ။

မောင့်ကိုငေးရင်း သူမ ဝမ်းသာစိတ်နှင့်အတူ အိပ်မက်ထဲ လမ်းလျှောက်သူလို တစ်လှမ်းခြင်း မောင့်အနားကို လျှောက်လာခဲ့သည်။

မောင်ကတော့ မျက်လုံးလေးမှိတ်ကာ ဘုရားဝတ်ပြုနေဆဲ။

ဝမ်းသာပျော်ရွှင်စိတ်ကြောင့် သူမတစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်ယင်နေသည်။

ရင်ထဲတွင် အကြိမ်ပေါင်းများစွာ တမ်းတမ်းတတ ခေါ်နေမိပေမယ့် အပြင်မှာတော့ ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ရပ်နေမိသည်။





မောင် ဘုရားဝတ်ပြုတာ အနှောင့်အယှက် မဖြစ်စေလိုပါ။

ဘုရားဝတ်ပြုအပြီး ပွင့်ဟလာသော မောင့်ရဲ့ မျက်လုံးတွေက သူ့ဘေးတွင်ရပ်နေသော သူမကို မြင်လိုက်ရတော့ အရောင်မျိုးစုံ ပြောင်းလဲသွားသည်။

“ဟင် ... ကော်ရှုပ်”

“မောင်”

သူမ၏ခေါ်သံကြောင့် မောင့်ခန္ဓာကိုယ် တောင့်ခနဲဖြစ်သွားတာကို သူမ သတိထားလိုက်မိသည်။

ပြီးတော့ ... မောင်က ပတ်ဝန်းကျင်ကို အလန့်တကြား ကြည့်သည်။

ဩော် ... မောင့်မိဘတွေများ ပါလာလို့လား။

သူမကတော့ အကောင်းဘက်ကပဲ တွေးလိုက်မိသည်။

ပြီးမှ မောင်က ရေးကြီးသုတ်ပျာဟန်နှင့် သူမကို လက်မောင်းရင်းမှဆွဲကာ –


www.burmeseclassic.com

www.burmeseclassic.com



"ကော်ရုပ် ... လာ"

ဆိုပြီး လှရှင်းသော နေရာတစ်ခုစီ ခေါ်ဆောင်သွား ခဲ့သည်။

တကယ်ဆို ကိုယ့်ချစ်သူတစ်ယောက်ကို လက် ကလေးကိုကိုင်ပြီး နူးနူးညံ့ညံ့လေးတော့ တွဲခေါ်သင့်သည် ခုတော့ ... ရဲက တရားခံကို ဖမ်းခေါ်လာသည့် ပုံစံနှင့်။

လှရှင်းသည့်နေရာတစ်ခုအရောက်တွင်တော့ ...

"ကော်ရုပ်"

ဟုဆိုပြီး တောင့်တောင့်ကြီးရပ်ကာ တစ်ခုခု ပြောဖို့ အားယူနေပုံရသည်။

"မောင်ရယ် ... ကော်ရုပ် မောင့်ကိုလွမ်းလို့ သေတော့မယ် သိလား။ မနေ့က လိုင်းပေါ်မှာ တွေ့ရဲ့သားနဲ့ မောင် ဒီကိုပြန်ရောက်နေတာ ဘာလို့မပြောတာလဲ ...၊

ဘာလဲ မောင်က ကော်ရုပ် ကို suprise





လုပ်နေတာလား။ ဘာပဲပြောပြော မောင်က ကော်ရုပ်ဆီကို တကယ်ပြန်လာတယ်နော်"

"ကော်ရုပ် မင်းကြည်ညိုဆိုတာ"

"မောင်ကလည်းကွာ ... အရင်ကလည်း ပြောပြီးသားပဲ၊ ကော်ရုပ်သူငယ်ချင်းပါ"

သူမကတော့ ထိုအချိန်ထိ မောင်က သူမနှင့် ကြည်ညိုကို အထင်လွဲပြီး သဝန်တိုနေခဲ့တာဟု ရိုးရိုးလေးသာ ထင်နေခဲ့သည်။

မောင်က စိတ်ရှုပ်ထွေးသောပုံစံနှင့် မျက်လုံးကို စုံမှိတ်ပြီး ခေါင်းကိုခါယမ်းသည်။

ဒါကို ... သူမက မောင် သူမကို အထင်လွဲစိတ် တိုနေသည်ဟု ထင်မိတာမို့ –

"မောင်ရယ် ... ဘာဖြစ်နေရတာလဲ။ ကြည်ညိုနဲ့က ရိုးရိုးသားသား ခင်တာပါဆို"

သူမစကားမဆုံးခင်မှာပင် မောင်က လက်ကာပြ တာမို့ ရပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကော်ရှပ် ...မင်း ညတိုင်း online မှာတွေ့ပြီး စကားပြောနေတဲ့ ခန့်ဘုန်းထွဋ်ဆိုတာ မောင် အဲ ...ကိုယ်မဟုတ်ဘူး။ အဲဒါ ... ကိုယ့်အယောင်ဆောင်ထားတဲ့ မင်းကြည်ညိုပဲ"

"ဘယ်လို ...အာ ...မောင် ဘာတွေ ပြောနေတာလဲ"

"ကိုယ် လွန်ခဲ့တဲ့ရှစ်လကျော်လောက်က တည်းက လက်ထပ်လိုက်ပြီ ကော်ရှပ်"

သူမ မျက်လုံးတွေ ပြာခနဲဖြစ်သွားရသည်။

ဘာတွေလဲ။

သူမ နားမလည်နိုင်တော့ပေ။

ဆွံ့အသူတစ်ယောက်လို မောင့်ကို ငေးကြည့်နေခဲ့သည်။

"ကိုယ် အမှန်တွေပဲ ပြောနေတာပါ။ ကိုယ် သူ့ကို အဲဒီလိုမလုပ်ဘဲ မင်းကို အမှန်အတိုင်း ဖွင့်ပြောအသိပေးဖို့ ပြောခဲ့တယ်။ ဒါပေမဲ့ ...





သူ လက်မခံခဲ့ဘူး။ အခြေအနေမှန်ကို မင်း မသိအောင် ကိုယ့် facebook account ကို ယူသုံးပြီး ကိုယ်အဖြစ်ဟန်ဆောင်ပြီး မင်းကို စကားတွေ ပြောနေခဲ့တယ်"

ရင်ထဲတွင် အင်အားပြင်းထန်သော မီးတောင်တစ်ခု ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရသည်။

ဘာလို့လဲ။

ဘာလို့ ငါ့ကို ညာကြတာလဲ။

မုန်းတယ်။

နှုတ်ခမ်းအစုံသည် ဒေါသနှင့်နာကျည်းခြင်းကြောင့် တဆတ်ဆတ် တုန်ယင်နေခဲ့သည်။

တုန်ယင်နေသော နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ထားမိလိုက်သည်။

သူမကို လိမ်ညာနေသောသူတစ်ယောက်ကိုမှ သူမ ခင်မင်ယုံစားမိခဲ့သည့်အဖြစ်။

မင်းကြည်ညို။



www.burmeseclassic.com

www.burmeseclassic.com


ရှင် ကျွန်မရဲ့မျှော်လင့်ချက်တွေကို ဖိဖိရိရိနှင့် တဖြည်းဖြည်း သတ်ခဲ့တာပေါ့။

ကွယ်ရာမှာ ကျွန်မ ရှုံးသွပ်မှုအတွက် ဘယ်လောက် ပကားတိုက်နေခဲ့မလဲ။

"ကိုယ့် ... ကိုယ့်ကိုခွင့်လွှတ်ပါ။ အခု ... ကိုယ့်ဇနီး မိန်းမအတွက် ဒီကိုပြန်လာခဲ့တာ ပါ"

မောင့်စကားအဆုံးတွင် မောင့်၏အနောက်ဘက် တွင် သိပ်လှပသော ကိုယ်ဝန်ဆောင်အမျိုးသမီးတစ် ယောက်ကို သူမ မျက်ရည်တွေနှင့် ဝေဝါးစွာ တွေ့လိုက်ရ သည်။

ရှက်ရွံ့စိတ်၊ ဒေါသစိတ်၊ နာကျည်းစိတ်တွေနှင့် သူမ မရပ်တည်နိုင်တော့တာမို့ ချာခနဲ ပြေးထွက်ခဲ့တော့ သည်။

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ရွှေရည်က သူမလက်ကို လှမ်းဆွဲသည်။

သူမက ရွှေရည့်လက်ကို ပုတ်ထုတ်ပြီး ပြေးထွက်ခဲ့ သည်။

ဘေးပတ်ဝန်းကျင်ကိုလည်း မရှုက်ရွံ့နိုင်တော့။ ကားကို ရွှေရည့်အတွက် ထားခဲ့လိုက်ပြီး တက္ကစီ ငှားကာ အင်းလျားသို့ ထွက်ခဲ့လိုက်သည်။

❋



www.burmeseclassic.com

www.burmeseclassic.com


အရမ်းအဆိုးကြီး မဟုတ်တော့ပေမယ့် အဖျား သွေးက နည်းနည်းရှိနေသေးတာမို့ သူ့ခေါင်းက မူးနောက် နောက် ဖြစ်နေသေးသည်။

ထိုအချိန်တွင် သူ့ဖုန်းလေး မြည်လာသည်။

"ဟယ်လို ... ကော်ရုပ် ပြော"

"မင်းကြည်ညို ... ရှင် အခုချက်ချင်း အင်းယားကိုလာခဲ့"

"တူ တူ တူ"



သူကြားခဲ့ဖူးသမျှတွေထဲမှာ ဒီတစ်ခါ သူမအသံ ဟာ အပြင်းထန်ဆုံးပါ။

ပြောပြီးပြီးချင်းမှာပဲ သူမ ဖုန်းချသွားခဲ့သည်။

သူမ၏လေသံ အခေါ်အဝေါ်တွေအရတော့ သူမ တော်တော်လေး စိတ်ဆိုးဒေါသထွက်နေပုံရသည်။

သို့ပေမယ့် ...

ဘာကြောင့်လဲဆိုတာကိုတော့ သူ့ဦးနှောက်က ရုတ်တရက် ဉာဏ်မမီချင်။

သူ့ရင်ထဲ တစ်စုံတစ်ရာကို တွေးလိုက်မိတော့ ထိတ်ခနဲ ဖြစ်သွားရသည်။

မဟုတ်လောက်ပါဘူးလို့ ဖြေသိမ့်ရင်း ပြက္ခဒိန်ကို မရဲတရဲ လှမ်းကြည့်မိတော့ ဒီနေ့ ၁၃ ရက်နေ့။

သောကြာနေ့။

(၁၃) ရက်ဟာ ကံမကောင်းသောနေ့အဖြစ် သတ် မှတ်ကြသလို ထို (၁၃) ရက်နေ့ဟာ သောကြာနေ့ ဖြစ် နေပြီဆိုရင်တော့ ကံဆိုးမိုးမှောင်သာကြုံပြီ မှတ်တော့။

www.burmeseclassic.com

သူ သက်ပြင်းတစ်ချက်ချပြီး အပေါ်အင်္ကျီထပ်ဝတ်လိုက်သည်။

"ဟော့ကောင် ကြည်ညို ... ဘယ်သွားမလို့လဲ၊ မင်း နေကောင်းသေးတာလည်း မဟုတ်ဘဲနဲ့၊ တော်ကြာ ...ပြန်ပြီးဖျားနေမယ်"

ကွန်ပျူတာသုံးနေရင်းမှ အပြင်ထွက်ဖို့ပြင်နေသော သူ့ကို ယုယက လှမ်းပြောသည်။

"ဒီနားတင်ပါ"

ဟု ပြီးစလွယ်ပြောခဲ့ကာ သူထွက်လာခဲ့သည်။

ရုံးလှေကားပေါ်မှ ဆင်းလာသော သူ့ခြေလှမ်းတွေ ဒီနေ့မှာ လေးလံနေခဲ့သည်။

တစ်ခုခုကို ဟန်ဆောင်လိမ်ညာထားသော ဘယ်သူမဆို ထစ်ခနဲဆို လိပ်ပြာမလုံ ဖြစ်တတ်ကြတာ သဘာဝပဲ မဟုတ်လား။

မဟုတ်ပါစေနဲ့ဟုသာ တိတ်တိတ်လေး ဆုတောင်းရင်း အင်းယားဆီသို့ ထွက်လာခဲ့လိုက်သည်။





ကောင်းကင်ကြီးကလည်း ရဲရဲနီနေခဲ့သည်။

အိပ်မက်ဆိုးအဖြစ် သူနှင့်ရင်းနှီးနေသော အခြေအနေတစ်ခုကို မမျှော်လင့်ထားသော အခြေအနေတစ်ခုမှာ ကြုံလိုက်ရသူလို အံ့ဩသွားရတာကိုတော့ သူ ဝန်ခံပါသည်။

တုန်လှုပ်ခြင်းတော့ လုံးဝကိုမရှိခဲ့ပါ။

ဟုတ်တယ်။

ဒီအခြေအနေဆိုတာ မျှော်လင့်ထားခဲ့ပြီးသား ဖြစ်သလို သူ့ကို အကြိမ်ကြိမ် ခြောက်လှန့်ခဲ့သည်ပဲ။

တိမ်တောက်နေသော ညနေခင်းတစ်ခုကပေါ့။

ရဲရဲနီနေသော ကောင်းကင်ကြီး၏ ရောင်ပြန်ဟပ်မှုကြောင့်လားတော့မသိဘူး ထိုနေ့က သူ အမြဲလို ချစ်မြတ်နိုးခဲ့ရတဲ့ သူမ၏မျက်နှာလေးဟာ ရဲရဲနီနေခဲ့သည်။

သူ့ကို မြင်လိုက်ရသည့် အချိန်မှာ သူမ၏ တူးတူးခါးခါး အကြည့်တစ်ချက်က သူ့ထံ လွင့်လာခဲ့သည်။

အကယ်၍ ... ဒီနေရာဟာ စစ်ပွဲတစ်ခုဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအကြည့်ဟာ ပထမဆုံး ပစ်ဖောက်လိုက်သော သေနတ်သံတစ်ချက်ပဲ ဖြစ်ရမည်။

"ဘာလို့လဲ ... ဘာလို့ အဲဒီလို လုပ်ရတာ လဲ။ ဘာလို့"

ခေါင်းငုံ့ပြီး ကျောက်ရုပ်ကြီးလို သူ ရပ်နေမိသည်။

သူမကတော့ ဆောက်တည်ရာမဲ့စွာ သူမခံစား ချက်တွေကို ဆွဲဆုပ်လှုပ်ရမ်းရင်း မေးလာသည်။

သူမကို ရင်ခွင်ထဲ ဆွဲပွေ့ပြီး ငြိမ်သက်သွားအောင် ထွေးပွေ့ချင်စိတ်တွေကို မျိုသိပ်ရင်း သူကတော့ ကျောက်ရုပ် တစ်ရုပ်လို လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်လျှို ထားကာ တောင့်တောင့်ကြီးရပ်နေသည်။

ပတ်ဝန်းကျင်ကလူတချို့က သူနှင့်သူမကို မသိ မသာ အကဲခတ်သလို ကြည့်သွားကြသည်။

အင်းယားရေပြင်ကြီးကိုဖြတ်ပြီး တိုက်ခိုက်လာ သော လေပြေတွေက သူမ၏ဒေါသအရှိန်ကို ပိုပြီး မြင့်တက် စေသလား။





"ဘာလို့လဲ ... ပြောလေ၊ ဘာရည်ရွယ် ချက်နဲ့ ရှင် အဲဒီလိုလုပ်ရတာလဲ"

မျက်ရည်တွေနှင့်ပေါက်ကွဲနေသော သူမ၏မျက်နှာ လေးကို သူ မွတ်သိပ်စွာကြည့်ရင်း –

"မင်းကိုသိပ်ချစ်လို့ပေါ့ ကော်ရုပ်ရယ်"

ဟု ရင်ထဲကနေ ပဲ့တင်ထပ်အောင်ပြောနေမိသည်။ ...င်းသာ ကြားနိုင်ခဲ့ရင်ပေါ့။

"ရှင်သာမညာခဲ့ရင် ကျွန်မဆုံးရှုံးရမှာက ချစ်သူတစ်ယောက်တည်းကိုပါ။ အခု ... အခု တော့ ကျွန်မယုံကြည်ရတဲ့ မိတ်ဆွေကိုပါ ဆုံးရှုံး လိုက်ရပြီ။ ရှင် လုပ်ရက်လိုက်တာ၊ အဲဒါ ယုံကြည် မှုကို အလွဲသုံးစားလုပ်တာ။ ရှင် ... ရှင် ... ကျွန်မမျှော်လင့်ချက်တွေကို တအိအိနဲ့ သွေး အေးအေးသတ်ခဲ့တာ။ ရှင် သိပ်အောက်တန်းကျ တယ်။ ရှင့်ကို အရမ်းမုန်းတယ် သိလား"

သူကတော့ ဘာမှပြန်မပြောမိ။


www.burmeseclassic.com

www.burmeseclassic.com


မျက်ရည်တွေကြောင့်၊ ဒေါသတွေကြောင့် ပင်ပန်းနေတဲ့ သူမကိုသာ စာနာသနားစွာ ကြည့်နေခဲ့မိသည်။

သူမ အမြဲယုယစွာ တသသ ဂရုစိုက်ခဲ့သော လက်သည်းရှည်လှလှလေးတွေဟာ အခုတော့ သူမ၏လက်နက်တွေ ဖြစ်သွားခဲ့သည်။

ချစ်သူ၏လက်သည်းချက်တွေကြောင့် သူပါးပြင်နေရာအနှံ့ ပူခနဲ။

လေအဝှေ့မှာ စပ်ဖျဉ်းဖျဉ်း။

"ရှင့်ကို မုန်းတယ်၊ ရှင်ထွက်သွား၊ ကျွန်မ ဘဝထဲမှာ ရှင့်လို လူလိမ်မရှိတော့ဘူး။ ရှင်ထွက်သွား၊ ကြားရင် ... ရှင့်ကို ကျွန်မ သတ်မိတော့မယ်"

သူမက သူကို လက်ညှိုးငေါက်ငေါက်ထိုးကာ နာနာကြည်းကြည်း ပြောလာသည်။

တကယ်ဆို သူမ သတ်မယ်ဆိုရင် သူသေရဲတယ်။

ဒါပေမဲ့ ... သူမကိုတော့ လူသတ်တရားခံ မဖြစ်စေလိုပါ။

ပြီးတော့ ...

သူ ခဏခဏမက်ခဲ့တဲ့အိပ်မက်ထဲကလို သူမကို မျက်ရည်တွေနှင့် ပြေးထွက်မသွားစေလိုတာမို့ သူကပဲ အရင် ကျောခိုင်းဖို့အတွက် ဆုံးဖြတ်လိုက်သည်။

တိတ်ဆိတ်စွာနှင့် နှလုံးသားမှ မျက်ရည်တွေနှင့် သူကပဲ စကာကျောခိုင်းမှ ဖြစ်လိမ့်မည်။

သူ အမြဲမြတ်နိုးခဲ့ရသော သူမ၏မျက်နှာလေးကို နောက်ဆုံးအနေနှင့် ကြည့်လိုက်မိသည်။

"အင့်"

ခနဲနေအောင် သူမကတော့ ငိုရှိုက်နေဆဲ။

ဘယ်အရာမဆို အဆုံးသတ်ဆိုတာ ရှိစမြဲပဲလေ။

ကမ္ဘာ့အခက်ခဲဆုံးအလုပ်ထဲမှာ ကိုယ်သိပ်ချစ်ရသော ချစ်သူကို ကျောခိုင်းရသောအလုပ်လည်း ပါဝင်သည်။

သူ သက်ပြင်းတစ်ချက်ချကာ ခေါင်းငိုက်စိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လေးလံသောခြေလှမ်းတွေကို သယ်ဆောင်ပြီး သူမ၏ဇိုရှိုက်သံတွေနှင့် ဝေးရာဆီသို့။

အားလုံးပြီးဆုံးသွားခဲ့ပြီ။

ရင်တစ်ခုလုံးလည်း ဟင်းလင်းပွင့်လို့။

အပြန်လမ်းတစ်လျှောက်လုံး သူ အသက်ဝိညာဉ်ကင်းမဲ့သူတစ်ယောက်လို လျှောက်လာခဲ့သည်။

သူမ ကုတ်ခြစ်လိုက်၍ ရလာသောဒဏ်ရာတွေမှ သွေးစက်အချို့က မေးစေ့တွင် တွဲခိုလျက်။

နောက်ဆုံးတော့ မျက်ရည်တွေနှင့် စတွေ့ခဲ့ရသောသူမကို မျက်ရည်တွေနှင့်ပဲ ထားခဲ့ရတာပါလား။

အတွေးအချို့နှင့် လမ်းဖြတ်အကူး မျက်နှာချင်းဆိုင်လမ်းသွယ်တစ်ခုမှ ခပ်ကြမ်းကြမ်းကွေ့လာသော ကားတစ်စီး။

"ကျွိ"

"ဟာ ...တိုက်ပြီ"

"အား"





သူသိလိုက်ရတာတစ်ခုကတော့ ဦးခေါင်းနှင့် မာကျောသောအရာတစ်ခု ထိတွေ့ခြင်းပါပဲ။

အမှောင်ကမ္ဘာထဲ ရောက်မသွားခင်မှာတောင် သူ့အတွေးလေးတစ်ခုကြောင့် ပြုံးလိုက်မိသေးသည်။

သေချာသည်။

အခုနေ သူသေသွားခဲ့ရင်တောင် ပြုံးပြုံးလေး သေသွားမှာပါ။

တွေးလိုက်မိတာက –

"တော်သေးတာပေါ့။ အိပ်မက်ထဲ့ကလိုသာ ကော်ရုပ် အရင်ပြေးထွက်သွားခဲ့ရင် ဒုက္ခ"

ဟုပါ။

"ဆေးရုံကိုပို့ရမှာ ဆေးရုံကားခေါ်ပါဟ"

"မြန်မြန်လုပ် သွေးထွက်များတယ်"

ထို့နောက် သူ့ကမ္ဘာ အမှောင်ကျသွားသည်။

❋



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုကားပေါ်အထိ သူမ မျက်ရည်တွေက ပြိုဆင်းနေဆဲပင်။

တွေးလိုက်မိတိုင်း ဝမ်းနည်းစိတ်နှင့် ငိုနေမိဆဲ။

အခုချိန်မှာ ဘယ်သူနှင့်မှ မတွေ့ချင်ဘဲ အခန်း တံခါးပိတ်ကာ တစ်ယောက်တည်း နေပစ်လိုက်ချင်မိသည်။

ဖုန်းကိုလည်း ပါဝါပိတ်ပစ်လိုက်သည်။

ကားရပ်သွားတာမို့ ဘာရယ်မဟုတ် တစ်နေရာကို ကြည့်လိုက်မိတော့ လူအုပ်ကို တွေ့လိုက်ရသည်။





ကားတချို့က ထိုလူအုပ်ကြောင့် လမ်းကျပ်ကာ ပိတ်နေသည်။

အရေးပေါ်မီးဖွင့်ထားသော ကားတစ်စီးကို တွေ့ လိုက်ရသည်။

သူမကတော့ သာမန်သာ ကြည့်လိုက်မိသည်။

"ကားတိုက်တာထင်တယ်"

တက္ကသိုသမား ဦးလေးကြီးက တစ်ယောက်တည်း ရေရွတ်နေသည်။

ကိုယ့်မှာလည်း ကိုယ့်အပူနှင့်ကိုယ်မို့ အိမ်ကိုသာ အမြန်ရောက်ချင်နေမိသည်။

စိတ်တွေလည်း အရမ်းပင်ပန်းလွန်းနေခဲ့ပြီ။

သူမတို့ကားလည်း ပိတ်မိနေသည်။

"သွေးတွေ အိုင်နေတာပဲ"

"ကောင်လေးက ငယ်ငယ်ချောချောလေး"

"သနားပါတယ်ဟယ် ... ဘာမှမဖြစ်ပါစေ နဲ့"


www.burmeseclassic.com

www.burmeseclassic.com



ထိုလူအုပ်ထဲမှ ထွက်လာပုံရသော လူအချိ
မှတ်ချက် စကားသံသဲ့သဲ့ကို သူမ ကြားလိုက်ရသည်။

ထိုစဉ် ဆေးရုံကားထွက်ခွာသွားတာမို့ လူအုပ်
လည်း ရှင်းသွားကာ ကားလည်း သွားလို့ရသွားသည်။

သူမကတော့ ပူပူနွေးနွေး ခံစားချက်တွေနှင့် ခု
ပုလဲတွေ ခ,နေဆဲ။

အိမ်ရောက်တော့လည်း အခန်းထဲဝင်ကာ အိပ်
ထက် လှဲချပြီး မျက်စိကို စုံမှိတ်ထားလိုက်သည်။

❋ ❋ ❋



## အခန်း (၁၄)

ညက ဘယ်အချိန် အိပ်ပျော်သွားမှန်းမှင် မသိလိုက်။

သူမ နိုးလာတော့ နေ၏အလင်းရောင်က အတော်
ပင် အရောင်တောက်နေခဲ့ပြီ ဖြစ်သည်။

ဘေးကိုစောင်းကြည့်လိုက်တော့ ရွှေရည်ကို မတွေ့
ရပေ။

ရွှေရည် ညက ဝင်အိပ်တာကိုလည်း သူမ မသိ
လိုက်သလို မနက်ထသွားတာကိုလည်း သူမ မသိလိုက်။

ရွှေရည် ဆိုင်သွားပြီ ထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

အင်း . . . ဒါဟာ သူမအတွက် ပထမဆုံးမျှော်လင့်ချက်မပါသော မနက်ခင်းတစ်ခုပါပဲ။

ထိုအကြောင်းကို စဉ်းစားလိုက်တာနှင့် ရင်ဘတ်ထဲက အောင့်မျက်လာခဲ့သည်။

မိန်းကလေးတစ်ယောက်၏ မျှော်လင့်ခြင်းတွေကို သွေးအေးအေးနှင့် သတ်သောသူ။

အို . . . သူ့အကြောင်း မတွေးချင်ပါဘူး။

"ကော်ရှပ်"

ရေချိုးပြီး ရေချိုးခန်းထဲမှအထွက် ဘယ်အချိန်ကတည်းက အခန်းထဲရောက်နေမှန်းမသိသော ရွှေရည်၏ ခေါ်သံ။

"ညည့်ခန်းထဲမှာ ကိုသုခရောက်နေတယ်"

မတွေ့ချင်ပါ။

သူသူငယ်ချင်း ဗီဒီယိုတွေထဲကလို လာရှင်းပြထားပဲနေမှာ။

သူမ မုန်းတီးသောလူတစ်ယောက်အကြောင်းကို သူမ နားမထောင်ချင်။

သူနှင့်ပတ်သက်လာရင် 'က' ကြီးကနေ 'အ' အထိ သူမ မေ့ပစ်ထားချင်သည်။

"ကျုပ်နေမကောင်းလို့ အိပ်နေတယ်"

လို့ ရွှေရည်ကိုပြောခိုင်းမလို့ လုပ်တုန်းမှာပဲ ရွှေရည်က . . .

"အရေးကြီးတယ်လို့ပြောတယ် ကော်ရှပ်၊ နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် ခဏလောက်တော့ တွေ့ချင်ပါတယ်တဲ့"

ပြောပြီး ရွှေရည်က သူမကို ကြည့်သည်။

ဘာရယ်လို့ သေချာမသိပေမယ့် ရွှေရည့်မျက်နှာ ပျက်ယွင်းနေတာကိုတော့ သူမ သတိထားမိသည်။

"ကျုပ် ညည့်ခန်းထဲက စောင့်နေမယ်။ ရှင် အဝတ်လဲပြီးရင် ထွက်လာခဲ့လိုက်နော်"

ပြောပြီး ရွှေရည်က ထွက်သွားသည်။

သက်ပြင်းချကာ အလှပြင်ချင်စိတ်လည်း မရှိ







www.burmeseclassic.com

www.burmeseclassic.com



တော့တာမို့ အဝတ်အစားပဲ လဲဝတ်လိုက်သည်။

ညှေ့ခန်းထဲတွင်တော့ ကိုသုခနှင့်အတူ မိန်းကလေး တစ်ယောက်ကိုပါ ရွှေရည့်ဘေးမှာ ထိုင်နေတာကို တွေ့ လိုက်ရသည်။

ထူးထူးခြားခြား အားလုံးတိတ်ဆိတ်နေတာကို သူမ သတိထားမိလိုက်သည်။

နောက်တစ်ခု ထူးဆန်းနေတာက ဘယ်သူ့မှ မျက်နှာမကောင်းကြချေ။

သူမ ဝင်ထိုင်လိုက်တော့ ကိုသုခက သူမကို တစ်ချက်ကြည့်ပြီး သက်ပြင်းချသည်။

ပြီးတော့ နံရံထက်က နာရီကို မော့ကြည့်သည်။

ပြီးမှ ...

"ကော်ရှပ် ...ရော့"

ဆိုပြီး ဖုန်းလေးတစ်ခု လှမ်းပေးလာသည်။

သူမ နားမလည်စွာ တစ်ချက်ကြည့်ရင်း –

"ဒါက ဘာလဲ ကိုသုခ"





"ဖုန်းထဲက movie လေးကို အရင်ဆုံး ကြည့်လိုက်ပါဗျာ။ ပြီးရင် ကော်ရှပ် အားလုံးကို နားလည်သွားပါလိမ့်မယ်။ ကျွန်တော် တစ်ခုပဲ စိုးရိမ်တာပါ။ အားလုံးကို ကော်ရှပ် နားလည် သွားတဲ့အချိန်မှာ ..."

ကိုသုခ အသံတွေတုန်ယင်ပြီး နံရံထက်က နာရီကို မော့ကြည့်နေသည်။

ကိုသုခ ငိုနေပါလား။

ကိုသုခဘေးက ကောင်မလေးကလည်း ဘယ်အ ချိန်ကတည်းက ငိုနေသည်မသိ။

လက်ကိုင်ပဝါလေးအုပ်ပြီး တအိအိနှင့် ကြိတ်ငို နေသည်။

ရွှေရည်ကိုကြည့်တော့လည်း ရွှေရည် ခေါင်းကြီးငုံ့ ...။

"အဲဒါလေးသာ အရင်ကြည့်လိုက်ပါဗျာ။ အဲဒါက ...ယုယ ဟန်းဆက်အသစ်ဝယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့က လျှောက်ရိုက်ထားတာ''

ဒုတိယအကြိမ် ကိုသုခပြောလာသောစကားကြောင့် သူမ ဖွင့်လိုက်သည်။

မျက်လုံးထဲဝင်လာတာက ဖုန်းပြောနေသော သူ့ပုံရိပ်တချို့။

ပြီးတော့ ဒေါသတကြီး နံရံကိုလက်သီးနှင့်ထိုးကာ ဒူးညွတ်ကျသွားသောသူ။

ဆံပင်ကို ထိုးဖွနေသည့် သူ့ပုံစက တစ်စုံတစ်ရာကို အပြင်းအထန် ခံစားနေပုံမျိုး။

''အဲဒါ ကိုခန့်ဘုန်းထွဋ်ဆီ ပထမဆုံး စပြီး ဖုန်းခေါ်တော့ ဟိုဘက်က လက်ထပ်လိုက်ပြီ ဆိုတာကို ကြည်ညိုသိခဲ့တဲ့အချိန်ကပေါ့ ... ကော်ရှပ်''

တုန်ယင်တစ်ဆို့နေသောအသံကြီးနှင့် ကိုသုခက သူမကို ရှင်းပြလာသည်။

နောက်ပြီး ...





သူမမြင်လိုက်ရတာတွေက ဒီတစ်ခါတော့ အသံတွေပါ ပါလာသည့်အတွက် ကိုသုခ ရှင်းပြစရာမလိုတော့ပေ။

ဇာတ်ဝင်ခန်းကြည့်နေရသလို။

''ငါ ဆုံးဖြတ်ပြီးပြီ သုခ၊ အရေးအကြီးဆုံးက မင်းတို့နှစ်ယောက် နှုတ်လုံဖို့ပဲ''

''ငါတို့ကိုတော့ စိတ်ချပါကွာ။ အဲဒီ ခန့်ဘုန်းထွဋ်ဆိုတဲ့ဘဲက မင်းပြောတာတွေကို သိဘောတူပါ့မလား''

''ဒါကတော့ ရအောင်ပြောရမှာပေါ့ကွာ။ တောင်းပန်ပြီး ပြောကြည့်မယ်ကွာ။ မရရင် နောက်ဆုံး ဒူးထောက်ပြီးပြောသင့်ရင် ပြောရမှာပဲ''

Movie ထဲမှာ သုခက သူ့ကိုနားမလည်သလို ငေးနေသည်။ အပြင်က သူမလည်း နားမလည်သလို ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်တောင် ရှူမိပါရဲ့လား။

"ဟုတ်ပါပြီ၊ မင်း အဲလောက်တောင် ပေးဆပ်ခဲ့တဲ့အတွက် ကော်ရုပ်ရဲ့အပျော်တွေက အချိန်ဘယ်လောက်ခံမယ်လို့ မင်းထင်ထားလဲ ကြည်ညို၊ အခြေအနေမှန်ကို ကော်ရုပ်သိသွားတဲ့တစ်နေ့ကျရင် ဆိုတာမျိုးရော မင်း တွေးထားလား ...၊

အဲဒီအခါကျရင် ... မင်းဟာ ခပ်ဆိုးဆိုး ဗီလိန်ဆိုတဲ့ ခေါင်းစဉ်အောက်ကို ဝင်ရမှာနော်။ ငါကြားဖူးတယ် ကြည်ညို ... လူသတ်တာခြင်း အတူတူတောင်မှ တစ်ချက်တည်း ဓားနဲ့ထိုး သတ်တာ အပြစ်သိပ်မကြီးဘူးကွ။ အေး ... တအိအိနဲ့ ညှဉ်းပြီးမှသတ်တာဆိုရင် အပြစ်ပိုကြီးတယ်။ တမင်တကာ နာကျင်စေမှုပါ ပါသွားပြီ"

ရှူးခနဲ နာခေါင်းရှုံ့သံတစ်ချက် ကြားလိုက်ရသည်။

ဪ ... ကိုသုခ ငိုနေသဲပါလား။

"ဒီမှာ သုခ ... မင်း ချယ်ရီကို ဘယ်လိုချစ်လဲတော့ ငါ မသိဘူး။ ငါ ကော်ရုပ်ကိုချစ်တဲ့ အချစ်ကတော့ ဘာမှ မျှော်လင့်ချက်မထားခဲ့လို့ အေးချမ်းတယ်။ ငါ ဘယ်လောက်ပဲ ကော်ရုပ်အတွက် ပေးဆပ်ရပါစေ၊ ငါ့ရဲ့ပေးဆပ်မှုကြောင့် ကော်ရုပ် တစ်စက္ကန့်လောက် ပျော်သွားခဲ့ရင်တောင် ငါကျေနပ်တယ်။ ကော်ရုပ်သာ ပျော်မယ်ဆိုရင် အဲဒီပျော်နေချိန်တွေ ကုန်မသွားအောင် ငါက နောက်ကနေပြီး အချိန်တွေ ထပ်ထပ်တိုးပေးနေချင်တာ။ အဲဒါ ငါ့အချစ်ပဲ။

တစ်ချိန် ငါ့အချစ်သမိုင်းကို ငါပြန်ကြည့်တဲ့အခါ အမှားပြင်ဆင်ချက်မရှိစေရဘူး။ ငါ့အချစ်အတွက် ငါ လိပ်ပြာလုံပါတယ်။ အဲဒီအတွက် ငါ ဘယ်ခေါင်းစဉ်အောက်ပဲ ဝင်ရ,ဝင်ရ ငါရင်ကော့ပြီး ပြုံးပြုံးကြီးဝင်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

အို . . . အံ့ဩသွားမှုနှင့်အတူ ပီတိတစ်ခုကိုလည်း စားသုံးလိုက်ရသည်။

သူမ သိပ်ချစ်ခဲ့ရသော ခန့်ဘုန်းထွဋ်ပင် သူလို သူမအပေါ် ချစ်ခဲ့ပါရဲ့လားဟုလည်း တွေးလိုက်မိသည်။

ပါးပြင်က ပူခနဲ။

မျက်ရည်တွေ ကျလာပြန်ပြီ။

မနေ့က သူမရှေ့မှာ ခေါင်းလေးငုံ့ကာ ဘာတစ်ခုမှ မပြောရှာသော သူ့ပုံရိပ်ကို ပြန်မြင်မိတော့ နောင်တွေက တံခါးလာခေါက်ကြလေပြီ။

သနားစိတ်တွေက ရင်ထဲ ခိုးဝင်လာကြသည်။

နောက်ထပ်မြင်လိုက်ရတာက ကွန်ပျူတာရှေ့တွင် မျက်ရည်တွေနှင့်သူ။

သူမ ဂစ်တာတီးနိုင်းသောညက ဂစ်တာတီးအပြီး ဂစ်တာကြီးပိုက်ကာ ငိုနေသော မျက်ရည်တွေနှင့်သူ။

"အဟင့် ဟင့်"

သူမ အားပါးတရ ငိုကြွေးလိုက်မိသည်။





လှိုက်ခနဲ ဆို့တက်လာသော ဝမ်းနည်းမှုက သူမ မျက်ရည်တွေကို ပိုပြီး တွန်းအားပေးနေသည်။

"ကိုသုခ . . . ကြည်ညို အခု ဘယ်မှာလဲ ဟင်၊ ကျွန်မ သူ့ကိုတောင်းပန်ချင်တယ်။ မနေ့က သူ့ကို ကျွန်မ . . . အဟင့်"

သူမအမေးကို သုခက မျက်ရည်တွေကို လက်ခုံနှင့် သပ်ကြမ်းကြမ်း ပွတ်သုတ်ပြီး ပြောလာသည်။

"ကျွန်တော်လည်း အဲဒါပဲ ဆုတောင်းနေတာပါ။ ကော်ရှပ်တောင်းပန်တဲ့စကားကို သူ ကြားနိုင်ပါစေလို့"

မျက်ရည်တွေနှင့်ပြောလာသော သုခစကားကြောင့် သူမရင်ထဲ သူ ဘာများဖြစ်နေလဲဆိုသောအတွေးနှင့် ပူ လောင်သွားရသည်။

"ဟင် . . . ကြည်ညိုဘာဖြစ်လို့လဲ"

မေးမယ်သာမေးလိုက်ရတာ အဖြေစကားနား ထောင်ဖို့အတွက် ရင်ကတဒိတ်ဒိတ်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ ဝတ္ထုတစ်ပုဒ်သာဆိုရင်တော့ အခုအချိန်

စာဖတ်သူတွေဟာ သူမကို အခုမှ အဖြစ်သည်းနေတာဆိုပြီ

ဖနောင့်နှင့်များ ထပေါက်ချင်နေမလားပင်မသိ။

သချာတာကတော့ သူမ သူ့အတွက် စိတ်ပူနေ

သည်။

ဒါဟာ ... လက်ရှိအမှန်တရားတစ်ခု။

သူမအမေးစကားကို ကိုသုခက တန်းမဖြေတော့

ရင်ထဲက အပူရှိန်က ပိုမြင့်လာရသည်။

"ကိုသုခ ... ကျွန်မ မေးတာဖြေဦးလေ"

"ကြည်ညို ... ကြည်ညို ... အခု ဆေးရုံ

ICU ထဲမှာ ကော်ရှပ်"

"ရှင်"

အံ့သြမှုနှင့် ဝမ်းနည်းမှုကို တစ်ပြိုင်နက်တည်

ခံစားလိုက်ရသည်။

သူမ ဆွံ့အသူတစ်ယောက်လို ဘာမှမပြောနိုင်

မှာပဲ။





"မနေ့က ကော်ရှပ်ဆီက အပြန်လမ်းမှာ

သူ ကားတိုက်ခံရတယ်။ အခုထိ သတိမရသေး

ဘူး။ အော်ပရေးရှင်း ဝင်ရမယ်တဲ့။ အခြေအနေ

က ကိုယ့်ဘက်မှာ ဆယ်ရာခိုင်နှုန်းတောင် မရှိ

ဘူးတဲ့ ...။

အဲဒါ ... မိဘလက်မှတ်ထိုးရမယ်ဆိုလို့

အဝေးက ကြည်ညို့မိဘတွေကို လှမ်းအကြောင်း

ကြားပြီး ဒီမနက်ပဲ ကြည်ညို့ အော်ပရေးရှင်း

အတွက် အုပ်ထိန်းသူနေရာမှာ အယ်ဒီတာချုပ်က

လက်မှတ်ထိုးပေးလိုက်တယ်"

ဆယ်ရာခိုင်နှုန်းနှင့် ကိုးဆယ်ရာခိုင်နှုန်း။ တစ်ဆိတ်

ကံတရားက အလေးမရှိလွန်းဘူးလား။

ကံတရားရယ် ဒီကစားပွဲမှာတော့ မရက်စက်ကြေး

နော်။

ကျွန်မ တောင်းပန်ပါတယ်။

"ကော်ရှပ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ် သူမ အရုပ်ကြိုးပြတ်ပစ်ကျသွားတော့ ရွှေရည်က စိုးရိမ်စွာခေါ်သည်။

မျက်လုံးမှိတ်လိုက်တော့ . . . မျက်ရည်တစ်စက်နှင့် အတူ မနေ့က ပုံရိပ်တချို့ စကားသံတချို့ကို အမှတ်ရ သည်။

"သွေးတွေကို အိုင်နေတာပဲ"

"ကောင်လေးက ငယ်ငယ်ချောချောလေး"

"သနားပါတယ်"

"ဘာမှမဖြစ်ပါစေနဲ့ဟယ်"

ဒါကို . . . မနေ့က။

မျက်ရည်တွေလည်း တာကျိုးရေတွေလို။

ဟင့်အင်း . . . ကျွန်မ သူ့ကို တောင်းပန်ချင်တယ်

သူ ဘာမှမဖြစ်စေရဘူး။

ကျွန်မကို ရှင် အနိုင်ပိုင်းပြီး ထွက်မသွားရဘူးနော်

ကျွန်မကို ပျော်နေတာပဲ မြင်ချင်တယ်ဆို။

ကျွန်မ ငိုရအောင်မလုပ်ပါနဲ့နော်။





"ကိုသုခ . . . ကျွန်မ သူနဲ့တွေ့ချင်တယ်။ ကျွန်မ သူ့ကို တောင်းပန်မယ်"

သွေးပျက်စွာပြောနေသောသူမကို အားလုံးက ငေးနေကြသည်။

သူမ နောက်မကျချင်ပါ။

"ဘာငေးနေတာလဲ သွားမယ်လေ"

မျက်ရည်တွေနှင့် စိတ်မရှည်စွာ သူမ အော်လိုက် မိသည်။

သူမတို့ကားကို သုခက မောင်းရှင်း ဆေးရုံသို့ ထွက်လာခဲ့သည်။

ကားပေါ်တွင် အတိတ်က ရိုးသားခဲ့သော သူ၏ပုံရိပ် တွေကို မြင်ယောင်လာခဲ့သည်။

ခပ်နေားလွန်းတဲ့ ရှင့်ရဲ့ချစ်ခြင်းတွေထဲ ကျွန်မ နလုံးသားလေး ဝပ်ဆင်းခွင့်ပြုပါနော်။

သူမဟာ အတော့်ကိုထုံထိုင်းလွန်းသော မိန်းမ ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်တောင် သိတဲ့အဖြေကို သူမကတော့ ရိပ်တောင် မရိပ်မိခဲ့ဘူးလေ။

တကယ်တော့ . . . မမြင်နိုင်ခဲ့တာ မခံစားနိုင်ခဲ့တာပါ။

လမင်းကြီးလို လင်းလက်နေသော သူ့အချစ်တွေကို ဘေးမှာထားပြီး မရေရာ မသေချာ မှိန်ပျပျသာ လင်းနေသောကြယ်လို ချစ်ခြင်းတွေကို တမ်းတနေခဲ့တာလေ။

"ကိုသုခ . . . သူ သူ ဘာမှမဖြစ်လောက်ပါဘူးနော်"

"အင်း . . . ကံတရားက ဒီတစ်ကြိမ်တော့ အခွင့်အရေးပေးမှာပါ"

သုခ၏အသံက အင်အားမရှိသလို။

"ဒီအချိန်လောက်ဆိုရင်တော့ ကြည်ညို အော်ပရေးရှင်း ဝင်နေလောက်ပြီ"

ဟု တိုးတိုးရေရွတ်သည်။

ဆောက်တည်ရာမဲ့ဖြစ်နေသောသူမကို ရွှေရည်





ဖက်ထားကာ အားပေးရှာသည်။

ထိုအချိန် . . .

ချယ်ရီတစ်ယောက် ဖုန်းတစ်လုံးနှင့် ကားပေါ်တွင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မြင်လိုက်ရသောမြင်ကွင်းကြောင့် သူမ ခြေစုံရပ်ပြီး
မှင်တက်နေမိသည်။

အဝတ်ဖြူလွှမ်းထားသောအရာတစ်ခုရှေ့ဘ
ငိုနေသော ကိုယုယ။

သူခက အံကြိတ်ကာ နံရံကိုလက်သီးနှင့် ထို
သည်။

သူမနောက်တွင် ရွှေရည်နှင့်ချယ်ရီက တ
အင့်နှင့် ငိုနေသည်။





သူမကတော့ ငိုရှုံ့ကိုပင် မေ့ပြီး တောင့်တောင့်ကြီး
ရပ်နေမိသည်။

ဟင့်အင်း ... မဟုတ်ဘူး။

ဒါ အိပ်မက်တစ်ခုပဲဖြစ်ပါစေ။

သူက သူမကိုငိုအောင် ဘယ်တော့မှလုပ်မှာ
မဟုတ်။

"ကော်ရှပ် ... ကြည့်ညှိုမရှိတော့ဘူး။ ရှင်
ငိုလိုက်လေ ကော်ရှပ်။ ရှင် ငိုချလိုက်"

ရွှေရည်က သူမပခုံးကိုလှုပ်ပြီးမှ ပြောတော့လည်း
သူမ မငိုမိသေး။

ထိုအခြေအနေကြီးကို သူမ ဘယ်လိုမှ နှလုံးသား
က အတည်ပြုလက်ခံလို့မရနိုင်သေး။

အသက်မဲ့သူတစ်ယောက်လို သူမ သူ့အနား
တစ်လှမ်းခြင်း လျှောက်သွားမိသည်။

ဒီအဝတ်ဖြူကြီးအောက်မှာ သူရှိနေသတဲ့လား။

တုန်ယင်နေသောလက်အစုံနှင့် အဝတ်ဖြူစကို



www.burmeseclassic.com

www.burmeseclassic.com

လှန်လိုက်တော့ သူမကိုသိပ်ချစ်တယ်ဆိုတဲ့ သူက သူမကို ထားခဲ့ပြီတဲ့လား။

သူမကို တိတ်တခိုးနဲ့ တနင့်တပိုးချစ်ခဲ့တဲ့ သူ့နှလုံးသားက အခုတော့ ငြိမ်သက်သွားပြီတဲ့လား။

"ကြည်ညို့ . . . ကြည်ညို၊ ဟင့်အင်း . . . မဟုတ်ဘူး။ ကြည်ညို့ . . . ကျွန်မကို မနောက်ပါနဲ့နော် . . . ကြည်ညို"

"သူငယ်ချင်းရယ် . . . မင်း နောက်ဆုံးထွက်သက်အထိ သိပ်ချစ်ပါတယ်ဆိုတဲ့ ကော်ရှပ်ကို မင်း နှုတ်ဆက်မသွားတော့ဘူးလား"

ငြိမ်သက်နေတဲ့ ကြည်ညို့ကိုကြည့်ကာ နှလုံးသားက ဟန်မဆောင်နိုင်တော့ပါ။

"ဟင့်အင်း . . . ကြည်ညိုမသေရဘူး။ ကြည်ညို့ကို ဆုံးရှုံးရရင် ကျွန်မ သေလိမ့်မယ်။ ထပါတော့ ကြည်ညိုရယ်"

ကြည်ညို့လက်နွေးနွေးလေးကို ဆုပ်ကိုင်ရင်း သူ့ကို နှိုးနေမိသည်။

သူကတော့ မလှုပ်ပေ။

ပါးပြင်ကို အပ်ထားမိတဲ့ သူ့လက်ဟာ အခုထက်ထိ သူမမျက်ရည်တွေကို သုတ်ပေးနေဆဲ နွေးထွေးနေဆဲပင်။

"ကြည်ညို . . . ကြည်ညိုကို ကျွန်မ သိပ်ချစ်တယ်၊ သိပ်ချစ်ပါတယ်ဆို။ ကျွန်မကို မထားခဲ့ပါနဲ့နော်"

မျက်ရည်တွေနှင့် ပါးချင်းအပ်ကာ သူမ သူ့ကို တိုးတိုးလေး ပြောနေမိသည်။

သူ ကြားရဲ့လား။

သူမ မျက်ရည်တွေက သူ့ပါးပြင်မှာ ရွှဲရွှဲကိုစိုနေခဲ့ပြီ။

❋





www.burmeseclassic.com

www.burmeseclassic.com

"သိပ်လည်း ငိုမနေပါနဲ့။ တော်ကြာ ကိုယ့် မျက်နှာပေါ် နုပ်တွေ ရွှဲသွားဦးမယ်"

"ဟင်"

စကားသံကြောင့် မျက်ရည်တွေနှင့် သူမ ကြည့် လိုက်တော့ ပြုံးပြုံးကြီး သူမကိုကြည့်ကာ ပြောနေသော သူ့ကို တွေ့လိုက်ရသည်။

ဝမ်းသာမှုက ပြောမပြတတ်တော့။

"ကြည်ညို ... မသေဘူးနော်"





"မဟုတ်ဘူး။ စောစောကတော့ တကယ် သေနေတာ။ အခု ကော်ရုပ်ငိုသံကြားလို့ သေမင်း နိုင်ငံကနေ မျက်ရည်တွေ သုတ်ပေးဖို့ ပြန် လာတာ"

"သွားပါ ... ဒီကတော့ တကယ်မှတ်လို့ ငိုလိုက်ရတာ"

မျက်ရည်တွေနှင့် ပြုံးပြုံးလေးပြောလာသော သူမ ကို သူ့ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်သည်။

သူမမျက်နှာလေး ရဲခနဲ ဖြစ်သွားပြီး လက်သည်း ချွန်လေးတွေနှင့် သူ့လက်မောင်းကို ဆိတ်သည်။

"အို ... ဘာလုပ်တာလဲ ... လွှတ်ပါ၊ လူတွေနဲ့ဟာကို"

"ဘယ်မှာလဲလူတွေ"

သူ့စကားကြောင့် ပတ်ဝန်းကျင်ကို သူမ ဝေ့ကြည့် လိုက်သည်။

ဟုတ်ပါရဲ့။ တစ်ယောက်မှ မရှိတော့။


www.burmeseclassic.com

www.burmeseclassic.com

သူမနှင့်သူ နှစ်ယောက်တည်း။

ဘယ်အချိန်ကတည်းက ပျောက်သွားကြလဲမသိ။ တော်တော်ဆိုးတာပဲ။ သူမကို ပိပိရိရိ လိမ်သွားကြတာ။

"ကားက တကယ်တိုက်တာလား"

"တကယ်တိုက်တာလေ။ ခေါင်းနည်းနည်းထိသွားတာ။ ကိုယ်နဲ့ တစ်လမ်းကျော်မှာ တိုက်မှုဖြစ်တဲ့လူကတော့ သေသွားတယ်"

"ဩော် . . . ဒါကို လူချင်းလဲပြီး သရုပ်ဆောင်တာပေါ့ ဟုတ်လား"

"အဲဒါတွေ ထားလိုက်ပါကွာ။ ကိုယ့်ကို ချစ်လား"

သူမက ချစ်စဖွယ် မျက်စောင်းထိုးရင်း –

"ချစ်ပါဘူး"

"ဟောဗျာ . . . စောစောကပြောတော့ ဘာတဲ့ . . . ကြည်ညို့ကို ချစ်ပါတယ်ဆို"





"အဲဒါ . . . စောစောက ချစ်တာ။ အခု မချစ်တော့ဘူး"

"ဟာ . . အဲဒါဆို ကိုယ် ပြန်သေလိုက်တော့မယ်"

သူ ပြန်အိပ်မလို့ ဟန်ပြင်လိုက်တာကို သူမက –

"သေပေါ့"

လို့ပြောပြီး ပါးလေး ဖောင်းထားသည်။ (သူမ အကျင့်အတိုင်း)

သူ နောက်ချင်လာတာမို့ ရုပ်တည်ကြီးနှင့် –

"ဩော် . . . မသေခင် မှာခဲ့ရဦးမယ်။ ငိုရင် ဝေးဝေးက ငိုနော်။ ပါးချင်းအပ်ပြီးလည်း လာမငိုနဲ့၊ အူယားတယ်၊ တော်ကြာ . . . မျက်ရည်မထွက်ဘဲ နှပ်ရည်တွေ ပါးပေါ် ထွက်ကျလာမှ"

"အာ . . . အစုတ်ပလုတ်"

သူ့စကားအဆုံး သူမက သူ့ကျောကို ထုပြီး ဆော့သည်။

www.burmeseclassic.com

ခုတော့ သူချစ်သူလေးက မျက်ရည်တွေနှင့် ရယ်လိုမောလို့။

"ဟေး"

ထိုအချိန် ဘယ်အပေါက်က ချောင်းနေမှန်းမသိသော မျောက်အုပ်ကြီးဝင်လာတာမို့ သူမကို ရင်ထဲဝှက်တော့မယ့် သူ့ လက်တွေ ရပ်တန့်သွားရသည်။

"ကောင်းလိုက်တဲ့ ဇာတ်သိမ်းခန်း။ ဒါရိုက်တာသုခရဲ့ရိုက်ချက် ပီပြင်တယ်နော်"

"ပီပြင်ပ့ါ သုခရယ်"

"ဟား ဟား ... ဒါ ဟောလိဝုဒ်သွားရင် ကျိမ်းစ်ကင်မရွန်တော့ ထမင်းငတ်မှာ မြင်ယောင်သေး"

"ဟောလိဝုဒ်မသွားခင် နီးနီးနားနား ဟိုကို အရင်သွားပါလား"

ယုယက ဝင်အကြံပေးသည်။

"ဘယ်ကိုလဲ"





"ဘော ဘော ဘော"

"မင်း မိုက်ရိုင်းလှချည်လား ယုယ"

သုခက ထကန်တော့မလိုလုပ်တော့မှ –

"ဘောလိဝုဒ်ကို ပြောတာပါ"

"ဟား ဟား"

"ဟား ဟား ဟား"

"အဟင်း ဟင်း"

ရယ်သံတွေဝေစီလျက်။

"ဩော် ... စကားမစပ် ကော်ရုပ်က ကိုယ့်ကိုချစ်လား"

အဆက်အစပ်မရှိသော သူ့အမေးစကားကြောင့် သူ့စကားကို ရင်ခွင်ထဲကသူမက ပြုံးပြုံးလေးမော့ကြည့်ရင်း ခေါင်း လေးတစ်ချက်အညိတ်။

အိုး။

ကမ္ဘာပေါ်က ပန်းတွေအားလုံး ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ မျက်ရည်တွေနှင့် သူတို့နှလုံးသားတွေ ရယ်နိုင်ကြပါပြီ။

မျှိုသိပ်ထားရတဲ့ ချစ်ခြင်းတွေလည်း အပြင်ကို ခုန်ထွက်လာကြပါပြီ။

သူ့ရင်ဘတ်သည်လည်း အခုမှ မိုးစင်စင်လင်းသွားခဲ့လေပြီ။

ဟော ... အခုတော့။

သူသိပ်ချစ် သိပ်မြတ်နိုးရသော

ကော်ရုပ်လေးတစ်ရုပ် သူ့ရင်ထဲမှာ

ရယ်လို့ မောလို့။

ပရိသတ်များအား

အမြဲထာဝရ လေးစားတန်ဖိုးထားလျက်

Facebook.Khit Pyo Phyu

Likepage. ခေတ်ပျိုဖြူ




၂၀၁၅

မွန်လာတွင် ဖတ်နိုင်ပါပြီ

**မမသန္တာမောင်**

'လ' ကိုစားသည့် ဗိုင်းရပ်စ်'နေ'

**ကြယ်စင်မှူးဝေ**

ညာဘက်ပါးလေး ညာမွေးသွားတဲ့ မိုး

**မိုးစက်မှင်**

ရင်ငြိမ်းမီး

**အလင်းသစ်**

နှလုံးသားတစ်ခု အပိုဆုပေးပါ

**ခေတ်ပျိုဖြူ**

ကော်ရုပ်

**လှိုင်းကြာဖြူ**

နူးညံ့တဲ့ အမိန့်တော်တိုင်း


www.burmeseclassic.com